www.burmeseclassic.com

စံလှစာပေ

တချိအကျော်

# ပန်းမော်ဆရာတော်

## စွယ်စုံပုံပြင်များ



နေဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၆/၂၀၀၁(၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃/၂၀၀၃ (၄)

**ပုံနှိပ်မှတ်တမ်း**

၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ၂၅၀

**ထုတ်ဝေသူ**

ဒေါ်မြမြကြွေ (စံလူစာပေတိုက်)၊ (မြ- ၀၁၃၆၄)

အမှတ်(၁၈၀)၊ ၂၉-လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးဆန်းနိုင် (စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်)၊ (မြ- ၀၂၂၀၉)

၂၆၄/၂၆၈၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

" စံလူစာပေတိုက် "

အမှတ် ၁၈၀၊ ၂၉-လမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၂၄၆၆၂၀

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

BURMESE CLASSIC

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဒါန်းစကား | |
| ၁ | ဗန်းမော်ဆရာတော်မိတ်ဆက် | ၃ |
| ၂ | မမင်းမှိန်အပျိုကြီး | ၇ |
| ၃ | လက်တန်းဉာဏ်ရှင်သူ | ၁၀ |
| ၄ | အစကတည်းကသပက္ကိုတလိုကျက်ထားပါလား | ၁၃ |
| ၅ | သင်းပိုင်သဲပေမှာစိုးလို့ | ၂၉ |
| ၆ | လဲသေလူနီးပွေးစွဲသူ | ၃၆ |
| ၇ | ဘိက္ခုနီအာဇာနည်မယ်ကင်း | ၃၉ |
| ၈ | နှင်းရည်ဥသလိုပုံပြင် | ၄၄ |
| ၉ | နအောက်ပေါက်ကပိုကောင်းသည် | ၅၃ |
| ၁၀ | အချိန်နှင့်လုပ်ကြပါ | ၅၉ |
| ၁၁ | ကျေးဇူးကြီးလွန်းလို့ပါ | ၆၄ |
| ၁၂ | ကံ၊ ဉာဏ်၊ ဝီရိယညီညွတ်မျှတမှသာလျှင် | ၆၉ |
| ၁၃ | ငွေစမြင်မှ ကြင်တတ်သည် | ၇၆ |
| ၁၄ | မြွေဆိပ်ပမာအရက်သေစာ | ၈၃ |
| ၁၅ | ငို၍ရယ်၍မရသော | ၈၇ |
| ၁၆ | ရှင်းနည်း | ၉၀ |
| ၁၇ | ဝသီဆိုးချိုးလိုက်ချင်သူ | ၉၆ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | သန့်လျက်သွားအမေးအဖြေ | ၁၀၀ |
| ၁၉ | စိန္တိတ်တုန်း ပုဆိုးပြန် | ၁၀၃ |
| ၂၀ | ပညာဆိုတာ | ၁၀၈ |
| ၂၁ | ဆုတစ်ဆယ့်ငါးပါး | ၁၁၂ |
| ၂၂ | နောက်တစ်ခေါက်မှလိုက်တော့မယ် | ၁၁၉ |
| ၂၃ | စိတ်ကူးယဉ်ရိုက်ချက် | ၁၂၆ |
| ၂၄ | အနီးကပ်ရန်သူ | ၁၃၀ |
| ၂၅ | ကိုပေါက်နှင့်မကောက် | ၁၃၈ |
| ၂၆ | အကောင်းဆုံးမှီဆွမ်းတော်တင်ထားပါတယ် | ၁၄၃ |
| ၂၇ | ငါ့ကိုမကြိုက်နဲ့ | ၁၄၆ |
| ၂၈ | စာချိုးဝါသနာ | ၁၅၃ |
| ၂၉ | နိုထမင်းဆိုသည်မှာ | ၁၅၆ |
| ၃၀ | ပညာသုံးခုငွေသုံးရာ | ၁၆၁ |
| ၃၁ | တစ်မြောက်တည်းတည့်အောင်ဓ | ၁၆[illegible] |
| ၃၂ | ပျိုးနုတ်သမားနှင့်တူသော | ၁၇၂ |
| ၃၃ | ယောင်သုံးဆယ် | ၁၇၇ |
| ၃၄ | ဓောက်ချင်းတူမှတော့ | ၁၈၀ |
| ၃၅ | ထိပ်ပုတ်စတမ်း | ၁၈၅ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆ | အလျှောက်တောင်းသူ | ၁၉၂ |
| ၃၇ | ငါးချဉ်ကလေးများဝယ်လိုက်ကြပါဦး | ၁၉၅ |
| ၃၈ | နင်တို့လင်သံတော်ဦးတင်လိုက်ကြ | ၁၉၈ |
| ၃၉ | အနက်မထင်အပြင်မှားသလို | ၂၀၂ |
| ၄၀ | စာချိုးအကျော်ဗန်းမော်ဆရာတော် | ၂၀၆ |
| ၄၁ | ဇာတ်ဆရာမောင်ဟိန်းဘီလူးကြိမ်းမှားသလို | ၂၁၄ |
| ၄၂ | ကုပ်တိုင်းမကောင်း | ၂၁၇ |
| ၄၃ | မြောက်မှာမှူရဲ့ တောင်မှာတံငါကွန် | ၂၂၄ |
| ၄၄ | တောထွက်မောင်ဘဲ | ၂၂၉ |
| | နိဂုံးစကား | |

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်းစကား

'စာချိုးအကျော် ဗန်းမော်ဆရာတော်... စွယ်စုံပုံပြင်များ' နှင့် နီးနွယ်ဆက်စပ်၍ အနည်းငယ်မျှ တင်ပြလိုပါသည်။

မျိုးဆက်သစ်လူငယ်လူရွယ်တိုင်း ဖတ်ချင့်စဖွယ်ဖြစ်အောင် ခေတ်စကားပြေဖြင့် ရေးသားထားပါသည်။

ဆရာတော်၏ စာချိုးများသည် ခေတ်အဆက်ဆက်ပြောစမှတ်ပြုလောက်အောင် ထင်ရှားခဲ့ပါသည်။ စာချိုးကြောင့် ကောင်းကျိုးများ ပွားခဲ့သလို ဆရာတော်၏ထက်လွန်းမှုကြောင့် အခက်တွေ့ခဲ့ရသည်များကိုလည်း ဆင်ခြင်နှလုံးသွင်းသင့်ပါသည်။

ပုံပြင်အနေဖြင့် သာမက ခေတ်ဝတ္ထုအသွင်ဖြင့်ပါ ရေးဖွဲ့ထားပါသည်။

လိုအပ်သောနေရာများတွင် အောက်ခြေမှတ်စုများဖြင့် ရှင်းလင်းဖော်ပြထားပါသည်။ ဤစွယ်စုံပုံပြင်များမှ ဘဝသင်ခန်းစာများကို ရရှိစေနိုင်ပါသည်။ ဘဝအမြင်

www.burmeseclassic.com

www.burmeseclassic.com



အတွေး ကြည်လင်စေနိုင်မည့်သာကေများ၊ ရွှင်ပြုံး စိတ်ဘဝင်ငြိစရာများလည်း ဖတ်ရှုရပါလိမ့်မည်။

ငယ်စဉ်က သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်တွင် အထက်တန်းပညာ ဆည်းပူးစဉ်က နေရှင်နယ်ကျောင်းဆရာကြီး ဦးဘသင်ပြောခဲ့သည့်စကားကို ယနေ့တိုင် အမှတ်ရနေပါသည်။

"အားလုံးကို မေ့ထားပါ။ ဒါပေမယ့် အချိန်ကိုပဲယုံပါ" ဆရာက လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှိတ်စပီးယား၏ စကားကို ကိုးကား၍ ပြောဆိုခဲ့ပါသည်။ မရှည်လျားပါ။ မကျယ်ပြန့်လှပါ။ အဓိပ္ပာယ်မခက်လှပါ။ သို့သော် ဘဝခရီးတစ်လျှောက်လုံး အသုံးဝင်နေသည်ကို ကြာလေ သတိထားမိလေ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဆရာများ၏ကျေးဇူးကို ထာဝစဉ် မှတ်ထင်ကြည်ညိုနေခြင်းဖြစ်ပါသည်။

ဤ 'စွယ်စုံပုံပြင်များ' သည်လည်း ဘဝခရီးအတွက် ကောင်းစွာ အကျိုးပြုသင်ခန်းစာပေးပါလိမ့်မည်။

ဤစာအုပ်ငယ်ဖြင့် ဗန်းမော်ဆရာတော်အားလည်းကောင်း၊ ဆရာများအားလည်းကောင်း ပူဇော်ပါသည်။

နေဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ဖန်းမော်ဆရာတော်မိတ်ဆက်

ဖန်းမော်ဆရာတော်သည် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အလွန်ထင်ရှားကျော်စောသည်။ ပဲခူးတိုင်း၊ ရွှေတောင်မြို့၊ ကွမ်းညှပ်စင်ရွာ၌ မြန်မာသက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် ဖွားမြင်ပါသည်။

ငယ်မည်မှာ **'မောင်ဖြူဝင်း'** ဖြစ်ပါသည်။ ရဟန်းဘွဲ့မှာ ဦးပဏ္ဍိတ ဖြစ်ပါသည်။ ဖန်းမော်ဆရာတော်သည် သင်္ဂါဇာဆရာတော်၊ ရွှေကျင်ဆရာတော်၊ အမာပန်းဆရာတော်တို့နှင့် ခေတ်ပြိုင်ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးက **'ပဏ္ဍိတ ဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် သက်န်းနိုင်စကပင် ကိုရင်ဝတ်ခဲ့သည်။ ရတနာပုံနေပြည်တော်သို့ တက်ကာ စာပေပရိယတ္တိသင်ယူသည်။ ရတနာပုံနေပြည်တော်ကား သာသနာထွန်းကားစည်ပင်ရာဖြစ်ပါသည်။ အနယ်နယ် အရပ်ရပ်မှာသံဃာတော်များ စုဝေးရောက်ရှိရာလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဆွမ်းကွမ်းကိစ္စ အခက်အခဲ ရှိတတ် သည်။ အထူးသဖြင့် ငယ်ရွယ်သူရှင်သာမဏေများအတွက် ပို၍ အခက်အခဲ ရှိတတ်သည်။ အထူးသဖြင့် ငယ်ရွယ်သူရှင်သာမဏေများအတွက် ပို၍ အခက်အခဲ ရှိတတ်သည်။ ဤဒုက္ခကို ကြာကြာမခံနိုင်ဘဲ ကိုရင်ပဏ္ဍိတသည်လည်း ကွမ်းညှပ်စင်ရွာသို့ လူထွက်ကာ ပြန်ခဲ့သည်။

ရွာတွင်လည်း ကြာကြာမနေနိုင်။ ကိုရင်ပြန်ဝတ်သည်။ နေပြည်တော်သို့ သွားသည်။ စာပေကို ကြိုးစားသင်ယူသည်။ မြင်းဝန်မင်းကြီး၏ ကောင်းမှုကြောင့် စာပြန်ပွဲဝင်သည်။ ထိပ်ဆုံးမှ အောင်မြင်သည်။

ရှင်ပဏ္ဍိတသည် သာမဏေဘဝကပင် စာစပ်ဝါသနာပါသည်။ ကဗျာဖွဲ့ဆိုမှု၌ နိုင်နင်းသည်။ သက်တော်(၂၁)နှစ်တွင် မိဖုရားခေါင်ကြီးက ပဉ္စင်းခံပေးသည်။

ဘိုးတော်မင်းတရားကြီး၏ မိဖုရား ဝေသာလီမင်းသမီး၊ ဇန်းမော်မြို့စား ဥပေါတရာ ဆောက်လုပ်လှူဒါန်း

www.burmeseclassic.com



သော ဇန်းမော်ကျောင်းတိုက်တွင် သီတင်းသုံးသည်။ ထို့ကြောင့် ဇန်းမော်ဆရာတော်ဟု တွင်သည်။

ကဗျာစာဆိုကျော် စလေဦးပုညသည်ပင်လျှင် ဆရာတော်ထံ ဝင်ရောက်ကာ နည်းယူသည်။ အားကိုးအားထား ပြုသည်။

ဆရာတော်သည် သာသနာရေး၊ တိုင်းရေးပြည်ရေးတို့တွင် အမှုမဲ့ အမှတ်မဲ့မနေ။ တစ်ပါးသူတို့၏ ကောင်းကျိုးဆိုးပြစ်များကိုလည်း အမြဲပင် ဆင်ခြင်သုံးသပ်လေ့ရှိပါသည်။

ဆရာတော်သည် မိမိမှန်သည်ထင်လျှင် ဆိတ်ဆိတ်မနေဘဲ ပြောတတ် ရေးတတ်သည်။ ထို့ကြောင့်လည်း တစ်ခါသော် မင်းဒဏ်သင့်သည်။ ဇန်းမော်သို့ ပြောင်းရွှေ့သီတင်းသုံးစေသည်။ ကာလအတန်ကြာမှ မိဖုရားခေါင်ကြီး၏ လျှောက်ထားမှုကြောင့် ဇန်းမော်မြို့မှ ပြန်လည်ပင့်ခေါ်သည်။ ဆရာတော်သည် မန္တလေးသို့ မပြန်ဘဲ မင်းကွန်းဘက်တွင်သာ သီတင်းသုံးနေထိုင်တော်မူသည်။

ဇန်းမော်ဆရာတော်သည် ဖက်သည်။ ဝိနည်းအရာတွင် ကျွမ်းကျင်နှံ့စပ်သည်။ ဆရာတော်သည် ရှုပ်လက္ခဏာကြံ့ခိုင်ခဲ့သားသည်။ အသံတော်သည်လည်း လွန်စွာ နက်

www.burmeseclassic.com



ကျယ်ပြတ်သွားသည်။ ဆွမ်းဘောဇဉ်ဘုဉ်းပေးရာ၌လည်း သာမန်ရဟန်းတော်တို့ထက် ပိုမိုဘုဉ်းပေးတော်မူနိုင်သည်။

မင်းကွန်းချောင်တွင် သီတင်းသုံးတော်မူစဉ် သိမ်သမုတ်စဉ် လိုက်နာရမည့် နည်းအဝဝကို ကျောက်ထက်အက္ခရာထိုး၍ မော်ကွန်းတင်ခဲ့သည်။

ဆရာတော်ပြုစုခဲ့သောကျမ်းများမှာ –

၁။ ဏာထိနဝိသောဓနီကျမ်း

၂။ ဝိနယဓရေဇဟုသုတဝိနိစ္ဆယ

၃။ ဝိဝဋ္ဋဘောဒနီကျမ်း

၄။ သီမဘောဒဝိဘာဝနီကျမ်း

၅။ အသုဘာဒဿနဝိနိစ္ဆယ နှင့်

၆။ ဥပုသ်အဆုံးအဖြတ် တို့ဖြစ်သည်။

ဗန်းမော်ဆရာတော်သည် မြန်မာသက္ကရာဇ် ၁၂၃၉ ခုနှစ် ဝါဆိုလ သက်တော် ၇၁–နှစ်တွင် စစ်ကိုင်း၊ ခိုတောင်တောရ၌ ပျံလွန်တော်မူသည်။

ဆရာတော်၏စာ၊ ဆရာတော်၏ ဥပမာ၊ ပုံ၊ ထုံးတို့ကား ယနေ့တိုင်မှတ်ယူနည်းမှီ၍သုံးမကုန်နိုင်သောပညာသမုဒ္ဒရာကြီးနှင့် တူလှပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ မမင်းမှိန်အပျိုကြီး

ရတနာပုံနေပြည်တော်တွင် မပျော်မွေ့သော ကိုရင်ပဏ္ဍိတသည် လူဝတ်လဲကာ မိမိဇာတိမြေ ကွမ်းညှပ်စင်ရွာသို့ ပြန်ခဲ့စဉ်က ဖြစ်သည်။

လူပျိုပေါက်မောင်ဖြူဝင်းသည် သူငယ်ချင်းမိတ်ဆွေများနှင့် လည်ပတ်စဉ် ညောင်ပင်ကြီးတစ်ပင်အနီးသို့ ရောက်သည်။ ထိုညောင်ပင်ကြီးအောက်၌ မိန်းမပျိုတစ်စုလည်း ရှိနေ ရောက်ရှိနေကြသည်။ ထိုစဉ် မမင်းမှိန်ဆိုသူ မိန်းမပျိုတစ်ဦးက အမှတ်မထင် လေလည်လိုက်မိသည်။ ဤတွင် မောင်ဖြူဝင်းက ကျောက်ကာင်ကာနှင့် —

www.burmeseclassic.com

www.burmeseclassic.com



ရွှေညောင်ပင်သာသည့်ကုန်း
စုရုံး၍ နေကြရာ။
မမင်းမိုန်အပျိုကြီးရယ်
အီးညစ်လို့ပါ...။

ဟူ၍ စာချိုးလိုက်လေသည်။

မောင်ဖြူဝင်း၏ စာချိုးမှာ အလွန်ထိမိသည်။ ထို့ကြောင့် တဝါးဝါးပွဲကျသွားသည်။ မမင်းမိုန်မှာလည်း ခေါင်းမဖော်နိုင်အောင် အရှက်ရတော့သည်။

ရတနာပုံနေပြည်တော်ပြန် ကိုရင်လူထွက် စာတတ် မောင်ဖြူဝင်းကို 'ငစွန်' သည် နကိုကတည်းက ကြည့်၍ မရ။ ငစွန်သည် မမင်းမိုန်၏မောင် ဖြစ်သည်။ ယခုနှမဖြစ်သူကို မောင်ဖြူဝင်းက စာချိုးပြီး အရှက်ခွဲသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ဒေါသထွက်ကာ ဆဲသည်။ ဤသည်ကိုပင် မောင်ဖြူဝင်းက ဆက်၍ စာစပ်လိုက်ပြန်သည်။

မလိမ္မာ ဗာလာနမိုက်ခဲ။
သူ့အစ်မ စအိုတွန်လို့၊
မောင်ငစွန်မျက်မာန်ရှတယ်
ဒေါသနဲ့ဆဲ။

ဝါးခနဲ ရယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာချိုးကလည်း ထိမိလွန်းသည်။

ရှက်ဒေါ်သထွက်နေသော ငစွန်ပင် ရှက်ရယ်ရယ်မိတော့သည်။ မမင်းမှိန်မှာလည်း တစ်ရှက်ပေါ်နှစ်ရှက်ဆင့်ဒေါ်သလည်း မထွင့်ရဲ။ မျက်နှာနီရဲရဲကလေးနှင့် အိမ်သို့ သုတ်ခြေတင်ရတော့သည်။

ဗန်းမော်ဆရာတော်ဖြစ်လာမည့် မောင်ဖြူဝင်းကား တောက်မည့်မီးခဲ တရဲရဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ လက်တန်းဉာဏ်ရှင်သူ

မောင်ဖြူဝင်းသည် ကွမ်းညှပ်စင်ရွာတွင်လည်း ကြာကြာမနေနိုင်။ ကိုရင်ဝတ်ပြန်သည်။ နေပြည်တော်သို့ ရောက်သည်။ စာပေကျမ်းဂန် လေ့လာဆည်းပူးသည်။

ဘာသနာပိုင်ဗားကရာဆရာတော့်ထံတွင် ဖြတ်ထုံး ရေး ရဟန်းအဖြစ်လည်း နေဖူးသည်။

ကြာလေ ရင့်လေ၊ အနှစ်ပြည့်လေဖြစ်သည်။

စာချိုးစာဇပ်ဝါသနာလည်း မစွန့်လွှတ်နိုင်ပါ။

ကဗျာဉာဏ်လည်း အမှန်ပင် ရှင်သန်လှသည်။

ပဉ္စင်းပျိုဘဝက လက်တန်းစာချိုးတစ်ခုသည်လည်း ပြောစမှတ်ဖြစ်အောင် ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသော် ရွှေတောင်မှ အလုံတာက်သို့ ခရီးထွက်ခဲ့သည်။ ခရီးခုလတ် 'ကြမ်းဖြုံ' ဟူသော ရွာသို့ ရောက်သည်။ ရွာထဲရှိ ကျောင်း၌ ဝင်၍ တည်းခိုလေသည်။

ကျောင်းထိုင်ဘုန်းတော်ကြီးက ဦးပဉ္စင်း ဦးပဏ္ဍိတ၏ သတင်းစကားကို တစ်စွန်းတစ်စကြားဖူးထားသည်။ ထို့ကြောင့် ကဗျာဉာဏ်ကို စမ်းလိုသည်။

ကြမ်းဖြုံရွာအကြောင်း၊ ဘုန်းတော်ကြီး အမြဲစားနေသော ကွမ်းအစ်နီကြီးအကြောင်း၊ ဘုန်းကြီးတူအရင်းသာပေါ် အကြောင်း၊ အစားအသောက် မဆင်ခြင်သဖြင့် ဝက်ဖျားရောဂါစွဲကပ်နေသည့်အကြောင်း၊ ငယ်စဉ်ကတည်းက ထိုးထားသည့် ထိုးကွင်းမင်ကြောင်များ အကြောင်းစသည်တို့ အစုံပါအောင် ကဗျာစပ်ခိုင်းသည်။

ဦးပဉ္စင်း ဦးပဏ္ဍိတက မဆိုင်းမတွပင် –

**ကွမ်းအစ်ကြီး နီတာရဲနှင့်**
**ကြမ်းဖြုံမှာ သူပျော်**
**သာပေါ်တို့ တူဝရီး။**
**ထိုးကွင်းမင်ကြောင်နှင့်**
**တွေ့မရှောင်အလွန်စားတယ်**
**ဖျားတဲ့ခင်ကြီး။**

ဟူ၍ စပ်ဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းငြိဘုန်းတော်ကြီးမှာ များစွာပင် သဘောတွေ့ခဲ့လေသည်။ ကြမ်းပြင်ကျောင်းငွင် သီတင်းသုံးပါရန် မင့်ဖိတ်လေသည်။

ဗန်းမော်ဆရာတော်လောင်းက လက်မခံခဲ့ပါချေ။ ဆွမ်းစားအနားယူပြီးနောက် အလုံသို့ခရီးဆက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ အစကတည်းက ပဏ္ဍိတလို့ ကျက်ထားပါလား

ရတနာပုံနေပြည်တော်သည် ဗုဒ္ဓသာသနာတော်ထွန်းကားသည်။ မင်းတုန်းမင်းတရားကြီးသည်လည်း သာသနာပြုမင်း ဖြစ်သည်။ မင်းမှုထမ်းတို့သည်လည်း မင်းတရားကြီး၏ အလိုတော်အတိုင်း သာသနာတော်ကိစ္စကို အားကြိုးမာန်တက်ဆောင်ရွက်ကြရသည်။

မင်းတုန်းမင်းတရားကြီး ကိုယ်တိုင်ကြီးမှူး၍ စာပြန်ပွဲတော် ကျင်းပသည်။ မင်းမှုထမ်းတို့သည်လည်း စာပြန်ပွဲတော်ဝင်မည့် စာဖြေသံဃာရရှိအောင် ကြိုးစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာဖြေသံဃာများများသွင်းနိုင်လျှင် အသင့်မြင့်မြင့်နှင့် စာအောင်သံဃာများများရလျှင် ထိုမင်းမှုထမ်းသည် မျက်နှာပန်းလှသည်။ မင်းတရားကြီး၏ ချီးမြှင့်မြှောက်စားမှုကိုလည်း ခံရပါသည်။

မြင်းဝန်ကျောင်းတိုက်ဒကာ မြင်းဝန်သည် ခရီးလွန်နေခဲ့သည်။ နေပြည်တော်သို့ ပြန်ရောက်သည်တွင် စာပြန်ပွဲတော်အတွက် အချိန်နီးနေပြီ။ မြင်းဝန်မင်းတွင် စာဖြေသံဃာ မရှိသေး။ ထို့ကြောင့် မြင်းဝန်ကျောင်းတိုက်သို့ သွားကာ ဆရာတော်ထံ စာဖြေသံဃာတောင်းလေသည်။

မြင်းဝန်မင်း နောက်ကျလေသည်။

ကျောင်းတွင်ရှိသော ဦးပဉ္စင်းများကို အခြားဝန်ကြီးများ၊ အမတ်များက ယူသွားကြလေပြီ။ ကိုရင်ကြီး ပဏ္ဍိတတစ်ပါးသာလျှင် ကျန်တော့သည်။

မြင်းဝန်မင်းက ဆရာတော် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ ညိုမောင်းထွားကျိုင်းလှသော ကိုရင်ကြီးကို တွေ့ရသည်။ ကျောင်းတိုင်ကို မှီပြီး ငိုက်နေဟန်တူသည်။ ပြင်ပပုံသွင်ပြင်ကို ကြည့်ကာ မြင်းဝန်မင်းသည် သဘောမတွေ့လှ။ အစားကြီး အပျင်းထူ လေးကန်ထိုင်းမှိုင်းသည့် ပုံစံမျိုး ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းဝန်ကျောင်းတိုက်တစ်တိုက်လုံး လှူဒါန်းနိုင်ပါလျက် စာဖြေသံဃာတစ်ပါးသော်မျှပင် မသွင်းနိုင်ပါက မျက်နှာပန်းလှမည်မဟုတ်။ မင်းတရားကြီးကလည်း အပြစ်တင်ချိမ့်မည်။ ထို့ကြောင့် စိတ်ဆန္ဒက အလိုမကျလှသော်လည်း ကိုရင်ကြီး ပဏ္ဍိတကို ပင့်ယူလိုက်ရသည်။

"ကိုရင် ပဏ္ဍိတ"

ဆရာတော်က ကိုရင်ကြီး ပဏ္ဍိတကို ခေါ်သည်။

"တင်ပါ့ဘုရား"

"ဟောဒီ မြင်းဝန်မင်းက ကိုရင့်ကို စာဖြေသံဃာအဖြစ် ယူတယ်၊ ကိုရင် ပဏ္ဍိတက စာကျက်ရမယ်"

"တင်ပါ့ဘုရား၊ စာပြန်ပွဲဝင်ရမယ်ဆိုရင် စာကျက်ရမှာပေါ့ဘုရား။ စာကျက်ချိန်များများရအောင် ဆွမ်းမခံရရင် ပိုပြီးကောင်းပါမယ်ဘုရား"

ကိုရင်ကြီး ပဏ္ဍိတသည် ဆွမ်းခံရမည်ကို လန့်သည်။

ဆွမ်းကွမ်းအရနည်းသည်ကလည်း အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် မြင်းဝန်မင်းကို အရေးဆိုကြည့်ခြင်း ဖြစ်သည်။ မြင်းဝန်ကျောင်းတိုက်ဆရာတော်ကလည်း ကိုယ်တော်ပျိုတို့၏ ဆွမ်း အခက်အခဲဒုက္ခကို သိရှိနားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပေသားပဲ မြင်းဝန်မင်း၊ ဒကာကြီးကကော ကိုရင်ကြီးရဲ့ ဆွမ်းကိစ္စ တာဝန်ယူနိုင်ပါ့မလား"

"ယူပါ့မယ်ဘုရား"

မြင်းဝန်မင်းက အာမဘာန္တေ ခံသည်။

နံနက်တိုင်း မိမိနေအိမ်သို့ ဆွမ်းစားကြွပါရန် ကိုရင်ပဏ္ဍိတကို မြို့ဝန်မင်းက ပင့်ဖိတ်သည်။

နောက်တစ်နေ့နံနက်တွင် မြင်းဝန်မင်း၏ နေအိမ်သို့ ကိုရင်ပဏ္ဍိတ ဆွမ်းစားကြွသည်။ မြင်းဝန်မင်းကတော်သည် ကိုရင်ကြီးရောက်မှ ဆွမ်းပွဲပြင်ရသည်။

ဆွမ်းပွဲလာချသည်။

ဆွမ်းဟင်းတစ်ခေါက် ပြန်ယူသည်။

ကိုရင် ပဏ္ဍိတသည် ဆွမ်းချည်းဘုဉ်းပေးထား သည်။

ဆွမ်းဟင်းလာချသော ဝန်ကတော်သည် ဆွမ်းကုန် နေကြောင်းတွေ့ရသဖြင့် ဆွမ်းဟင်းချက်ထားပြီး ဆွမ်းသွား ရှူးသည်။ ကိုရင် ပဏ္ဍိတက ဆွမ်းဟင်းချည်းဘုဉ်းပေးထား သည်။

ဝန်ကတော် ဆွမ်းရှူးပြီးပြန်လာသောအခါတွင် ဆွမ်း ဟင်းမှာ ကုန်နှင့်နေပြီ။ သို့နှင့် ဆွမ်းချပြီး ဟင်းသွားခပ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြန်လာသောအခါ ဆွမ်းချည်းဘုဉ်းပေးထားနှင့် ကြောင်း တွေ့ရသည်။

ဆွမ်းဟင်းခွက်ချပြီး ဆွမ်းခူးရပြန်သည်။

ကိုရင်ကြီး ပဏ္ဍိတသည် ဆွမ်းဟင်းတစ်လှည့် ဆွမ်း တစ်လှည့် ဘုဉ်းပေးပြီး ဖြစ်နေသည်။ ဝန်ကတော်သည် လည်း ဆွမ်းတစ်လှည့်၊ ဆွမ်းဟင်းတစ်လှည့် ခေါက်တုန့် လူးလာဖြစ်နေသည်။ ကိုရင်ပဏ္ဍိတ တစ်ပါးတည်း ဘုဉ်းပေး သည်မှာ မြင်းဝန်မင်း တစ်အိမ်လုံးစာ ကုန်သည်။

**<u>မှတ်ချက်</u>။ ။ဗန်းမော်ဆရာတော်သည် ဆန်ဖြူ တစ်ခွက်ချက်၊ စာကလေးတစ်ပိဿာ၊ ဝက်သားတစ်ပိဿာ၊ အမဲသား တစ်ပိဿာ၊ ဟင်းချိုဖရုံကြီး ၃–ဖရုံ၊ မုန့် ဆီကြော် ၃–ယှက်၊ နို့သာပုဂ္ဂက်မျော ၆–ဖီး၊ မန်ကျည်း ဖျော်ရည် ၃–ပိဿာတို့ကို တစ်ထိုင်တည်း ကုန်အောင် ဘုဉ်းပေးနိုင်သည်ဟု ဆိုကြသည်။**

ကိုရင် ပဏ္ဍိတသည် ဆွမ်းစားပြီးနောက် ကျောင်းသို့ ပြန်သည်။ မြင်းဝန်မင်းလည်း ညီလာခံစသည်နှင့် အိမ်သို့ ပြန်သည်။ မြင်းဝန်မင်းကတော်က ကိုရင်ပဏ္ဍိတအား ဆွမ်း ကပ်ရပုံ အလုံးစုံကို ပြောပြတိုင်ကြားလေသည်။ နေ့ဆယ် ခင်းတွင် ကိုရင်ပဏ္ဍိတ စာကျက်မကျက် စုံစမ်းရန် မြင်းဝန် ကျောင်းတိုက်သို့ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ပဏ္ဍိတကို တွေ့ပါသည်။ စာမကျက်၊ ာကျန်း ခြုံကာ ကျိန်းစက်နေသည်။ မြင်းဝန်မင်း စိတ် ကြည်။ ထို့ကြောင့် ဆရာတော်အား တိုင်ကြားလျှောက် ားလေသည်။ ဆရာတော်လည်း ချက်ချင်းပင် ကိုရင် ဏ္ဍိတကို ခေါ်လေသည်။

"ကိုရင်ပဏ္ဍိတ"

"တင်ပါ့ဘုရား"

"သူပေးတဲ့ ဆွမ်းကို စားရင် သူပေးတဲ့တာဝန်ကို ကျေရတယ် ကိုရင်။ မြင်းဝန်မင်းက ကိုရင်စာကျက်ချိန် ့အောင် ဆွမ်းဖိတ်ကျွေးတာ အချိန်တွေကို တန်ဖိုးရှိအောင် ခံသုံးချမှပေါ့"

ဆရာတော်က မိန့်ကြားသည်။

"မှန်လှပါဘုရား၊ နက်ဖြန်ကစပြီး စာကျက်တာကို တွေ့မြင်ရပါစေ့မယ် ဘုရား"

ကိုရင်ပဏ္ဍိတက ရဲဝံ့စွာ အာမခံသည်။

နောက်တစ်နေ့တွင် မြင်းဝန်မင်းအိမ်တွင် ဆွမ်းစား ပြီးနောက် ကိုရင်ပဏ္ဍိတ ကျောင်းသို့ ပြန်လာသည်။ ရောက် သည်နှင့် ဇာတ်သိကို ချွတ်သည်။ သင်းပိုင်ကို ခါးတောင်း ကျိုက်သည်။ ကျောင်းလှေကားလက်ရန်းပေါ်ခွထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှောဆင်းလိုက် ပြန်တက်လိုက်ပြုရင်း အော်၍ စာကျက်နေလေသည်။

မြင်းဝန်မင်းရှေ့ကလာပြီး ကလေးဆန်သော အပြုအမူနှင့် စာကျက်နေသော ကိုရင်ပဏ္ဍိတကို တွေ့မြင်သည်။

"သည်မျှ ကလေးဆန်သော ကိုရင်သည် စာပြန်ပွဲတွင် ဟန်မှ ဟန်ပါ့မလား" ဟု တွေးမိသည်။

နှုတ်ကမူ မည်သို့မျှမပြော၊ စိတ်ထဲကမူ သဘောမတွေ့လှ။ ကိုရင်ပဏ္ဍိတကား ဘာမျှမမှု။ လက်ရန်းပေါ်တွင် ပင် တစ်နေကုန်အော်၍ စာကျက်နေလေသည်။

ကိုရင်ပဏ္ဍိတကား၊ ညိုညိုမောင်းမောင်း ထောင်ထောင်မြင့်မြင့် ဖြစ်သည်။ ရုပ်လက္ခဏာ၊ သဒ္ဒလက္ခဏာနှင့် ပြည့်စုံသည်။ လူလုံးထွားသလောက် အသံကလည်း အောင်မြင်သည်။ မြင်းဝန်ကျောင်းတိုက် တစ်တိုက်လုံး ကိုရင်ပဏ္ဍိတ၏ စာကျက်သံ လွှမ်းခြုံ၍နေသည်။

ကိုရင်ပဏ္ဍိတသည် သူ့အလုပ်တွင်သာ သူ့အာရုံကို နှစ်၍ နေသည်။ ဘေးပတ်ဝန်းကျင်ကို သတိမထား။ သူ၏ ထူးခြားကျယ်လောင်အောင်မြင်သောအသံကြောင့် အခြားတစ်ပါးသော ရဟန်းသံဃာတို့ကို အနှောင့်အယှက်ဖြစ်၍ နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော်မှာ မနေသာတော့။ ကိုရင် ပဏ္ဍိတ ကို ခေါ်ရတော့သည်။

"ကိုရင်ပဏ္ဍိတ"

"တင်ပါ့ဘုရား"

"ကိုရင် စာကျက်တာကလဲ အော်လှချည်လား"

"ဆရာတော်ပဲ သူပေးတဲ့ဆွမ်းကိုစားရင် သူပေးတဲ့ ဘာဝန်ကို ကျေရတယ်ဆို"

"အေး...ဟုတ်တယ်။ တာဝန်လဲကျေရမယ်၊ စာလဲ ကျက်ရမယ်။ သူများတွေ စာကျက်သလို တိုးတိုး ကျက်မှ ပေါ့။ ခုတော့ ဆွမ်းစားပြီးကတည်းက အသံကုန်အော်ကျက် နေတာ။ စာကျက်တာတော့ ကောင်းပါတယ်။ ဒါပေမယ့် တစ်ကျောင်းလုံး နင့်အသံက လွှမ်းနေတော့ ဒီပြင်ရဟန်းတွေ စာကျက်လို့မရတော့ဘူး"

"မှန်လှပါဘုရား၊ တပည့်တော်လဲ စာကို တိုးတိုး ကျက်လို့ မရဘူးဘုရား"

"အင်း...တခြားစာသင်သားတွေလဲ ငါ့ဦးမှပေါ့ ပဏ္ဍိတရဲ့။ နင့်ကြောင့် သူများတွေ အနှောင့်အယှက် ဖြစ်လာပြီ"

ကိုရင်ပဏ္ဍိတမှာ အခက်တွေ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဆုံးမသည်မှာလည်း ဟုတ်မှန်ကြောင်း တွေးမိသည်။ မိမိကြောင့် သူတစ်ပါးကို အနှောင့်အယှက် မဖြစ်ရဟူသည်ကိုလည်း သဘောပေါက်သည်။

ထို့ကြောင့် အခြားဘစ်ပါးသော ရဟန်းများကို အနှောင့်အယှက်မဖြစ်အောင် စာကျက်ပါမည်ဟု ဆရာတော်အား ကတိပေးသည်။

နောက်တစ်နေ့တွင် ကိုရင်ပဏ္ဍိတသည် စာကျက်ရန် နေရာရှာရတော့သည်။ မြင်းဝန်ကျောင်းတိုက် ပရိဝုဏ်သည် ကျယ်သည်။ ပင်မကျောင်းတိုက်ကြီးနှင့် အလှမ်းဝေးသော ပရိဝုဏ်အစွန်တွင် ရေတွင်းပျက်ကြီးတစ်ခု ရှိသည်။ ဆယ်တောင်ကျော်ခန့် နက်သည်။ ရေမရှိတော့ဘဲ အမှိုက်များနှင့် သပိတ်ကွဲများသာ ရှိသည်။

ကိုရင်ပဏ္ဍိတသည် တစ်လက်မထုရှိ ပျဉ်တစ်ချပ် ရှာသည်။ ရေတွင်းဘောင်ပေါ်တွင် ကန့်လန့်ဖြတ်တင်သည်။ ထိုပျဉ်ပေါ်တွင် ကိုရင်ပဏ္ဍိတ ခွထိုင်ကာ စာကျက်သည်။ အသံကုန်အော်ကာ ကျက်သည်။ ထိုင်၍ ကျက်သည်။ လျောင်း၍ကျက်သည်။ မှောက်၍ကျက်သည်။ ကိုရင်ပဏ္ဍိတ စာကျက်ပုံမှာ မလွယ်။ ငိုက်၍ မရ။ ငိုက်လိုက်သည်နှင့် ရေတွင်းထဲကျမည်။ သေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ပဏ္ဍိတ ဇွဲကောင်းသည်၊ ဝီရိယကောင်းသည်။ အာရုံမလွင့်။ မြင်းဝန်မင်းအိမ်တွင် ဆွမ်းစားလိုက်၊ ရေတွင်းဖျက်ပေါ်တွင် စာကျက်လိုက်နှင့်သာ အချိန်ကုန်သည်။ စာများကိုလည်း နှုတ်တက်ရရှ အာဂုံဆောင်နိုင်လှသည်။

တဖြည်းဖြည်းနှင့် စာပြန်ပွဲရက် နီးကပ်၍ လာသည်။ ကိုရင်ပဏ္ဍိတတွင် စာပြန်ပွဲရက်တွင် ဝတ်ရုံရန်အတွက် သင်္ကန်းသစ်မဆိုထားနှင့်၊ လတ်လတ်ပင် မရှိသေး။

မြင်းဝန်မင်းတွင် တာဝန်ရှိပါသည်။ သို့သော် မြင်းဝန်မင်းကိုယ်တိုင်က နှမြောတတ်သူဖြစ်သည်။ သင်္ကန်းကိစ္စ မည်သို့မျှ မဟာ။ ကိုရင်ပဏ္ဍိတကို စိတ်တိုင်းမကျ၊ အထင်မကြီးသည်နှင့် ယင်းသင်္ကန်းကိစ္စကို လျစ်လျူရှုထားဟန် တူပါသည်။

ဤကိစ္စမျိုးကို ကိုရင်ပဏ္ဍိတကလည်း အရေးအရာလုပ်၍ မပြောချင်။ ကြောင့်ကြမှုလည်း မရှိလှ။ မတတ်သာလျှင် နေ့စဉ်ရုံနေကျသင်္ကန်းဖြင့်ပင် စာပြန်ပွဲဝင်မည် ဖြစ်သည်။ စာကျက်ရန်သာ အာရုံစိုက်သည်။

စာပြန်ပွဲနေ့သို့ ရောက်လာသည်။

မြင်းဝန်တိုက်မှ စာဖြေမည့်သံဃာတို့သည် သစ်လွင်သော သင်္ကန်းများ ဝတ်ရုံ၍ သုဓမ္မာဇရပ်ရှိရာသို့ ကြွကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ပဏ္ဍိတကား နေ့စဉ် ရှုံနေကျ တစ်ပတ်နွမ်းသင်္ကန်းဖြင့်ပင် ကျောင်းမှ ထွက်ခဲ့သည်။ ထူးခြားထက်မြက်သူတို့၏ စရိုက်တော်သည်လည်း ထူးခြားတတ်သည်ကို သတိမူသင့်သည်။ လမ်းရောက်မှ 'လောကမာရဇိန်ဘုရား' ကို ဝင်ရောက်ဖူးမြော်သည်။

<u>မှတ်ချက်။</u> ။ လောကမာရဇိန်ဘုရားကို 'ကျောက်တော်ကြီး ဘုရား' ဟုလည်း ခေါ်သည်။ မျက်မှောက်ကာလတွင် မင်းဓမ္မကုန်းတွင် တည်ထားလျက်ရှိသော ကျောက်တော်ကြီး ဘုရားအကြောင်းလည်း ဆက်စပ်လေ့လာသင့်ကြသည်။

ကိုရင်ပဏ္ဍိတက ကျောက်တော်ကြီးဘုရားကို ဤသို့လျှောက်ထားလေသည်။

"မှန်လှပါအရှင်ဘုရား၊ တပည့်တော်မှာ ယခုအခါတွင် ဧာပြန်ပွဲဝင်စရာ သင်္ကန်းသစ်ရုံစရာ မရှိပါဘုရား။ ဒါကြောင့် အရှင်ဘုရားရဲ့သင်္ကန်းကို စွန့်တော်မူပါဘုရား။ နောင်သောအခါ တပည့်တော် ဆရာတော်ဖြစ်မှ ပြန်၍ လှူပါ့မယ်ဘုရား"

ဤသို့ ခွင့်ပန်သည်။

ဆင်းတုတော်ကြီးအား လှူဒါန်းသည့်သင်္ကန်းကို ခြုံသည်။ ထို့နောက် ကိုရင်ပဏ္ဍိတ ရုံသည်။ ကိုရင်ပဏ္ဍိတ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ထွားကျိုင်းမြင့်မောင်းသူဖြစ်လင့်ကစား ဆင်းတုတော်မှ သက်န်းမှာ ကြီးလွန်းလှသည်။ ထို့ကြောင့် ကိုရင်ပဏ္ဍိတမှာ မသေမသပ် ဖိုးရိုးဖားရားဖြစ်၍ နေသည်။ ကိုရင်ပဏ္ဍိတကား ဘာမျှမမှု။ သုဓမ္မာဇရပ်သို့ အေးဆေးတည်ငြိမ်စွာပင် ကြွလှမ်းတော်မူလေသည်။

သုဓမ္မာဇရပ်တစ်ခုလုံး ဝင်းပတောက်ပြောင်၍နေသည်။

စာဖြေသံဃာများ၊ စာစစ်ဆရာတော်များ၊ စာစစ်ပွဲကျင်းပသည့်ဆရာတော်များ၏ သင်္ကန်းရောင်များကြောင့် ဝင်းဝင်းပပရှိလှသည်။

အချို့သော စာဖြေသံဃာတို့က မိမိနှင့် သင့်ရာသင့်ရာ တိုင်ပင်ဆွေးနွေးနေကြသည်။ အချို့ကလည်း ပါရှိလာသော ပုရပိုက်ကို ဖွင့်ကာ စာနွှေးနေကြသည်။

စာစစ်ဆေးမည့်ဆရာတော်များကလည်း ပုရပိုက်များကို ဖွင့်ကာ ညှိနှိုင်းဆွေးနွေးနေကြသည်။

ကိုရင်ပဏ္ဍိတကား မည်သူနှင့်မျှလည်း မဆွေးနွေး။ မည်သည့်စာမှလည်း မနွှေး။ ဤအတိုင်း တည်ငြိမ်စွာ ထိုင်၍ နေကာနေလေသည်။

သုဓမ္မာဇရပ်နှင့် မလှမ်းမကမ်းတွင် မဟာ[illegible]နှင့် မင်းမှုထမ်းတို့က သာသနာပိုင်နှင့်တကွ စာ[illegible]ပွဲ ကြီးကြပ်

www.burmeseclassic.com

www.burmeseclassic.com



မည့်ဆရာတော်တို့ကို ဆွမ်းကပ်ရန် ချက်ပြုတ်နေကြသည်။ ဝတ်ကျောင်းစားလာဝတ်ဆင်ထားသော နန်းတွင်းသူနန်းတွင်းသားတို့သည်လည်း တလှုပ်လှုပ်တရွရွနှင့် များပန်းခတ်မျှ လှုပ်ရှားလုပ်ကိုင်နေကြသည်။ တက်ကြွရွှင်လန်းစွာ ဆောင်ရွက်နေကြသည်မှာ အားရစရာကောင်းလှပါသည်။

မြင်းဝန်မင်းနှင့်မိသားစုလည်း စာပြန်ပွဲသို့ ရောက်ရှိနေသည်။ မြင်းဝန်မင်းက ကိုရင်ပဏ္ဍိတကို ရှာသည်။ သင်္ကန်းသစ်ကြီး ဖိုသီဖတ်သီနှင့် ဝါတော် ၆ဝ ရ ဆရာတော်ကြီးနှယ် ခပ်တည်တည်ထိုင်နေသော ကိုရင်ပဏ္ဍိတကို တွေ့သည်။

"ကိုရင်ပဏ္ဍိတကို စာဖြေသံဃာအဖြစ် ရွေးမိမှားပြီထင်တယ်။ ကျောင်းမှာ စာကျက်တော့လဲ ကလေးလိုကျက်။ ခုစာဖြေခန်းကျတော့လဲ စာမရွေး စာမကျက်။ မဖြေနိုင်မှယ့် အစတူတူ မထူးဘူးဆိုပြီး အပင်ပန်းမခံတာလားပဲ"

မြင်းဝန်မင်းက ဤသို့ တွေးပြီး သက်ပြင်းချသည်။

သုမမ္မာဇရပ်ပေါ်တွင် စာပြန်ပွဲ စတင်နေပါပြီ။

"မြင်းဝန်တိုက် ကိုရင်ပဏ္ဍိတ"

ကိုရင်ပဏ္ဍိတ၏အမည်ကို ခေါ်သည်။

ကိုရင်ပဏ္ဍိတကလည်း သင်္ကန်း ဖိုးရိုးဖားရားနှင့် စာဖြေမည့်နေရာဆီသို့ ကြွရှာ ခပ်တည်တည်ကြွသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အားလုံးကပင် ကိုရင်ပဏ္ဍိတ၏ ထူးခြားသော သွင်ပြင်လက္ခဏာကို စိတ်ဝင်စားစွာ ကြည့်ကြသည်။

စာစစ်ဆရာတော်က မေးသည်။

ကိုရင်ပဏ္ဍိတသည် အဆိုင်းအငံ့ အထစ်အငေါ့မရှိ။ အောင်မြင်သော အသံဝါကြီးနှင့် ခရားမှ ရေလွှတ်သကဲ့သို့ တောက်လျှောက်ဖြေသည်။

စာစစ်ဆရာတော်ပင် လိုက်မမီအောင် စာဖြေပုံက - 'တိတိမြေပြင်၊ သီန္ဓောနှင်သို့' လျင်မြန်မှန်ကန်လှသည်။

"ကဲ ကိုရင် ခဏနေဦး"

စာစစ်ဆရာတော်က အမိန့်ပေးသည်။

ကိုရင်ပဏ္ဍိတရွတ်သည့်စာကို အမီကြည့်နိုင်ရန် ပုရပိုက်ကို တစ်ဖက်လှန်နိုင်ရန် မနည်းကြိုးစားနေရသည်။

"ဟဲ့...ကိုရင် ခဏရမ်ပါဦးလို့ ပြောနေတာ မကြားဘူးလား။ ဘာကြောင့် ဆက်ဖြေနေတာလဲ"

သို့သော် ကိုရင်ပဏ္ဍိတ ပြန်ပြောလိုက်ပုံက·သူမွှာ ဇရပ်တစ်ခုလုံး လွှမ်းခြုံအံ့သြသွားစေသည်။

"သြ...မေးတုန်းကတော့ မေးပြီး အဖြေကို ပုရပိုက် တကိုင်ကိုင်နဲ့ လိုက်ကြည့်နေတာလား၊ အစကတည်းက ပဏ္ဍိတလို ကျက်ထားပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ပဏ္ဍိတ၏ အသံကား ဟိန်းထွက်သွားသည်။ စာပြန်ပွဲသို့ ရောက်ရှိနေသော မင်းတုန်းမင်းတရားကြီး ကိုယ်တိုင်လည်း ကြားသည်။ မင်းပရိသတ်၊ သံဃာပရိသတ် အပေါင်းသည်လည်း ပြတ်သားထင်ရှားစွာ ကြားသည်။

"ပညာရှိရင့် ပွဲလယ်တင့်လှပေတယ်"

အားလုံးသော ပရိသတ်ကပင် စိတ်တွင်းက ကျိတ်၍ ချီးကျူးကြလေသည်။

ကိုရင်ပဏ္ဍိတသည် မေးသမျှကို အထစ်အငေါ့မရှိ ဖြေနိုင်သည်ချည်း ဖြစ်သည်။ ထို့ကြောင့် ကိုရင်ပဏ္ဍိတသည် အမြင့်ဆုံးအဆင့်ဖြင့် အောင်သည်။

စင်စစ် ယခုနှစ်စာပြန်ပွဲကား ကိုရင်ပဏ္ဍိတ၏ အောင်ပွဲပင်ဖြစ်သည်။ သို့သော် ကိုရင်ပဏ္ဍိတကား မည်သို့မျှ တန်လှုပ်ပုံမပေါ်၊ ဝမ်းနည်းဝမ်းသာဟန်မရှိ၊ ပကတိ တည်ငြိမ်လှသည်။

ဝမ်းမြောက်ဂုဏ်ယူသဲသဲလှုပ်သည်ကား မြင်းဝန်မင်းနှင့် သူ၏မိသားစုပင်ဖြစ်ပါသည်။ စာဖြေသံဃာ တစ်ပါးတည်းသာသွင်းသော်လည်း ထိုတစ်ပါးတည်းသော သံဃာသည်ပင်လျှင် တစ်ပြည်လုံးတွင် အတော်ဆုံး၊ အထက်ဆုံးဖြစ်နေသဖြင့် ဂုဏ်တက်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်ပဏ္ဍိတဆိုတာ မြင်းဝန်မင်းရဲ့ စာဖြေသံဃာတဲ့" ဟူသော ချီးကျူးစကားက မြင်းဝန်မင်းအဖို့ ဂုဏ်ယူမဆုံး တပြုံးပြုံးဖြစ်ရော။

ထို့ထက်…

"အစကတည်းက ပဏ္ဍိတလို ကျက်ထားပါလား" ဟူသည့် ဝှံ့စားရဲရှင့် ပွဲလယ်တင့်သော စကားသည်လည်း ဆိုစမှတ် ပြောစမှတ်ပြုလောက်စရာပေပင်။

www.burmeseclassic.com

www.burmeseclassic.com

## ၅။ သင်းဗိုင်သဲစေပမှာစိုးလို့

ကိုရင်ပဏ္ဍိတသည် အသက် (၂၀) ပြည့်ပြီး လေပြီ။ သို့သော် ပဉ္စင်းခံပေးမည့် ဒကာဒကာမ မရှိ။ ကိုရင်ကြီးဘဝ ဖြင့်သာ နေရသည်။

စာပြန်ပွဲပြီးသည့်နောက်ပိုင်းတွင် ရှင်ပဏ္ဍိတ စာပြန်ပုံကို အကြောင်းသင့်တိုင်း ချီးကျူးပြောဆိုနေကြလေသည်၊ နေပြည်တော်စာပြန်ပွဲသမိုင်းတစ်လျှောက် ရှင်ပဏ္ဍိတကဲ့သို့ စာဖြေနိုင်သူတစ်ဦးတစ်ယောက်မျှ မပေါ်ဖူးသေးဟု ဆိုကြသည်။ 'ပညာရဲရင့် ပွဲလယ်တင့်' ဟူသော စကားသည် ရှင်ပဏ္ဍိတလို ပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုသုံးနှုန်းခြင်းဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောကြသည်။ "အစကတည်းက ပဏ္ဍိတလို ကျက်ထားပါလား" ဟူသော စကားသည်လည်း တွင်ကျန်ရစ်သည်။

တစ်နေ့သော် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ရွှေနန်းတော်သို့ ကြွရောက်ရန် ရှင်ပဏ္ဍိတကို ပင့်ဖိတ်သည်။

"ကိုရင်ကြီး သက်တော် ဘယ်လောက်ရှိပြီလဲ"

မိဖုရားခေါင်ကြီးက မေးသည်။

"အသက်နှစ်ဆယ်ကျော်ပါပြီ"

"ရဟန်းဘောင်သို့တက်လိုတဲ့ဆန္ဒများကောရှိရဲ့လား"

"ရှိပါပြီကော၊ ရဟန်းခံပေးမယ့် ဒကာမရှိလို့ ကိုရင်ကြီးဘဝနဲ့ နေရတာပ"

ရှင်ပဏ္ဍိတက ပွင့်လင်းရိုးရှင်းစွာပင် ဖြေသည်။

"ဒီလိုဆိုရင် တပည့်တော်မကပဲ ပဉ္စင်းအခအဖြစ် တာဝန်ယူပါရစေဘုရား"

"သာဓု၊ သာဓု၊ သာဓု…ဗျာ"

ရှင်ပဏ္ဍိတက ကျေနပ်စွာ သာဓုခေါ်သည်။

မိဖုရားခေါင်ကြီး၏ ကောင်းမှုကြောင့် ကိုရင်ကြီး ရှင်ပဏ္ဍိတသည် ဦးပဉ္စင်း ဦးပဏ္ဍိတအဖြစ်သို့ ရောက်သည်။ ရွှေနန်းတော်တွင်းသို့လည်း တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ရဟန်းအဖြစ် ခံယူလိုသောသူသည် မြတ်စွာဘုရား၏ပညတ်တော်မူချက်အရ အင်္ဂါငါးပါးနှင့်ပြည့်စုံရသည်။

၁။ ဝတ္ထုသမ္ပတ္တိ = ရဟန်းလောင်းဟူသော ဝတ္ထု၏ ပြည့်စုံခြင်း၊ ရဟန်းလောင်းသည် ရှေးက ပါရာဇိက အာပတ်မသင့်ဖူးသူ၊ ပဏ္ဍုက်တစ်ဆယ့်တစ်မျိုးမှလွတ်၊ အသက်နှစ်ဆယ်တင်းတင်းပြည့်သူ ဖြစ်ရသည်။

၂။ ဉတ္တိသမ္ပတ္တိ = ဉတ်၏ ပြည့်စုံခြင်း။ ကမ္မဝါစာမရွတ်ဖတ်မီ သံဃာတော်များအား ကြိုတင်သိစေရသဖြင့် ဉတ်ဟုခေါ်သော ပါဠိတော်များကို ရွတ်ဖတ်ရာ၌ အပြစ်ငါးမျိုးမှ ကင်းရှင်းရသည်။

၃။ သိမာသမ္ပတ္တိ = သိမ်၏ ပြည့်စုံခြင်း။ ရဟန်းခံသော သိမ်သည် သိမ်ပျက် ၁၁-မျိုးမှ လွတ်၍ အောင်မြင်စွာ သမုတ်ထားသော သိမ်ဖြစ်ရသည်။

၄။ အနုဿာဝနသမ္ပတ္တိ = ကမ္မဝါစာ၏ ပြည့်စုံခြင်း။ ကမ္မဝါစာရွတ်ဖတ်ကြရာ၌ အပြစ်ငါးမျိုးမှ ကင်းလွတ်ရသည်။

၅။ ပရိသသမ္ပတ္တိ = ပရိသတ်၏ ပြည့်စုံခြင်း။ ရဟန်းပြုပေးသောသံဃာပရိသတ်သည် ရဟန်းစစ်စစ် အနည်းဆုံး ငါးပါးမရှိခြင်းစသော အပြစ်သုံးမျိုးမှ ကင်းလွတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စင်းဟူသော ဝေါဟာရနှင့် ပတ်သက်၍လည်း အယူအဆအမျိုးမျိုး ရှိသည်။ အချုပ်အားဖြင့် -

(က) အင်္ဂါငါးပါးပြည့်စုံသူ (ပဥ္စင်္ဂ=ပဥ္စင်=ပဥ္စင်း)

(ခ) သူတော်သူမြတ်ပြုသူ (ပန်စင်=ပန်စင်း=ပဥ္စင်း)

(ဂ) မြတ်သောအဖြစ်ရောက်သူ၊ ပြည့်စုံသူ

(ဥပသမ္ပန္န=ဥပသမ်း=ဦးပစမ်း=ဦးပဥ္စင်း) တို့ ဖြစ်ပါသည်။

ဤအယူအဆ သုံးမျိုးတွင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ 'ပဥ္စင်္ဂ'ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသည်ဟူ အယူအဆကို ပညာရှင်အဆက်ဆက်တို့က အသင့်မြတ်ဆုံးဟု ယူဆ လက်ခံပါသည်။

တစ်ခုသော နံနက်ခင်းတွင် ဦးပဥ္စင်း ဦးပဏ္ဍိတသည် နန်းတော်သို့ ကြွလာသည်။ ထိုစဉ် နန်းရင်ပြင်၌ မင်းမှုထမ်းတို့က ဆွမ်းပွဲများ ပြင်ဆင်နေကြသည်။

"ဒကာကြီး၊ ဒါတွေက ဘာလုပ်နေတာလဲ"

မင်းချင်းတစ်ယောက်အား ဦးပဏ္ဍိတက မေးသည်။

"သံဃာတော်များကို ဆွမ်းကပ်မလို့ပါဘုရား"

မိဖုရားခေါင်ကြီး၏ ဦးပဥ္စင်းဖြစ်သော ဦးပဏ္ဍိတကို မင်းချင်းက ချက်ချင်း ရှိသေစွာ အဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သံဃာတော်များကို ဆွမ်းကပ်မဲ့လို့ ဟုတ်လား"

"မှန်လှကြောင်းပါဘုရား"

"ဒါဆို...ငါလဲ သံဃာတော်ပဲ၊ ငါ့ကို ဆွမ်းကပ်ပေတော့"

"တင်ပါ့ဘုရား"

မင်းချင်းလည်း ဦးပဏ္ဍိတကို ဆွမ်းကပ်သည်။

ဦးပဏ္ဍိတ၏စရိုက်တော်ကား ထူးဆန်းသည်။ ဆွမ်းကို ကောင်းစွာ ဘုဉ်းပေးသည်မဟုတ်။ ဆွမ်းပွဲပျက်ရုံ ဘုဉ်းပေးသည်။ ဆွမ်းနှင့် ဆွမ်းဟင်း နယ်လိုက်၊ အနည်းငယ် ဘုဉ်းပေးလိုက်၊ နောက်တစ်ပွဲ ဆွမ်းနှင့်ဆွမ်းဟင်း နယ်လိုက်၊ အနည်းငယ် ဘုဉ်းပေးလိုက်နှင့် ဆွမ်းပွဲများ ပျက်ရုံ ဘုဉ်းဖေးသည်။ ထို့နောက် နန်းမဆောင်မှ ပြန်၍ ကြွသွားတော်မူလေသည်။

ဦးပဏ္ဍိတ ပြန်ကြွသွားပြီးနောက် ပင့်သံဃာတော်များ ကြွတော်မူလာကြသည်။

ဆွမ်းပွဲပြင်မင်းချင်းတို့သည် အသော့အလျင် ဆွမ်းပွဲများကို သပ်ရပ်အောင် ပြန်၍ ပြင်ကြရသည်။ ကသုတ်ကရုတ် ပြင်ရသည်ဖြစ်၍ အချို့ပွဲမှာ အချိန်မမီတော့။ အထိုက်အလျောက်မျှသာ ပြင်၍ ကပ်ကြရသည်။ ပင့်သံဃာတော်များထဲတွင် သာသနာပိုင်ဆရာတော်ကြီး၏ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်မှ ဦးပဥ္စင်းတစ်ပါး ပါဝင်နေသည်။ ထိုပဥ္စင်းက သာသနာပိုင်ဆရာတော်ဘုရားကြီးအား အလုံးစုံပြန်လည်၍ လျှောက်ထားသည်။

မင်းချင်းတို့ကလည်း ဦးပဏ္ဍိတလုပ်ပုံကို မင်းတုန်းမင်းတရားကြီးအား လျှောက်ထားသည်။ သို့နှင့် မင်းတုန်းမင်းတရားကြီးကလည်း သာသနာပိုင်ဆရာတော်ကြီးအား လျှောက်ထားသည်။ တိုင်ကြားသည်။

သာသနာပိုင်ဆရာတော်ကြီးက ဦးပဏ္ဍိတအား ခေါ်ယူစစ်ဆေးတော်မူသည်။ ဦးပဏ္ဍိတကလည်း မကွယ်မထောက်။ အပြစ်ထင်ရှားသည်။ ထို့ကြောင့် ဆရာတော်ကြီးက သဲဒဏ် ၁၀–ခေါက် အပြစ်ပေးသည်။

ဦးပဏ္ဍိတ သဲဒဏ်ခံရသည်။ ကောသီကို ချုတ်သည်။ သင်းပိုင်ကို တိုတို ဝတ်သည်။ ကုန်း၍ ကုန်း၍ သဲကို ကျုံးသည်။ တောင်းထဲသို့ ထည့်သည်။ ဦးပဏ္ဍိတ သင်းပိုင် ဝတ်ထားပုံမှာ တိုလွန်းသဖြင့် ကုန်း၍ သဲကျုံးတိုင်း အမြင်မတော်အောင်ဖြစ်နေလေသည်။ ထို့ကြောင့် သာသနာပိုင်ဆရာတော်ဘုရားကြီးက –

"မောင်ပဥ္စင်းရဲ့ သင်းပိုင်က တိုလွန်းလှတယ်၊ သဲကျုံးတာနဲ့ မတူလှပေဘူး" ဟူ၍ သတိပေးမိန့်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကို ဦးပဏ္ဍိတက –

"မှန်လှပါ ဆရာတော်ဘုရား၊ သင်းပိုင်ကို သဲပေမှာ စိုးလို့ပါဘုရား" ဟူ၍ ပြန်လည်လျှောက်ထားပြီး သဲကို ကျုံးမြဲတိုင်း ကျုံး၍ နေလေသည်။

ဆရာတော်ဘုရားမှာလည်း ဦးပဏ္ဍိတ၏ သဲဒဏ် ၁၀–ခေါက် မပြည့်မီပင် အပြစ်ပေးခြင်းမှ ခွင့်လွှတ်လိုက်ရသည်။

ဗန်းမော်ဆရာတော်လောင်း ဦးပဏ္ဍိတ၏ စိတ်ထားစရိုက်တော်ကား ထူးခြားလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၆။ လဲသေလှနိုး ပွေးစွဲသူ

လပြည့်လကွယ်၊ ရှစ်ရက် သီတင်းဥပုသ်နေ့များတွင် မြင်းဝန်ကျောင်းတိုက်ရှိ ဦးပဥ္ဇင်းများသည် သင့်မြတ်ရာ ဦးပဥ္ဇင်းတို့ချင်းဆုံကြပြီး ဥပုသ်ပြုလေ့ရှိပါသည်။ တစ်ခုသော ဥပုသ်နေ့တွင် ဦးပဏ္ဍိတသည် ဥပုသ်ပြုရန် ရောက်ရှိမလာချေ။ အပေါင်းအသင်း ဦးပဥ္ဇင်းတို့က သာမဏေတစ်ပါးကို လွှတ်၍ အပင့်ခိုင်းသည်။

ဦးပဏ္ဍိတမှာ ပေါင်ခြံတွင် ပွေးစွဲ၍နေသည်။ ပွေးကယားလိုက်၊ ကုတ်လိုက်၊ လက်သည်း ဆိပ်တက်လိုက်၊ ပွေးတွေ ပွားလိုက်၊ ယားလိုက်၊ ကုတ်လိုက်နှင့် ဦးပဏ္ဍိတမှာ မတိုင်သော မလျောင်းသာ ဗျာများသောကပွား၍ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းပါဦးပဥ္စင်းများ စေလွှတ်လိုက်သော သာမဏေကလေး ဦးပဏ္ဍိတအပါးသို့ ရောက်လာသည်။

"ဥပုသ်ပြုရန် ကြွရောက်ဖို့ ပင့်ဖိတ်လိုက်ကြောင်းပါ ဘုရား"

ကိုရင်ငယ်က လျှောက်ထားသည်။

ဦးပဏ္ဍိတမှာ မွေးရောဂါကြောင့် လိုက်နိုင်မည့် အခြေအနေမရှိ။

"နေဦးကွယ့်၊ စာတစ်စောင်ရေးပေးလိုက်မယ်"

ဦးပဏ္ဍိတသည် ပေတစ်ချပ် ယူသည်။ ကညစ်ကိုင်ကာ အချိုးကဗျာတစ်ပုဒ် ချက်ချင်းဖွဲ့သည်။

"ဒီစာ...ငါ့ရှင် ဦးပဥ္စင်းကို ပေးလိုက်ကွယ့်"

ရှင်သာမဏေငယ်လည်း ဦးပဏ္ဍိတပေးလိုက်သော ပေစာကို သူ့ဆရာ ဦးပဥ္စင်းအား ကပ်သည်။ ဦးပဥ္စင်းက စာကို အားလုံး ကြားအောင် ဖတ်၍ ပြသည်။

အတွင်းယားလိုက်ပါဘိ
ဖင်ကြားက ပွေးကွက်တွေ
စုံကုတ်ကာ ထိုင်လို့ညည်းမိတော့
တည်းမှုမပြေ။
စိတ်တလေ သော်ဓါဟဲ့လရှီး။

www.burmeseclassic.com

www.burmeseclassic.com



**ပဏ္ဍိတာမှာ ပွေးတွေစွဲလိုက်တာ**

**လဲသေလုနီး။**

ဥပုသ်ပြုရန် စောင့်နေကြသည့် ဦးပဥ္စင်းအားလုံးပင် ဝါးခနဲ ရယ်လိုက်ကြသည်။

ဦးပဏ္ဍိတာ၏ ရုတ်ခြည်းဉာဏ်သည်လည်းကောင်း၊ ပွင့်လင်းရိုးရှင်းသည့်စရိုက်သည်လည်းကောင်း အံ့ဖွယ် ကောင်းလောက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၇။ ဘိကျွန့်အာဇာနည်မယ်ကင်း

ဗန်းမော်ဆရာတော်အကြောင်းပြောလျှင် ဘိကျွန့်အာဇာနည်မယ်ကင်းအကြောင်း မပါလျှင် ပြည့်စုံမည်မဟုတ်ချေ။

သီလရှင်မယ်ကင်းသည် စာပေကျမ်းဂန်နှံ့စပ် ကျွမ်းကျင်သည်။ အဟောအပြောကောင်းသလို တရားပြလည်းကောင်းသည်။ စစ်ကိုင်းဘက်တွင် တပည့်သီလရှင်များနှင့်အတူ နေထိုင်သီတင်းသုံးသည်။ စာပေသင်ကြားပို့ချသည်။

မင်းတုန်းမင်းတရားကြီးသည် စာပေကျမ်းဂန်နှံ့စပ်သူများကို ချီးမြှောက်လေ့ရှိသည်။ သီလရှင်မယ်ကင်းကို

www.burmeseclassic.com

www.burmeseclassic.com



လည်း နေပြည်တော်သို့ ပင့်သည်။ သီလရှင်မယ်ကင်းက လက်မခံပါ။ ရွှေကျင်ဆရာတော်မှတစ်ဆင့် ပင့်သည့်တွင်မှ နေပြည်တော်လိုက်ပြီး သီတင်းသုံးသည်။

ဤသည်ပင်လျှင် ခြွင်းချက်များနှင့် ဖြစ်သည်။

ဘွဲ့တံဆိပ်တော် မကပ်ရ၊ ဖြာသာဒ်ဘုံဆင့်ပါသော ကျောင်းဇရပ် မလှူရ၊ ဆွမ်း၊ ဆွမ်းဟင်း မပို့ရ ဟူသော ကတိစကားကို တောင်းသည်။

"မန္တလေးသာသနာဝင်ရေးမယ်ဆိုရင် ဘိက္ခုနီအာဇာနည်သီလရှင်မယ်ကင်းကို ချန်၍မရ" ဟု ဆိုစမှတ် ပြုလောက်အောင်ပင် တော်သည်။ တတ်သည်။

ဗန်းမော်ဆရာတော်နှင့် သီလရှင်ဆရာကင်းတို့သည် ငယ်စဉ်ကပင် သီကျွမ်းခဲ့ကြသည်။ ခေတ်ပြိုင်စာစပ်၊ အချိုးကောင်းသူများလည်း ဖြစ်သည်။ တစ်ဦးကို တစ်ဦး မညှာတမ်း စာစပ်ကြ၊ စာချိုးကြသူများ ဖြစ်သည်။

ကိုရင်ကြီး ပဏ္ဍိတ စာပြန်ပွဲတွင် အောင်ပွဲခံသည်။ မိဖုရားခေါင်ကြီးကလည်း ပဉ္စင်းခံပေးမည်ဟု ဆိုသည်။ ထိုသောအခါတွင် ပဏ္ဍိတက 'ပဉ္စင်းခံတော့မည်ဖြစ်ကြောင်း' သီလရှင်မယ်ကင်းထံ အကြောင်းကြားသည်။ ထိုအခါ ဆရာကင်းက အောက်ပါတေးထပ်ကို ရေး၍ စာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိကျွန်ဆရာကင်းကာ၊ တဏှာကွင်းပစ်မယ်
ဗလာကျင်းခေတ်နယ်၊ ချစ်စဖွယ်ဟန်နွဲ့
ရှုမွေ့လို့ လှုတွေ့ရှောင်တယ်
မြူရွေ့တောင် အားသစ်လို့ခဲ။
ကမ္ဘဌာန်းနှင့် မဂ်လမ်းချတယ်
တက်လှမ်းမျှတနဲ့။ ။
မထိတ်သာ စိတ်ရဲလို့၊ မိတ်ဖော်လဲမပါ။
ဘာဝနာဘိညာဉ်ကွန့်တိမ်ယာဉ်ညွှန့်စီးတော့မည်သာ
ပုတီးနဲ့ အပြီးပါတယ်
မငြီးရာရျာန်ရိပ်နှင့် ဖန်စိတ်တဲ့သီလသည်
ထူးတဲ့အံ့ဖွယ်။
တောစလို့ လောဘပယ်တယ်
မောဟကွယ် ရှိဘူးလင့်လေး။ ။

ရှင်ပဏ္ဍိတသည် ထိုတေးထပ်ကို အသေအချာ ဖတ်သည်။ ထို့နောက် နောက်ထပ်တေးထပ်ကို ချက်ချင်းပင် အရွဲ့တိုက်စပ်ဆိုသည်။ သီလရှင်မယ်ကင်းထံ ချက်ချင်းပို့စေသည်။

ဘိကျွန် ဆရာကင်းကဲ တဏှာကွဲင်းစွပ်မ[illegible]
ဗလာကျင်းဝတ်ထည်ကို ချွတ်မယ်လို့ဟုန်ဖွင့်

www.burmeseclassic.com



ဝူမွေ့လို့ လူတွေ့ခံတယ်
မြူရွှေ့ဟန် ဆိုတဲ့အကျင့်။
ပြာတစ်ဆုပ်နှင့် မဂ်သုတ်သင်တယ
စက်ဆုပ်ချင်သထင့်။
မန်းသေလာတောင်မြင့်မှ ဖော်ဖလင့်ဓကစာ
လင်မျှော်ကာ ဖန်ရှည်ရိပ်ကယ်နှင့်
ကြံစည်စိတ် များလှတော့တာ။
ပုတီးသုဉ်းလို့ လူပန်းရှာတယ်
သူနှန်းကာငြိမ်သက်နှင့်
ကြံရက်တဲ့သီလသည် ထူးပေ့အံ့ဖွယ်။
လောဘနှင့်မောဟာတွယ်သည်
တောခတယ် မယ်ကင်းတဲ့လေး။ ။

ဗန်းမော်ဆရာတော်သည် တစ်ဖက်သား မခံချိမခံ သာ ဖြစ်အောင် စာစပ်သည်။ စာချိုးသည်။ တစ်ခါတစ်ရံ လည်း အဓိပ္ပာယ်နှစ်ခွထွက်သော သန်လျက်သွားစပ်နည်း မျိုးကို စပ်တတ်သည်။

သာသနာပိုင်ဆရာတော်ဘုရားကြီးက ဗန်းမော် ဆရာတော်သည် ပစ်နှင့်တူသည်။ ရှင်စဉ်လည်း မျက်လုံး ပြူးပြူး၊ သေသောအခါလည်း မျက်လုံးပြူးပြူး...ဟု မိန့်တော်မူဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗန်းမော်ဆရာတော်သည် အမူအကျင့်၊ အသွားအလာ၊ အပြောအဆို၊ အနေအထိုင်၊ အရေးအသားတို့၌ ဣန္ဒြေကို မစောင့်စည်း၊ ကြမ်းတမ်းသည်။ အထူးသဖြင့် ဂါမဓေါသစွန်းငြိသော စကားနှင့်စာများကို ပြောဆိုရေးသားမှု လွန်စွာ ခင်မင်စွဲလမ်းနှစ်သက်သည်ဟူသော ဆိုးသတင်းများဖြင့်သာ ထင်ရှားခဲ့၍ ဆရာတော်၏ ကောင်းသတင်းများကား မပေါ်လွင်လှချေ။ ဗန်းမော်ဆရာတော်ကား တရားရေအေးတိုက်ကျွေးပြီးလျှင် အဆုံးအမဩဝါဒပြုရန် မင်းတုန်းမင်းကြီးကိုယ်တိုင်ပင့်ဖိတ်ရသော ဆရာတော်ကြီး ဖြစ်သည်။ အမှန်အားဖြင့် ဆရာတော်သည် ကြမ်းသည်ဟု ဆိုရမည်ထက် ထက်သည်ဟူ ဆိုရလျှင် ပို၍သင့်လျော်ပေမည်"

ဗန်းမော်ဆရာတော်ကား နှစ်ဥင်ငယ်စဥ်မှသည် ပျံလွန်တော်မူသည်အထိ ထက်မြက်သူပုဂ္ဂိုလ်ကျော်ဟု ဆိုရပေမည်။ သူ့စာ၊ သူ့စကား၊ သူ့ဘဝက သူ၏ ထူးခြားထက်မြက်သော စိတ်စရိုက်ကို ဖော်ညွှန်းလျက် ရှိပါသည်။

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၈) စာမျက်နှာ-၁၉၇

www.burmeseclassic.com

www.burmeseclassic.com

နေဘုန်းဓေ



## ၈။ နှင်းရည်ဥသလို့ပုံပြင်

ဦးပဏ္ဍိတသည် ပညာ လိုလားသည်။ လုံ့လ ဇွဲ ကောင်းသည်။ ဝိနည်းအရာတွင် ပြိုင်ဘက်ကင်းသော သာသနာပိုင် ဗားကရာဆရာတော်၏ ဖြတ်ထုံးရေးရဟန်း ဖြစ်ခဲ့ဖူးသည်။ ရဟန်းစာဆိုလည်း ဖြစ်သည်။

ထို့ကြောင့် ဦးပဏ္ဍိတသည်လည်း ဝိနည်းအဆုံးအဖြတ်အရာတွင် ကျွမ်းကျင်သည်။ ဘိုးတော်မင်းတရား၏ မိဖုရား ဝေသာလီမင်းသမီး ဇနုံးမော်မြို့စား ဥပေါတရာ ကျောင်းတိုက်ဆောက်လုပ်ကာ လှူဒါန်းသည်။ ဇနုံးမော်မြို့စား ဥပေါတရာ လှူဒါန်းသောကြောင့် ထိုကျောင်းတိုက်

www.burmeseclassic.com



ကို ဗန်းမော်ကျောင်းတိုက်ဟု ခေါ်တွင်ကြသည်။ ထိုကျောင်းတိုက်တွင် ဦးပဏ္ဍိဘကျောင်းထိုင်ဆရာတော် ဖြစ်လာသည်။ သို့နှင့် ဦးပဏ္ဍိတအစား ဗန်းမော်ဆရာတော်ဟုသာ ခေါ်ကြသည်။

မင်းတုန်းမင်းတရားကြီးကလည်း "ဗဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်သည်။

ဦးပဏ္ဍင်းငယ်ဘဝကပင် ဗန်းမော်ဆရာတော်နှင့် မင်းတုန်းမင်းတို့ ခင်မင်ရင်းနှီးသည်။ ထို့ကြောင့် နန်းပော်သို့ မကြာခဏ ပင့်ဖိတ် ဆွမ်းကပ်လှူဒါန်းလေ့ရှိသည်။ ထိုသို့ ဆွမ်းကပ်လှူဒါန်းပြီးနောက် သာသနာရေးနှင့် ပတ်သက်၍ မရှင်းလင်း မကျေလည်သည်တို့ကို ဆွေးနွေးအမေးမြန်းလေ့ ရှိပါသည်။

**မှတ်ချက်။ ။**

**စာဆောရာဆရာတော်**–ပုဂံမင်းလက်ထက် သာသနာပိုင်သံဃာရာဇာ ဖြစ်သည်။

**ရှာနာမ်းစာဆို**–ဆရာတော်စာချစဉ် ဆရာတော် မိန့်သမျှကို အနီးမှနေ၍ တစ်လုံးချင်းလိုက်၍ ဆိုရသောရဟန်း ဖြစ်သည်။ သာမညဉာဏ်ရည်ဖြင့် ရဟန်းစာဆို မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထုံးရေးရဟန်း–သာသနာပိုင်ဆရာတော်ဘုရားကြီး စီရင်ဆုံးဖြတ်ခဲ့သော တရားစီရင်ထုံးမှန်သမျှကို မှတ်ရေးသော ရဟန်း။

တစ်ခါသော် ဗန်းမော်ဆရာတော်အား ဆွမ်းပင့်လှူဒါန်းပြီးနောက် 'မင်းတုန်းမင်းတရားကြီးက ဤသို့မေးမြန်းခဲ့လေသည်။

"မြတ်စွာဘုရားသခင်သည် တစ်နေရာတည်းတွင် တစ်ပြိုင်နက်တည်း တရားဟောပါသည်။ ထိုအခါ အချို့သော ပုဂ္ဂိုလ်များက သရဏဂုံတည်ရုံသာ တည်ပါသည်။ အချို့ကျတော့ သောတာပန်၊ အချို့ကျတော့ အနာဂါမ် စသည်ဖြင့် ဟည်ကြပါသည်။ သဗ္ဗညုတဉာဏ်ဘုရားသခင့်ကိုယ်တော်တိုင် တစ်နေရာတည်း တစ်ပြိုင်တည်း ဟောတားဖြစ်ပေမယ့် တရားရတာတော့ ဘာကြောင့် မတူကြတာပါလဲဘုရား၊ ရှင်းလင်းမိန့်ကြားတော်မူပါဦး ဘုရား"

"မေးသင့်တဲ့ မေးခွန်းပါပဲ၊ ဒကာတော်ရေမြေ့ရှင်ထင်သာမြင်သာအောင် ပုံပြင်တစ်ပုဒ်နဲ့ ပမာခိုင်း ရှင်းပြချင်ပါတယ်"

"ကောင်းပါပြီဘုရား"

"ရှေးတုန်းက ရွာတစ်ရွာမှာ သက်တူရွယ်တူ သူငယ်ချင်းနှစ်ယောက် ရှိတယ်။ လူလားမြောက် အရွယ်ရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါကျတော့ တက္ကသိုလ်ပြည်ကို သွားတယ်။ ဒီသာ ပါမောက္ခဆရာကြီးထံမှာ ဗေဒင်ပညာကို ဆည်းပူးသင်ယူကြတယ်။ တစ်ဆရာတည်းထံမှာ ပညာတစ်ခုတည်းကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်း သင်ယူနေကြတာပါ။

"ဒီလိုနဲ့ ဗေဒင်ပညာသင်ရိုးကုန်တဲ့အခါမှာ ဆရာ့ထံ ခွင့်ပန်ပြီး ရပ်ရွာပြန်ခဲ့ကြတယ်။ လမ်းခရီးမှာ ရွာတစ်ရွာဝင်ပြီး နားကြတယ်။ နားနေခိုက်မှာ သူငယ်ချင်းနှစ်ဦးဟာ သူတို့သင်လာခဲ့တဲ့ ဗေဒင်အကြောင်း၊ နက္ခတ်တွေအကြောင်း ဆွေးနွေးကြတယ်။ သူတို့ ပြောဆို ဆွေးနွေးနေတုန်း အမျိုးသမီးတစ်ဦး သူ့တို့အနီး ရောက်လာတယ်"

"အမောင်တို့က ဗေဒင်ဆရာတွေလား"

"ဟုတ်ပါတယ်"

"ဒါဆိုဟန်ကျတာပဲ။ အစ်မကြီးရဲ့ ခင်ပွန်းသည်ဟာ တစ်ရပ်တကျေးသွားပြီး စီးပွားရှာပါတယ်။ လအတော်ကြာသွားပြီ။ ခုအထိ စာလွှာမလာ၊ လူကြုံမမှာတာမို့လို့ သောကရောက်နေပါတယ်။ ကျေးဇူးပြုပြီး ဗေဒင်ပညာနဲ့ စစ်ဆေးပေးကြပါဦး မောင်တို့ရယ်"

သူငယ်ချင်းနှစ်ယောက်မှာလည်း ၎င်းတို့၏ ပညာကို ၎င်းတို့ လက်တွေ့စမ်းသပ်ချင်နေကြသည်နှင့် အခန့်သင့်

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ ထို့ကြောင့် စစ်ဆေးတွက်ချက်ကြသည်။ ထို့နောက် ပထမသူငယ်ချင်း ဗေဒင်ဆရာက –

"ဗေဒင်ပညာနဲ့စစ်ဆေးတွက်ချက် ချက်အရ ထွက်လာတဲ့အဖြေကတော့ အစ်မကြီးရဲ့ခင်ပွန်းသည်ဟာ အသက်ဆုံးရှာပါပြီ" ဟူ၍ ပြောလိုက်လေသည်။

"ဟုတ်ကဲ့လား ငါ့မောင်ရယ်"

ဤတွင် ဒုတိယသူငယ်ချင်း ဗေဒင်ဆရာက–

"ဟုတ်ပါတယ် အစ်မကြီး၊ အစ်မကြီးရဲ့ ခင်ပွန်းသည် အသက်ဆုံးတာ မှန်ပါတယ်၊ ဒီရွာရဲ့ အရှေ့ဘက်မြစ်ကမ်းနံဘေးမှာ ဆုံးရှာတာပါ။ အင်း–ဒီမနက်ကမှ ကျားကိုက်လို့ ဆုံးတာဆိုတော့ သွားကြည့်ရင် အလောင်းကို တွေ့နိုင်ပါတယ်" ဟူ၍ တိတိကျကျ ဟောကိန်းထုတ်လိုက်လေသည်။

ဤအခါတွင် အမျိုးသမီးလည်း ရွာကို အကူအညီတောင်းပြီး ဒုတိယဗေဒင်ဆရာဟောသည့်နေရာသို့ သွားရောက်သည်။ ဟောသည့်အတိုင်း ကွက်တိမှန်၍ နေလေသည်။

"ဟိုမောင်ဟောတာမှန်လှပါပေတယ်။ အစ်ကြီးရဲ့ ခင်ပွန်းသည်ဟာ ဆုံးရှာပါပြီ။ ဒုတိယဟောတဲ့ငါ့မောင်က

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး တိကျမှန်ကန်ပါတယ်။ တကယ်ပဲ အစ်မရဲ့ခင်ပွန်း သည်ကို မြစ်ကမ်းနံဘေးမှာ ကျားကိုက်ထားတာကို တွေ့ရ ပါတယ်"

နောက်တစ်နေ့ နံနက်တွင် အမျိုးသမီးကြီးက သူငယ်ချင်းနှစ်ယောက်ကို လာရောက်ပြောဆိုလေသည်။

"ပထမဗေဒင်ဆရာဟာ ဒီစကားကို ကြားရတော့ ဘဝင်သိပ်မကျလှဘူး"

ဗန်းမော်ဆရာတော်က စကားဆက်သည်။

မင်းတုန်းမင်းကြီးပင်ရှိသတ်တို့လည်း စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ဘယ့်နှယ် တစ်ရွာတည်းနေ တစ်ရေတည်းသောက် သက်တူရွယ်တူ တစ်ဆရာတည်းထံမှာ ပညာတူသင်ခဲ့ကြ တာ၊ ဘာ့ကြောင့် တတ်ပုံချင်း ခြားနားနေရတာတုံးပေါ့"

"သူငယ်ချင်း၊ မင်းကို ဆရာကြီးက ငါ့ထက်များ ဗေဒင်ပညာ ပိုပြီးသင်ပေးလိုက်လို့ ပိုပြီး တတ်နေလေ သလား သူငယ်ချင်း"

မကျေမနပ်ဖြင့် မေးလေသည်။

"မဟုတ်ရပါဘူး သူငယ်ချင်း၊ မင်းမကျေနပ်ရင် ဆရာကြီးထံ ပြန်ပြီး မေးကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းနှစ်ယောက်လဲ နောက်ကြောင်းပြန်လှည့်ကြတယ်။ တက္ကသိုလ်ပြည် ပြန်ခဲ့ကြတယ်။ ဆရာကြီးနဲ့ တွေ့တဲ့အခါကျတော့ ပထမဗေဒင်ဆရာက ဒိသာပါမောက္ခဆရာကြီးကို အကြောင်းစုံ ပြောပြမေးမြန်းတယ်"

"ဒီတော့ ဒိသာပါမောက္ခဆရာကြီးက မင်းတို့လဲ ခရီးပန်းလာကြတယ်။ နားကြပေဦး။ မနက်ကို စောစောထကြ။ ငါ့တပည့်တို့ မေးတဲ့အဖြေကို ငါပေးမယ်လို့ ပြောလိုက်တယ်"

"မိုးသောက်လုအရုဏ်တက်ချိန်ရောက်တော့ ဆရာကြီးက တပည့်နှစ်ဦးကို ခေါ်တယ်"

"ကဲ - တပည့်တို့၊ ဟောဒီမှာ ရှယ်တူအိုးနှစ်လုံး၊ တစ်လုံးစီယူကြ၊ မြေပေါ်မကျသေးတဲ့ နှင်းရည်ဂို ရအောင် စုဆောင်းခဲ့ကြ"

"အဲဒီလိုမှာပြီး တစ်ယောက်အိုးတစ်လုံးစီပေးလိုက်တယ်။ ပထမတပည့်ဗေဒင်ဆရာက သစ်ရွက်ပေါ်မှာတင်နေတဲ့ နှင်းရည်စက်တွေကို တစ်ရွက်ချင်း တစ်စက်ချင်း ခါချပြီး စုတယ်။ ဒုတိယသူငယ်ချင်း ဗေဒင်ဆရာကတော့ ခေါင်းကပဝါကို ဖြုတ်တယ်။ သစ်ရွက်တို့ မြက်တို့ပေါ်မှာ တင်နေတဲ့ နှင်းစက်တွေကို စိုစွတ်စေပြီး အိုးထဲကို ညှစ်ချပြီး စုတယ်။ ဒီတော့ ခဏလေးနဲ့ အိုးပြည့်သွားတယ်"

www.burmeseclassic.com



"ဒီလိုနဲ့ နေထွက်လာတယ်။ နှင်းတွေပျောက်တယ်။ သူငယ်ချင်းနှစ်ယောက် ဆရာကြီးဆီ ပြန်ခဲ့ကြတယ်။ ဒုတိယမဖေဒင်ဆရာရဲ့အိုးက အပြည့်ရပေမယ့် ပထမဖေဒင်ဆရာရဲ့အိုးကတော့ နည်းနည်းပဲရတယ်။ ဒီတော့မှ ဒိသာပါမောက္ခဆရာကြီးက –

"တပည့်တို့ သင်ကြားတဲ့နေရာကလဲ အတူတူ၊ သင်ပေးတဲ့ပညာကလဲ အတူတူ တစ်ခုတည်းပါပဲ။ ဒါပေမယ့် ခံယူတတ်တဲ့ဉာဏ်ရည် အရည်အချင်းမတူ ကွာခြားတဲ့အတွက်သာ တတ်မြောက်ပုံချင်း ခြားနားသွားတာဖြစ်တယ်"

"အဲဒီလို ဆရာကြီးက ရှင်းပြသတဲ့ ဒကာတော်ရေမြဲ့ရှင်"

"အဲဒီတော့မှ သူငယ်ချင်းနှစ်ယောက်လဲ သဘောပေါက်နားလည်သွားကြပြီး မိမိရပ်ရွာကို ပြန်သွားကြတယ်။ ဒီ... နှင်းရည်စုတဲ့ပုံပြင်ရဲ့ ဥပမာသဘောအကိုင်းပါပဲ ရေမြဲ့ရှင်။ မြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့ တရားတော်ဟာ အတူတူပါပဲ။ ဒါပေမယ့် တရားနာသူရဲ့ ဉာဏ်ရည်ခြားကြသလို၊ တရားရတာချင်းလဲ ကွာခြားကြတာဖြစ်တယ် ဒကာတော်ရေမြဲ့ရှင်"

ဗန်းမော်ဆရာတော်က ရှင်းလင်းဟောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ...ရှင်းလင်းလှကြောင်းပါဘုရား"

ဗန်းမော်ဆရာတော်က ဥပမာပေးဟောကြားတော်မူသည်ကို မင်းတုန်းမင်းကြီးသည် များစွာပင် သဘောကျနှစ်သက်တော်မူသည်။ ထို့ကြောင့်လည်း ရှင်းလင်းလှကြောင်း ဝန်ခံလျှောက်ထားလိုက်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၉။ အောက်ပေါက်က ပို့ကောင်းသည်

ဗန်းမော်ဆရာတော်ကို မင်း၊ မိဖုရားတို့ ကိုယ်တိုင်က ကြည်ညိုကိုးကွယ်သည်။ စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်သည်။ စာချိုး စာစပ်ကလည်း ထက်သည်။ ထို့ကြောင့် ဆေးနီးထက်အောက်ဝန်းကျင် ကျော်ကြားသည်။

နေပြည်တော်ရှိ ဆင်းရဲသား ဒကာတစ်ဦးသည် ဗန်းမော်ဆရာတော်အား ဆွမ်းကပ်လိုသည်။ သို့သော် မိမိတဲ့သို့ ဆင်းရဲသားအိမ်သို့ ကြွမှ ကြွပါ့မလားဟု မဝံ့မရဲဖြစ်သည်။ တစ်နေ့သော် သဒ္ဓါစိတ် ယိုဖိတ်လွန်းသဖြင့် ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ပြီး ဆွမ်းစား ကြွရောက်ပါရန် ပင့်ဖိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် တပည့်တော်အိမ်သို့ နေ့ဆွမ်းစားကြွတော်မူပါဘုရား။ ဆွမ်းစားပင့်ရပေမယ့် ကြွမှ ကြွတော်မူပါ့မလားလို့ မဝံ့မရဲ ဖြစ်ကြောင်းပါဘုရား"

"ဘာပြုလို့ မဝံ့မရဲ ဖြစ်ရတာလဲဒကာ"

"အရှင်ဘုရားက မင်းတရားကြီး ကိုးကွယ်တဲ့ဆရာတော်ကြီး ဖြစ်နေလို့ပါဘုရား"

"မဟုတ်တာဘဲ ဒကာ၊ ဘုရင်ဟာ ဘုန်းကြီးကို မပိုင်ပါဘူး။ သာသနာကသာ ပိုင်တာပါ။ ဒကာကြီး ပင့်ရင်လိုက်ပြီး ဘုဉ်းပေးရမှာပေါ့။ တစ်ခုတော့ရှိတယ်။ ပင့်ရင်များများတော့ ချက်ထား။ ဘုန်းကြီးက အစားကြီးတယ် ဒကာ"

ဗန်းမော်ဆရာတော်က ရှင်းရှင်းလင်းလင်း ပွင့်ပွင့်လင်းလင်း မိန့်ကြားတော်မူသည်။ မင်းကိုးကွယ်သည့်ဆရာတော်၊ ကျွမ်းတတ်ဆရာတော်၊ ဘွဲ့တံဆိပ်တော်ရဆရာတော်ဟူသော မာန်မာနမရှိ၊ ဘုန်းကြီးကို သာသနာကသာ ပိုင်သည်ဟု ဆိုသည်။

ဆွမ်းစားပင့်သောခါလည်း လွန်စွာ ဝမ်းမြောက်ကျေနပ်သည်။ နောက်တစ်နေ့တွင် ဆရာတော် ဆွမ်းစားကြွတော်မူသည်။ ချဉ်ပေါင်ကို ဝက်သားနှင့် မရောချက်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခြားဟင်းရံများလည်း စုံသည်။ ဆရာတော်သည် ထုံးစံအတိုင်း ခပ်များများပင် ဘုဉ်းပေးသည်။

"ဝက်သားနဲ့ ချဉ်ပေါင် ရောချက်ထားတဲ့ ဟင်းကို ဆရာတော်ဘုရား ကြိုက်မှကြိုက်ပါ့မလားလို့ စိုးရိမ်လိုက်ရတာ ဘုရား"

ဆွမ်းဒကာက လျှောက်ထားသည်။

ဇန်းမော်ဆရာတော်က ပြုံးတော်မူသည်။ ထို့နောက် ဤသို့ မိန့်လေသည်။

"ဒကာ လျှောက်ပုံဖြေရရင် အညာက ဦးပဥ္စင်း တစ်ပါး ဖြေသလို အထက်ပေါက်ထက်၊ အောက်ပေါက် ပိုကောင်းတယ်ဆိုပြီး ဖြေသလိုဖြေရတော့မှာပဲ"

"ရှင်းလင်းဟောကြားတော်မူပါဦးဘုရား"

ဆွမ်းဒကာနှင့် စုဝေးရောက်ရှိနေကြသော ပရိသတ်တို့က လျှောက်ထားတောင်းဆိုကြသည်။

"လွန်လေပြီးသောအခါကပေါ့ကွယ်။ အညာရွာတစ်ရွာမှာ ဒကာတစ်ဦးက ဦးပဥ္စင်းတစ်ပါးကို လွန်စွာ သဒ္ဓါကြည်ညိုတယ်။ ဒါနဲ့ ကျောင်းဆောက်လှူဒါန်းတယ်။ ကျောင်းထိုင်စေတယ်။ ဆွမ်းဝတ်ကိုလဲ ကျောင်းဒကာအိမ်ကပဲ တာဝန်ယူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းအမကြီးက ပေါက်ပွင့်သုပ်ကို ပင်တိုင်ထားပြီး နေ့စဉ်ပို့တယ်။ နေ့တိုင်း ပေါက်ပွင့်သုပ်ချည်းဆိုတော့ ဦးပဥ္ဇင်းလေးလဲ စိတ်ပျက်လာတယ်။ ပေါက်ပွင့်သုပ်နဲ့ ကင်းဝေးအောင် စီမံရတော့တယ်"

"အညာဒေသဆိုတာ ပေါက်ပင် အလွန်ပေါတယ်။ အောက်ပြည်အောက်ရွာမှာတော့ ငါး၊ ငါးပိ ပေါတယ်။ ဒီတော့...အောက်ပြည်အောက်ရွာကြွရင့်တော့ ပေါက်ပွင့်နဲ့ ဝေးမှာပဲလို့ အတွေးဝင်တယ်။ ဒါနဲ့ အညာကနေ အောက်ပြည် အောက်ရွာကို တိတ်တဆိတ်ကြွခဲ့တယ်"

"ရွာတစ်ရွာကို ရောက်တယ်။ ငါးပိထွက်တဲ့ ရွာလေးဆိုတော့ စီးပွားရေးလဲ အထိုက်အလျောက် အဆင်ပြေတယ်။ ဦးပဥ္ဇင်းကိုလဲ ကြည်ညိုကြတယ်။ ဒါနဲ့ ငွေကြေးတတ်နိုင်တဲ့ ဒကာမိသားစုက ကျောင်းဆောက်လှူဒါန်း ကိုးကွယ်ကြတယ်။ ဆွမ်းဝတ်ကိုလဲ ကျောင်းဒကာကြီးအိမ်ကပဲ တာဝန်ယူတယ်"

"ကျောင်းအမကြီးက ဦးပဥ္ဇင်းကို ဆွမ်းကပ်ဖို့ ဟင်းလျာ စဉ်းစားတယ်။ ဦးပဥ္ဇင်းက အညာကဆိုတော့ ငါးပိကို ညှီလို့ ဘုဉ်းပေးနိုင်မှာ မဟုတ်ဘူး၊ အညာစာဖြစ်တဲ့ ပေါက်ပွင့်သုပ်တော့ ကြိုက်မှာပဲလို့ စိတ်ကူးရတယ်။ ဒါနဲ့ ပေါက်ပွင့်သုပ်ကို ပင်တိုင်ထားပြီး ဆွမ်းကပ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပွင့်သုပ်ကို ငြီးလို့ရှောင်လာကာမှ ပေါက်ပွင့်သုပ်နဲ့ပဲ ထပ်တိုးရတဲ့ ဦးပဉ္စင်းမှာ အခက်တွေ့ရတော့တာပဲ။ ဒါကြောင့်…ကျောင်းအမကြီးကို ဖွင့်ပြောမှ ဖြစ်တော့မှာပဲ လို့ ဆုံးဖြတ်လိုက်တယ်"

"ဒကာမကြီး၊ ဦးပဉ္စင်း ဒီရွာကို ရောက်လာရတဲ့ အကြောင်းရင်းကို သိရဲ့လား"

"မသိကြောင်းပါဘုရား"

ကျောင်းအမကြီးကလည်း အမှန်အတိုင်းပင် ပြောသည်။

"ပေါက်ပွင့်သုပ်ကြောင့်ပဲ"

"ရှင်"

"ဒီလို ဒကာမကြီး၊ ဦးပဉ္စင်းက အညာတောရွာ တစ်ရွာမှာ သီတင်းသုံးတယ်။ အဲဒီရွာကျောင်း၊ ကျောင်းအမကြီးက နေ့တိုင်းပဲ ဆွမ်းပို့တဲ့အခါ ပေါက်ပွင့်သုပ်ချည်း ကျွေးကျွေးနေလို့ ဒီရွာကိုထွက်ခဲ့တာပဲ ဒကာမကြီး။ ဒီရောက်တော့လဲ ဒကာမကြီးက ပေါက်ပွင့်သုပ်ကြီး ကျွေးနေပြန်ပြီ"

ဦးပဉ္စင်းက အခြားဟင်းနှင့် ပြောင်းလဲ၍ ကပ်အောင် [illegible]လမ်းကြောင်း၍ ပြောသည်။

"အရှင်ဘုရား၊ ဒီလိုဆိုရင် အခြားဟင်းပြောင်းပြီး ကပ်ပါတော့မယ်ဘုရား" ဟု လျှောက်ထားလေမလားဟု

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်၍ ရေလာမြောင်းပေးပြောခြင်း ဖြစ်သည်။ သို့သော် ဒကာမကြီး လျှောက်တင်လိုက်တာက –

"မှန်လှပါ အရှင်ဘုရား၊ အရှင်ဘုရားက အညာမှာလဲ ပေါက်ပွင့်သုပ်ချည်း နေ့တိုင်းဘုဉ်းပေးခဲ့ရတယ်။ ဒီအောက်ရောက်တော့လဲ ပေါက်ပွင့်သုပ်ချည်း ဘုဉ်းပေးရတယ်ဆိုတော့..."

"ပေါက်ပွင့်သုပ်နဲ့ ပတ်သက်ပြီး အတွေ့အကြုံ များပြီး ကျွမ်းကျင်နေရောပေါ့ဘုရား။ ဒီတော့ အထက်ပေါက်နဲ့ အောက်ပေါက် ဘယ်ပေါက်က ပိုပြီး ကောင်းသလဲဘုရား"

ဦးပဥ္စင်းခမျာ မည်သို့ ဖြေရမည်နည်း။ လည်ချောင်းတွင်း တစ်ဆို့ကြီး ဖြစ်နေသည်။ မတွေးနိုင် မအန်နိုင်နှင့် ကျောင်းအမကြီး လျှောက်ထားမေးမြန်းပုံ များစွာ အကျပ်ရိုက်တော့သည်။ ထို့ကြောင့် မဖြေချင့်ဖြေချင်နှင့် –

"အောက်ပေါက်က ပိုကောင်းပါတယ် ဒကာမကြီး"

"အဲဒီလိုပါပဲ ဒကာကြီးရယ်၊ ဒကာကြီးကပ်တဲ့ ဝက်သားနဲ့ ချဉ်ပေါင်ဟင်းက ပိုပြီး ကောင်းပါတယ်"

ဗန်းမော်ဆရာတော်ကြီး၏ စကားဆုံးလျှင် ဆွမ်းဒကာကြီးနှင့် တရားနာရောက်ရှိနေကြသော ပရိသတ်မှာ တခွေခွေသော ပွဲကျသွားကြသည်။

ဗန်းမော်ဆရာတော်ကား ဟာသဉာဏ်လည်း ရွှင်လှပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ အချိန်နှင့် လူမကြပါ

ဆွမ်းစားပြီးနောက် မွန်းလွဲပိုင်း စာဝါတက်ချိန် ဖြစ်သည်။ ဗန်းမော်ဆရာတော်ကိုယ်တိုင် စာချသည်။ ဆွမ်းစားပြီးစဖြစ်၍ အချို့သော ပဉ္စင်းငယ်တို့ အိမ်ငိုက်ကြသည်။ ဆရာတော်ကလည်း သိသည်။

"ဆွမ်းစားပြီးချိန်ဆိုတော့ မောင်ပဉ္စင်းတို့ ငိုက်ကြသကိုး၊ ကိုင်း...သူ့အချိန်နဲ့သူ လုပ်ရတယ်ဆိုတာ သိအောင် ပုံပြင်လေးတစ်ပုဒ်တော့ ပြောဦးမှပဲ"

ပုံပြင်ဆိုသည်နှင့် ပဉ္စင်းငယ်တို့ မျက်လုံးပြူးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး...ရှေးရှေးတုန်းက ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ ချမ်းသာတဲ့ မုဆိုးမကြီးတစ်ယောက် ရှိတယ်။ မုဆိုးမကြီး ဖြစ်ပေမယ့် အိမ်မှာ အဖော်အရွှေရယ်လို့ တစ်ယောက်မှ မရှိဘူး။ ဥစ္စာပစ္စည်းကလဲ ချမ်းသာ၊ မုဆိုးမအိုကလဲဖြစ်၊ အဖော် အရွှေကလဲမရှိတော့... အဲဒီအိမ်ကို သူခိုးတွေက မျက်စိကျ တယ်"

စာသင်သားအားလုံးမှာ ဆရာတော်၏ ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"သူခိုးတွေထဲက တစ်ယောက်ကတော့ အခွင့်သာ တာနဲ့ ခိုးဖို့ စောင့်ရင်း မုဆိုးမကြီးကို အသေအချာ ဇလေ့လာ တယ်။ မုဆိုးမကြီးကလဲ ပါးနပ်တယ်။ ဒီ့လုပ်ကလဲ ဇယ်ဆက်သလို မပြတ်လုပ်တယ်။ ညဥ့်နက်သန်းခေါင် ကောက်တော်နဲ့မအိပ်ဘူး။ မီးခွက်တစ်ခွက်နဲ့ တချောက်ချောက် လုပ်ရင် လုပ်၊ ဘုရားအော်ရှိခိုးရင် ရှိခိုး တစ်မျိုးမျိုး လုပ်နေ တတ်တယ်။ နိုးနိုးကြားကြားနေတယ်။ ဒီတော့ သူခိုးမှာ ခိုးဖို့ မဆို့ထားနဲ့ အဝင်တောင် ခက်နေတယ်။

"သူခိုးတစ်ယောက်ကတော့ ဖွဲကောင်းတယ်။ ခိုးရ အောင် ခိုးမယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ တစ်နေ့ အဘွားကြီး အလစ် နေ့ခင်းကတည်းက အိမ်ထဲဝင်၊ ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ် တက်ပြီး ကပ်နေတယ်။ ညဘက်အလစ်ကို စောင့်နေတယ်"

နောက်တော့...အကင်းပါးတဲ့ အဘွားကြီးက ရိပ်မိတယ်။ ဒါပေမယ့် ချက်ချင်း မအော်ဘူး။ မတော်...မထူးဘူး ဆိုပြီး သူခိုးက အတင်းဝင် ဓားနဲ့ထိုးရင် ဒုက္ခ။ ဒီတော့ သူခိုး ကပ်နေတာကို မသိချင်ယောင်ဆောင်နေလိုက်တယ်။

အဘွားကြီးက ညဏ်များတယ်။ လက်ဖက်တွေ များများသုပ်တယ်။ ရေနွေးကြမ်းများများ တည်တယ်။ ပြီးတော့ အိမ်နီးနားချင်းတွေကို ရေနွေးကြမ်းသောက်ဖို့၊ လက်ဖက်စားကြဖို့ တကြော်ကြော် ခေါ်တယ်။

"အိမ်နီးနားချင်းတွေလဲ လက်ဖက်သုပ်စားကြရင်း၊ ရေနွေးကြမ်းသောက်ရင်း စကားစမြီပြောကြဖို့ တစ်ယောက်ပြီး တစ်ယောက် ရောက်ရှိလာကြတယ်"

"ကိုရင်ဖိုးသာတို့..."

"ဗျာ...ကြီးတော်"

"သူခိုးဆိုတာမျိုးက ဘယ်အချိန်မှာ လာတတ် ခိုးတတ်သလဲကွယ့်"

"ဩော်...ကြီးတော်ရယ်၊ သူခိုးဆိုတာ ညဥ့်နက်မှ လာတတ် ခိုးတတ်တာပေါ့ ကြီးတော်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်နက်ဆိုတာ ဘယ်အချိန်လောက်များလဲကွယ့်"

"သန်းခေါင်၊ သန်းခေါင်ကျော်ပေါ့ ကြီးတော်၊ လူတွေ အိပ်မှ၊ အိပ်မောကျမှ ခိုးရတာကိုး၊ ဒါနဲ့...ဘာဖြစ်လို့လဲ ကြီးတော်"

"ဘာဖြစ်ရမလဲကွယ်၊ ငါ့အိမ်ထုတ်ပေါ်တက်နေတဲ့ မောင်ရင်ကတော့ အစောကြီး ရောက်နေလို့ကွယ့်"

အဘွားကြီးမှာ အလွန်းပါးနပ် အကြံပိုင်သည်။ သူ့စုံမှ ထုတ်ပေါ်ကပ်နေသော သူခိုးကို ဖော်ထုတ်လိုက်သည်။ သူခိုးလည်း ထိတ်လန့်သွားကာ ထုတ်ပေါ်မှ ခုန်ချကာ ပြေးသွားလေတော့သည်။

"အဲဒီလိုပဲ မောင်ပဥ္စင်းတို့၊ အလုပ်ဆိုတာ အချိန်နဲ့ လုပ်ရတယ်။ အချိန်မကျဘဲလုပ်တော့ ဘယ်မှာလာပြီး အချိုးပြေပါ့မလဲ။ မောင်ပဥ္စင်းတို့လဲ ခုအစောကြီး ရှိသေးတယ်။ အချိန်မကျသေးဘဲ ငိုက်နေကြပြီကိုး"

ဗန်းမော်ဆရာတော်ကြီးက နေ့ချင်းဘက် စာချနေစဉ် စာသင်သား တပည့်ဦးပဥ္စင်းများ ငိုက်နေသည်ကို တွေ့သဖြင့် အဆိုပါ ပုံပြင်ကို ပြောခြင်း ဖြစ်သည်။

ပုံပြင်ဆုံးသည်တွင် အိပ်ငိုက်နေသော ဦးပဥ္စင်းများသည်း ဝါးခနဲ ရယ်မောလိုက်ကြသည်။ အိပ်ချင်စိတ်လည်း ပျောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာဆိုသည်မှာ သူ့နေရာနှင့် သူ အသုံးချရသည်။

စာသင်ရာ၊ ဟောပြောရာတွင်လည်း ဟာသပညာကို သူ့နေရာနှင့်သူ အသုံးချတတ်ရသည်။ ထောင်တန်သည့် စကား ရယ်ပေါ့ မဖြစ်စေရသလို တစ်ဖက်သား စိတ်ဝင်စားမှန်းမသိ၊ စိတ်မဝင်စားမှန်းမသိ တစ်ပြေးတည်းပြောနေ၍ မဖြစ်ပေ။

ဗန်းမော်ဆရာတော်ကား တပည့်များ၏ အခြေအနေ တုံ့ပြန်မှုကို အမြဲစိတ်ဝင်စားသည်။ အကဲခတ်သည်။ ရယ်စရာ၊ မှတ်စရာ ပုံပြင်များ၊ အကြောင်းအရာများကို ညှပ်သွင်း ပြောဆိုခြင်းအားဖြင့် စိတ်ပြောင်းစေကာ စာပေပို့ချသည်။ ထို့ကြောင့် စာပေပို့ချရာတွင်လည်း ဗန်းမော်ဆရာတော်သည် အောင်မြင်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ ကျေးဇူးကြီးလှန်းလို့ပါ

ဗန်းမော်ဆရာတော်သည် ထူးခြားထက်မြက်သော ပုဂ္ဂိုလ်ကျော် ဖြစ်ပါသည်။ ပြောခွင့်ကြုံ၍ ဒိုးဒိုးဒေါက်ဒေါက် နှင့် ပွင့်လင်းပြတ်သားစွာ ပြောတတ်ပါသည်။ တပည့်တပန်းများနှင့် ပတ်သက်လာလျှင်လည်း ငဲ့ညှာထောက်ထားသည်း ခံတတ်သူ ဖြစ်ပါသည်။

ဆရာတော် စိတ်ရှည်သည်းခံတတ်ပုံကို သာဓက ဆောင် တင်ပြလိုပါသည်။

တစ်ခါသော် အုန်းတောရွာကျောင်းဆရာတော်၏ ရှာပနကိစ္စအတွက် ဗန်းမော်ဆရာတော်၊ စလင်းဆရာတော်၊ မောင်းထောင်ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့ အုန်း

www.burmeseclassic.com

www.burmeseclassic.com



တောရွာကျောင်းဇရပ်တစ်ခုတွင် စုဝေးမိကြပါသည်။ ဆွမ်းစားပြီးနောက် ထွေရာလေးပါး စကားပြောမိကြပါသည်။

"အရှင်ဘုရားတို့၊ တပည့်တော်ဟာ ဗန်းမော်ဆရာတော်ရဲ့ ဓမ္မန္တေဝါသိက တပည့်ဖြစ်ပါတယ်"

သင်္ဂဇာဆရာတော်က စကားစသည်။ အပြောအဟော ကောင်းသည်ဟူသော နာမည်ကျော်သော သင်္ဂဇာဆရာတော်က စကားစလျှင် အားလုံးက စိတ်ဝင်စားစွာ နားထောင်ကြပါသည်။

"ဆရာတော်ကို တပည့်တော် အလွန်ကြည်ညိုပါတယ်။ ဒါ့ကြောင့်...တပည့်တော် ကျိန်းစက်တဲ့အခါမှာ ဆရာတော်ဘုရားကြီးရှိရာ အရပ်ကို ကန်တော့ပြီးမှ ကျိန်းစက်ပါတယ် ဘုရား"

ဗန်းမော်ဆရာတော်သည်လည်း ခက်မဆိတ်ပင် နားထောင်နေပါသည်။

"ဆရာတော်ဘုရား အရှေ့ဘက်မှာ သီတင်းသုံးတော်မူကြောင်းသိရင် အရှေ့ဘက်အရပ်ကို ရှေးရှုကန်တော့ပြီးမှ ကျိန်းစက်ပါတယ်။ အနောက်ဘက်အရပ်မှာ သီတင်းသုံးတော်မူကြောင်းသိရင် အနောက်ဘက်အရပ်ကို ရှေးရှုကန်တော့ပြီးမှ ကျိန်းစက်ပါတယ်။ တောင်ဘက်အရပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သိတင်းသုံးတော်မူကြောင်းသိရင် တောင်ဘက်အရပ်ကို ရှေးရှုကန်တော့ပြီးမှ ကျိန်းစက်ပါတယ်။ မြောက်ဘက်အရပ်မှာ သိတင်းသုံးတော်မူကြောင်းသိရင် မြောက်ဘက်အရပ်ကို ရှေးရှုကန်တော့ပြီး ကျိန်းစက်ပါတယ်"

တပည့်သင်္ဂဇာဆရာတော်သည် တစ်ခုခုဆိုတော့မည်ကို ဇန်းမော်ဆရာတော်ဘုရားကြီး ရိပ်မိတော်မူဟန်ရှိသည်။ ထို့ကြောင့် ကွမ်းစားမပျက် ပြုံး၍ နားထောင်နေတော်မူသည်။

အခြားဆရာတော်များကလည်း သင်္ဂဇာဆရာတော်ဤမျှ စကားပျိုးနေလျှင် တစ်စုံတစ်ရာ ကျီစယ်လိုဟန်ရှိကြောင်း ရိပ်မိကြသည်။ ထို့ကြောင့် ငြိမ်၍ နားထောင်နေကြသည်။

"အသလောက် ကြည်ညိုရတဲ့ တပည့်တော်ရဲ့ဆရာဘဝနတ်ထံပျံလွန်တော်မူခဲ့ရင်ဖြင့် မဟာပထဝီမြေကိုသာ ရှေးရှုရည်မှန်းကန်တော့ပြီးမှ ကျိန်းစက်ရမယ်ထင်ကြောင်းပါ ဘုရား"

သင်္ဂဇာဆရာတော်က စကားကို အဆုံးသတ်သည်။

ဇန်းမော်ဆရာတော်ကား ကွမ်းစားမပျက်၊ အပြုံးမပျက်။ စလင်းဆရာတော်က –

www.burmeseclassic.com

www.burmeseclassic.com



"သင်္ဂဇာဆရာတော်ရဲ့ မဟာပထဝီမြေကြီးကိုသာ ရှေးရှုရည်မှန်းကန်တော့ပြီးမှ ကျိန်းစက်ရမယ်...ဆိုတဲ့ စကားက ဗန်းမော်ဆရာတော် ပျံလွန်တော်မူရင် အဝိုစိကျလိမ့်မယ်လို့ အဓိပ္ပာယ်သက်ရောက်နေပါရော့လား" ဟူ၍ စကားထောက်သည်။

အားလုံးအသံထွက်အောင်ပင် ရယ်မောကြသည်။

"တပည့်တော်က ဒီအဓိပ္ပာယ်နဲ့ ပြောတာ မဟုတ်ပါဘူးဘုရား။ အလွန်လဲထက်၊ တပည့်တော်ရဲ့ဆရာရင်းလဲဖြစ်တဲ့ ဗန်းမော်ဆရာတော်ကို အဲသလို မပြောဝံ့ပါ ဘုရား...။ တပည့်တော်ရဲ့ ဆိုလိုရင်းက...ဆရာရင်းဖြစ်တော် မူတဲ့ ဗန်းမော်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတော်ဟာ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးတမျှ တုနှိုင်းလောက်တယ်လို့ ရည်မှန်းကန်တော့ပြီးမှ ကျိန်းစက်ရလိမ့်မယ်လို့ ဆိုလိုရင်းပါဘုရား"

အားလုံးပင် ရွှင်ပြုံးရယ်မောကြသည်။

"ဒါကြောင့်လဲ...သင်္ဂဇာတို့ ထက်အောက်ဝန်းကျင် နာမည်ကျော်ပေတာပဲ။ သို့ပေမယ့် မူလဆိုလိုရင်းကတော့... သူ ရှင်းပြတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ပေဘူး။ မလင်းဆရာတော် မိန့်တာမျိုး ဖြစ်မှာပါ...။ မြတ်စွာဘုရား

www.burmeseclassic.com



ကိုယ်တော်မြတ်ကြီးသာ ရှိတော်မူရင် သင်္ဂဇာကို မဟုတ်တာကို ကြံဖန်ပြောတဲ့ နေရာမှာ တော်လွန်းလို့ ဧတဒဂ်ထားမယ်ထင်တယ်”

ဗန်းမော်ဆရာတော်ကား တမည့်အပေါ် စိတ်မဆိုး။ အပြုံးမပျက်၊ ဤသို့လျှင် ကောက်ချက်ချ ချီးကျူးတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ ကာံ၊ ဉာဏ်၊ ဝီရိယ ညီညွတ်မျှတမှသာလျှင်

တစ်ခါသော် မင်းတုန်းမင်းတရားကြီးသည် ဗန်းမော်ဆရာတော်အား နန်းတော်သို့ပင့်၍ ဆွမ်းကပ်သည်။ ဆွမ်းကပ်ပြီးနောက် မင်းတုန်းမင်းကြီးက ဗန်းမော်ဆရာတော်ကို ဤသို့ မေးလျှောက်ခဲ့လေသည်။

"ဆရာတော်ဘုရား၊ တပည့်တော်လဲ လက်လှမ်းမီသမျှ စာပေကျမ်းဂန်တွေကို ဖတ်ရှုပါတယ်။ အဲဒီမှာ...ကာံ၊ ဉာဏ်၊ ဝီရိယ သုံးပါးရှိတဲ့အနက် ဘယ်သင်းက ပိုပြီး အရေးကြီးတယ်ဆိုတာ မပေခွဲတတ်အောင်ပါပဲ ဘုရား"

မင်းတုန်းမင်းတရားကြီးက လျှောက်ထားမေးမြန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပေတယ် ဒကာတော်ရေမြွေရှင်၊ ဒီသုံးခုအနက် ဘယ်ဟာ ပိုအရေးကြီးသလဲဆိုတာကို ပုံပြင်တစ်ပုဒ်နဲ့ မှမဲ့တင် ပြောပြချင်တယ်"

"မှန်လှပါဘုရား"

ရွာတစ်ရွာမှာ ငယ်သူငယ်ချင်းသုံးယောက်ရှိတယ်။ တစ်ဦးက ကံကိုသာ အားထားယုံကြည်တယ်။ တစ်ဦးကတော့ ဉာဏ်သည်သာ အဓိကလို့ ယုံကြည်တယ်။ နောက်တစ်ဦးကတော့ ဝီရိယသာလျှင် ပဓာနလို့ ယုံကြည်တယ်။

"ငယ်ပေါင်းတွေဖြစ်ပေမယ့် ယုံကြည်ချက်ချင်း မတူညီဘူး၊ ဆုံတိုင်း ကြုံတိုင်း ကံသမားကလဲ ကံ၊ ဉာဏ်သမားကလဲ ဉာဏ်၊ ဝီရိယသမားကလဲ ဝီရိယသာလျှင် အဓိကဖြစ်ကြောင်း ပြောကြ ငြင်းကြတယ်"

"လောကမှာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖဆိုတဲ့စကားလိုပဲ အရာရာမှာ ကံသာအဓိကပဲ၊ ကံကောင်းရင် တစ်ချက်ဆိုတာလို ကံကောင်းပြီဆိုရင် ဘာမဟုတ်တာလေးနဲ့ ပေမယ့် ချမ်းသာသွားနိုင်တယ်။ ကံမခိုင် သံတိုင် အိမ်ဆောက်ပေမယ့် ကံမှောက်ရင်လဲဆိုတာလိုပဲ ကံမကောင်းရင် လာလုပ်လုပ် ခံရမှာချည်းပဲ မှတ်ပေတော့ သူငယ်ချင်းတို့"

ကံသမားက အခိုင်အမာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ဉာဏ်သာလျှင် အဓိကပါ။ ဉာဏ်မရှိရင် ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။ မြတ်စွာဘုရားသခင်ကတောင် တရားရဖို့အဆင့်ကို ဉာဏ်စဉ်ဆယ်ပါးလို့ ဟောခဲ့တာပဲ"

ဉာဏ်သမားကလည်း အကိုးအကားများနှင့် ပြောသည်။

"လောကမှာ ဝီရိယသာ အရေးကြီးဆုံး သူငယ်ချင်းတို့။ မင်းတို့က မျိုးတိုင်း ကံလွှဲချ၊ ဉာဏ်လွှဲချနဲ့၊ တကယ်တော့ လောကမှာ ဘာမဆို ဝီရိယထားပြီး လုပ်မှ ကြီးပွားတိုးတက်မှာကွ"

"ဒကာတော်ရေ၊ သူတို့ သုံးဦးသားဟာ တွေ့တိုင်းအဲသလိုပဲ ငြင်းခုံကြတယ်။ ဒါပေမယ့် အနိုင်အရှုံး မပေါ်ဘူး။ တစ်ယောက်ကမှလဲ အလျှော့မပေးဘူး။ ကြာတော့ အားပတ်ဝန်းကျင်ကပါ စိတ်ရှုပ်လာကြတယ်။ ဒီတော့ ရှာခေါင်းဆီသွားပြီး အဆုံးအဖြတ်ခံဖို့ တိုက်တွန်းတယ်"

"ဒါနဲ့ အဆုံးအဖြတ်ခံဖို့ ရွာခေါင်းဆီ ရောက်သွားကြတယ်။ ရွာခေါင်းဆီရောက်တော့လဲ ကိုယ်သန်ရာ သန်ရာ အကိုးအကားတွေနဲ့ တင်ပြပြောဆိုကြတယ်။ ရွာခေါင်းလဲ မဆုံးဖြတ်တတ်တော့ဘူး။ သူတို့ သုံးယောက်ကို ရွာသူကြီးဆီ သွားဖို့ ညွှန်လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတင်ပြကြ၊ ငြင်းကြ စုံကြရင်းနဲ့ သူကြီးကနေ မြို့ဝန်၊ မြို့ဝန်မင်းရုံးတော်ကနေ လွှတ်တော်၊ လွှတ်တော်ကလဲ မဆုံးဖြတ်နိုင်တော့ မင်းကြီးဆီထိ ရောက်ကြတော့တယ်"

"ဘုရင်မင်းတရားကြီးလဲ ပြိုင်ဆိုင် ငြင်းခုံကြတဲ့ သူငယ်ချင်းသုံးယောက်ကိုခေါ်ယူတွေ့ဆုံတယ်။ တင်ပြချက် လျှောက်လဲချက်တွေကို သေသေချာချာ ကြားနာတယ်"

"မောင်မင်းတို့ လျှောက်တင်တဲ့ အချက်တွေကို ကြားနာလို့တော့ ပြီးပြီ။ ဒါပေမယ့် ဆုံးဖြတ်စီရင်ချက်ကို ချက်ချင်း မချသေးဘူး။ မောင်မင်းတို့ သုံးယောက်စလုံး နေပြည်တော်ရဲ့တောင်ဘက်မှာရှိတဲ့ တောအုပ်ထဲမှာ သွားပြီး နေကြရမယ်။ နန်းတော်က အမိန့် တစ်စုံတစ်ရာမရမချင်း ဘယ်ရွာနားကိုမှမသွားရ၊ မကပ်ရဘူး။ သွားရင် သေဒဏ်ပဲ"

"ဘုရင်ကြီးက အဲသလို အမိန့်တော် မှတ်ပြီး နယ်နှင်ဒဏ်ပေးထားလိုက်တယ်"

"ဘုရင့်အမိန့်တော်နဲ့ ချက်ချင်း ထွက်လာကြရတော့ သုံးဦးသားမှာ ဘာရိက္ခာမှ ပါမလာကြဘူး။ သည်လိုနဲ့ တောထဲမှာ ဆာဆာနဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ နားရင်း အပန်းဖြေ အိပ်စက်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကံသမားကတော့ ကံကောင်းရင် စားရမှာပဲလို့ ကံအားကိုးနဲ့ အိပ်တော့တာပဲ"

"ဉာဏ်သမားကတော့ အစာရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ တွေးနေလိုက်တာ မိုးသာလင်းရော အိပ်မပျော်ဘူးတဲ့"

"အရုဏ်တက်ချိန်ရောက် သူတို့အိပ်နေတဲ့နေရာရဲ့ တောင်ဘက်ဆီက ကျီးအော်သံကြားရသတဲ့။ ဉာဏ်သမားက စဉ်းစားတယ်။ ဒါဟာ အစာတွေ့လို့ အစာလုရင်း အော်တဲ့ ကျီးအော်သံဖြစ်မှာပဲလို့ စဉ်းစားမိပြီး အိပ်နေတဲ့ သူငယ်ချင်းတွေကို နှိုးလိုက်တယ်။

"အစာရဖို့ လမ်းစရပြီ။ တောင်ဘက်က ကျီးအော်သံတွေ ကြားတယ်မဟုတ်လားသူငယ်ချင်းတို့"

"ဘာ...အစာရဖို့ လမ်းစရပြီ၊ ဟုတ်လား။ ဒါဆို... လာသွားမယ်။ ဝီရိယဆိုတာ ထားနိုင်မှ တန်ကာကျတယ်"

ဝီရိယသမားက ချက်ချင်းပင် ထိုသို့ ပြောသည်။

"ဘာ...အစာရဖို့ လမ်းစရပြီ၊ ဟုတ်လား။ လုပ်မနေပါနဲ့ကွာ၊ ကံကောင်းရင် စားရမှာပေါ့"

ကံသမားက ထိုသို့ပြောပြီး ပြန်လှဲနေသည်။

"ဒီလိုနဲ့ ဉာဏ်သမားနဲ့ ဝီရိယသမားတို့ဟာ ကျီးအော်သံတွေ ကြားတဲ့ဘက် ထွက်ခဲ့ကြတယ်။ ဉာဏ်သမား

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားထားတဲ့အတိုင်းပဲ။ တောထဲက စေတီတစ်ဆူရဲ့ဘေး သင်ပုတ်ပလ္လင်မှာ ရှာသားတွေက ဆွမ်းစွန့်ထားတာ တွေ့ ရတယ်။ သူငါ့နှစ်ဦး ထမင်းဟင်းတွေ တစ်ဝစားလိုက်ကြ တယ်။ ပိုငွေ ထမင်းတွေကိုလဲ နောက်စားရအောင်ဆိုပြီး ဖက်နဲ့ ထုပ်ပြီး ယူခဲ့ကြတယ်"

"သူတို့ နားတဲ့ သစ်ပင်ကြီးဆီ ပြန်ရောက်တယ်။ အိပ်နေတဲ့ ကံသမားကို နှိုးပြီး ထမင်းကျွေးတယ်။ အဲဒီမှာ ကံသမားက ဘာပြောသလဲဆိုတော့..."

"တွေ့လား၊ ဉာဏ်လဲ မလိုဘူး၊ ဝီရိယလဲ မလိုဘူး၊ ကံကောင်းတော့ စားရတာပဲ မဟုတ်လား"

"သူငယ်ချင်း ဒီလို ကျေးဇူးကန်းစကား မပြောနဲ့၊ ငါသာ စဉ်းစားဉာဏ်မကောင်းရင် မင်း ခုလို စားရမှာ မဟုတ်ဘူး"

"ဒါလဲ မဟုတ်သေးဘူးကွ၊ ဝီရိယထားပြီးသွားမရှာ ရင် ဘယ်ရမလဲ။ နောက်ကျသွားရင် ကျီးတွေ စားတာနဲ့ ကုန်မှာ။ ဝီရိယအကျိုးကြောင့် စားရတာ"

"သူတို့ ငြင်းနေတုန်း အမတ်ငယ်တစ်ယောက်နဲ့ မင်းချင်းတွေရောက်တဲ့အခါမှာ အမတ်ငယ်က ဒေသတွင်း အဖြစ်အပျက်အားလုံးကို သေသေချာချာ လျှောက်ထား တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့မှ သူတို့ သုံးယောက်နောက်ကို လိုက်စုံစမ်းတာ သိတယ်။ အမတ်ငယ်ရဲ့ လျှောက်ထားချက်ဆုံးတော့မှ ဘုရင်ကြီးက ..."

"ကံချည်းပဲ အားကိုးနေလို့မရသလို ဉာဏ်ချည်းပဲလဲ အားကိုးလို့ မရဘူး။ အဲသလိုပဲ...ဝီရိယချည်းပဲလဲ အားကိုးလို့မရနိုင်ဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ မျှတကြမှသာလျှင် သူနေရာနဲ့သူအောင်မြင်နိုင်တယ်။ မောင်မင်းတို့ သုံးယောက်လဲ ပြိုင်ဆိုင်မာနထားမယ့်အစား ညီညွတ်ကြရမယ်"

"အဲသလို ဘုရင်မင်းမြတ်က ကံသမားကို အိမ်ရှေ့အရာ၊ ဉာဏ်သမားကို ခုံသမာဓိမင်း၊ ဝီရိယသမားကိုတော့ စစ်သေနာပတိ အသီးသီး ချီးမြှင့်မြှောက်စားလိုက်သတဲ့ ဒကာတော်ရေမြေ့ရှင်"

"ဒါကြောင့် ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် ဘယ်သင်းကမှ ဦးဆောင်တယ်မဟုတ်ဘူး၊ အားလုံး ညီညွတ်မျှတတယ်လို့ မှတ်ယူရမယ်"

"ရှင်းလင်း သဘောပေါက်ကြောင်းပါဘုရား"

မင်းတုန်းမင်းတရားကြီးက ဇနီးမော်ဆရာတော်အား လျှောက်ထားပြီး ရိုသေစွာ ကန်တော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၃။ ငွေစမြင်မှ ကြင်တတ်သည်

ဗန်းမော်ဆရာတော်သည် ကျမ်းဂန်နှံ့စပ်သလောက် စာချိုးကောင်းသည်။ လောကုတ်လောကီနှစ်လီသော ဗဟုသုတလည်း ကြွယ်သည်။ စာဝါပို့ချမှု အောင်မြင်သလို ပြောစရာရှိလျှင် ဒိုးဒိုးဒေါက်ဒေါက် ပြောချတတ်သည်။

ပြောရာဟောရာတွင်လည်း ထက်ထက်မြက်မြက်ရှိသကဲ့သို့ နာသူပရိသတ်ဝို့ ရွှင်ပျော်ကြည်နူးအောင် ပြောဟောတတ်ပေသည်။

တစ်နေ့သော်...ပွဲစားတစ်ဦး ဆရာတော့်ထံ ရောက်လာသည်။ ဖူးမြော်ကန်တော့သည်။

"အရောင်းအဝယ်များ ကောင်းရဲ့လား ပွဲစားကြီးရဲ့"

"အသင့်အတင့်ပါပဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"လူ့ဘောင်မှာနေရင် လူ့ဘောင်မှာ အောင်မြင်အောင် ကျင့်၊ စီးပွားရေးကောင်းအောင် ရှာရမှာပဲ ဒကာ"

"ကင်ပါ့ဘုရား"

"စီးပွားမရှာနိုင်လို့ကတော့ သူတစ်ပါးမပြောနဲ့၊ ကိုယ့်မယားကတောင် မရှိသေချင်ဘူးကွယ့်"

"မိန့်တော်မူပါဦးဘုရား"

"တစ်ခါက ရွာတစ်ရွာမှာ လက်လုပ်လက်စား လင်မယားနှစ်ယောက် ရှိကြတယ်"

ဆရာတော်က ပုံပြင်ကို စပြောသည်။

"ရှင်ကတော့ ဘာမှ မပူတတ်ဘူး၊ ဒီလို အေးတိအေးစက်နေလို့ ဖြစ်မလား၊ ကြည့်ဦး...စားရတာကလဲ တစ်လုတ်တစ်ဆုပ်၊ မသေရုံတမယ်၊ သူများ မယားတွေ ကြည့်စမ်း။ ရွှေတွဲလဲ ငွေတွဲလဲနဲ့။ စားရတော့လဲ ကောင်းကောင်းမွန်မွန်၊ ဝတ်ရတာလဲ သားသားနားနား၊ ရှင့်ယူမိတာ ဘွန်မတော့ မှားတာပဲ"

မှတ်ချက်။ ။ ဇလာကနီတိလာမိန်းမတို့ပျက်စီးခြင်းအကြောင်းရင်းကိုးပါး။

အမိမိတစ်ယောက်တည်း လှည့်လည်သွားလာနေထိုင်ခြင်း၊ လင်ကို ပစ်ထားကာ မိဘနေအိမ်သွား၍ များစွာ နေ ထတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ လူများစွာ စုဝေးတတ်သောအရပ်သို့ သွားလာထွက်ဝင်တတ်ခြင်း၊
၄။ ပွဲလမ်းသဘင် အပျော်အရွှင် လိုက်စားတတ်ခြင်း၊
၅။ ယောကျ်ားပုဂ္ဂိုလ်တို့နှင့် ပူးကပ်ရောဝင်စွာ နေတတ်ခြင်း၊
၆။ အမြဲ ပြုဖွယ် အလုပ်အကိုင်မရှိ ပျင်းရိနေခြင်း၊
၇။ လင်ယောကျ်ား အိမ်မင်း၍ ကာမမှု၌ မစွမ်းနိုင်ခြင်း၊
၈။ လင်ယောကျ်ားနှင့် ၃-၄ လ ကင်း၍ နေခြင်း၊
၉။ ဝတ်စားဖွယ်ရာ ဥစ္စာချို့တဲ့ခြင်း။

လင်ဖြစ်သူ အေးသလောက် မိန်းမဖြစ်သူက ဆူညံပူညံနိုင်သည်။ အလိုလောဘနည်းပြီး စီးပွားရေး ဖြစ်ထွန်းအောင် မကြိုးပမ်းနိုင်သော ယောကျ်ားကို အမြဲတစေ နှိမ့်ချပြောဆိုသည်။ ရန်စကားဆိုသည်။ နိုင်လိုမင်းထက်စကားဆိုသည်။

စီးပွားရေးအဆင်မပြေလေလေ တကျက်ကျက် ရန်ဖြစ်လေ ဖြစ်သည်။ ကြာသောအခါတွင် လင်ဖြစ်သူလည်း စိတ်ညစ်၍ လာသည်။ သို့နှင့် စီးပွားရှာရန် တစ်နယ်တစ်ကျေးသို့ ထွက်ခဲ့သည်။

တစ်နယ်တစ်ကျေးတွင်လည်း အလုပ်အကိုင်အဆင်မပြေ၊ ပင်လည်း ပင်ပန်းသည်။ ငှက်ဖျားလည်း မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ရွာသို့ ပြန်ခဲ့ရတော့သည်။ ရွာရှိ အိမ်သို့ ပြန်ရောက်သည်တွင် အိမ်ပေါ်သို့ပင် မတက်နိုင်ဘဲ အိမ်ရှေ့တံခါးပေါက်တွင်ပင် လဲကျ၍ နေလေသည်။ လဲကျသံကို မယားဖြစ်သူက ကြား၍ ထွက်လာသည်တွင် လဲနေသော လင်ကိုတွေ့သည်။

"ရှင့်ဟာဘယ်လိုလဲ၊ ငွေရှာသွားပါဆိုတာ၊ တစ်ရပ်တစ်ကျေးသွားပြီး ရောဂါရှာလာတယ်ပေါ့။ ကျွန်မတော့ သေချင်တော့တာပဲ။ ရှင့်လုပ်စာ မစားရတဲ့အပြင် ရှင့်ရောဂါကုရဦးမယ်။ အမယ်လေး...ဆေးဖိုးကုန်ဦးတော့မှာပဲ...ဟီး..။ မိန်းမသားကို ဘာမှညွှန်တာရကောင်းမှန်းမသိဘူး"

မိန်းမဖြစ်သူက လင်ကို မထူမပွေ့သည့်အပြင် ခါးထောက်ကာ၊ လက်ညှိုးငေါက်ငေါက်ထိုးကာနှင့် မြည်တွန်တောက်တီး၍ နေလေသည်။ ထို့ပြင် လင်ကို ကျော်ခွကာအောက်သို့ ဆင်းသွားလေသည်။

လင်ဖြစ်သူမှာ မိန်းမကို မကျေနပ်လှပါ။ အကြင်နာတရားခေါင်းပါးသော မိန်းမကို နာကြည်းသော်လည်း မိမိအခြေအနေအကြောင်းတရားနှင့် မိမိကျိတ်မှိတ်သည်းခံ၍နေရလေသည်။

ထိုသို့နှင့် လင်ဖြစ်သူ ကျန်းမာ၍ လာသည်။ မိန်းမဖြစ်သူမှာလည်း စီးပွားရှာရန်သာ နိစ္စဓူဝ ပြောဆိုဖြည်

www.burmeseclassic.com

www.burmeseclassic.com



တွန်လျက်ရှိသည်။ လင်ဖြစ်သူလည်း နားပူ၍ လာသည်။ ထို့ကြောင့် တစ်နယ်တစ်ကျေးသို့ ထွက်ခဲ့ပြန်သည်။ ကြိုးစား၍ စီးပွားရှာသည်။ ကာလအတန်ကြာသောအခါ ဝါးကျည်တောက်စုဘူးကြီး ပြည့်အောင်ပင် စုနိုင်ခဲ့လေသည်။

ရွာသို့ ပြန်ရောက်သည်။

ငွေများများပါလာခဲ့လျှင် မည်သို့များ ဆက်ဆံလေမည်နည်း ဟူ၍ အကဲစမ်းချင်သည်။ ထို့ကြောင့် ပထမအခေါက်တုန်းက ကဲ့သို့ပင် ဖျားလေဟန်ဆောင်သည်။ အိမ်ပေါက်ဝတွင်ပင် လှဲချသည်။ တဟီးဟီး အဖျားတက်ချင်ဟန် အော်ညည်းသည်။

ဖျားဖြီးလဲနေသော လင်ကို မိန်းမက မြင်တွေ့သည်။ ထုံးစံအတိုင်း ဆူညံပူညံ လုပ်သည်။ ထမင်းချက်ဆဲ တန်းလန်းဖြစ်၍ ထင်းဆင်း၍ ယူသည်။ ယခင်ကအတိုင်းပင် လင်ကို ကျော်ခွ၍ ဆင်းသည်။

"ရှင့်ကို လင်တော်ရတာ လူနာပြုစုဖို့ ကျနေတာပဲ၊ ရှင်လူစွမ်းလူစမရှိလို့ အိမ်မှာ ထင်းတောင် အလျှင် မီမီ မရှိဘူး"

ထိုသို့ပြောရင်း လင်ကို ခွကျော်ကာ အိမ်ပေါ်သို့ တက်ပြန်သည်။ ဤတွင် လင်ဖြစ်သူက –

www.burmeseclassic.com

www.burmeseclassic.com



"ငါက ငွေမရှာနိုင်ပေမယ့် ဟောဒီမှာ မင်းလောလောဆယ် ထင်းဆိုက်ဖို့ ဝါးတောပါခဲ့တယ်။ အဲဒါ ခွဲခိုက်ပေါ့ကွာ" ဟူ၍ ပြောရင်း ဝါးစုဘူးကို ပစ်၍ ပေးသည်။

ဝါးစုဘူးထဲက ငွေသံ ထွက်၍လာသည်၊ ဝါးလုံးကို ယူလိုက်သည်တွင် များစွာ လေးလံလျက်ရှိသည်။ မိန်းမဖြစ်သူလည်း ဝါးလုံးမှ ထူးခြားနေသဖြင့် ဓားနှင့် ချက်ချင်းခွဲကြည့်သည်။ ငွေဒင်္ဂါးများ ဖွေးခနဲ ထွက်ကျလာသည်။ မယားဖြစ်သူ၏ မျက်နှာမှာ ဝင်းပ၍ သွားသည်။ ငွေဒင်္ဂါးများကို သိမ်းဆည်းပြီးနောက် လင်ရှိရာသို့ ထွက်လာသည်။

မယားဖြစ်သူ၏ မျက်နှာမှာ အချိုပေါ် သကာလောင်းထားသကဲ့သို့ ရှိသည်။ လင့်အပါးသို့ ရှိသေစွာ ချဉ်းကပ်သည်။

"ဘာလဲ၊ အောက်ဆင်းမလို့လား၊ ကျော်သွားပါ။ ခါတိုင်းလိုပဲ ကျော်ခွသွားပါ"

"အို... မတော်တာဘဲရှင်ရယ်"

"လုပ်မနေစမ်းပါနဲ့ကွာ၊ ခါတိုင်းလဲ ကျော်သွားနေတာပဲဟာ၊ ငါကဖျားနေလို့ ထမှ မထနိုင်ဘဲ"

"ဒီလိုမပြောပါနဲ့ ရှင်ရယ်၊ ကျွန်မ မကျော်ရဲပါဘူး၊ ငရဲအိုးတွေကြီးကုန်ပါ့မယ်။ သူများတွေ မြင်ရင်လဲ မသင့်တော်ပါဘူး။ လာ...လာ...ကျွန်မထူပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်သားဘေးမှာ ရှိရှိသေသေထိုင်၊ တယုတယ ဖေးမပြီး လင်ဖြစ်သူကို အိမ်တွင်းသို့ ကူတွဲဖေးမခေါ်ယူသည်။

"အဲဒါကြည့်တော့ ဒကာကြီးရေ၊ ဂေဟမရှိရင် လင်မယားအရင်းခေါက်ခေါက်ချင်းတောင် အကြင်နာတရားမဲ့တတ်တယ်။ အရိုအသေ ကင်းတတ်တယ်။ အရွယ်ကောင်းတုန်း တရားသဖြင့် ငွေရအောင်၊ စီးပွားတက်အောင် ကြိုးစားပေတော့။ အိမ်း...ငွေစမြင်မှ ကြင်တတ်တယ်ဆိုတာ မမေ့နဲ့ ဒကာ"

"မှန်လှပါဘုရား"

ပွဲစားကြီးက ဗန်းမော်ဆရာတော်ကို ရိုသေစွာ ကန်တော့ပြီးနောက် တရားသဖြင့် စီးပွားရှာမည်ဖြစ်ကြောင်း ကတိပေးပြီး ထွက်ခွာ၍ သွားသည်။

ပွဲစားကြီး၏ ရင်တွင်းဝယ်ကား 'ငွေစမြင်မှ ကြင်တတ်သည်' ဟူသော စကားသံသည် ပဲ့တင်ထပ်လျက် ပါရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄။ မြေဆိပ်ပမာ အရက်သေစာ

ဥပုသ်နေ့ဖြစ်သဖြင့် ဆရာတော်သည် စာဝါမပို့ချဘဲ အနားယူသည်။ စာပေကျမ်းဂန် ဖတ်ရှုရင်း အချိန်ကုန်စေသည်။

ထိုစဉ် ဒကာတစ်ဦး ကျောင်းပေါ်သို့ တက်လာပြီး ဆရာတော်အား ကန်တော့သည်။ ထို့နောက် အနီးတွင်ပင် ထိုင်၍ နေသည်။ ဤတွင် ဆရာတော်လည်း အကြောင်းထူးရှိအံ့ဟု တွက်မိသည်။

"ကိစ္စအထူးရှိသလား ဒကာ"

ဆရာတော်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် မရှင်းလင်းတာ တစ်ခုလောက် မေးလျှောက်ခွင့်ပြုတော်မူပါဘုရား"

"ဘာများတုံး ဒကာရဲ့၊ မေးပါ"

ဆရာတော်က ခွင့်ပြုတော်မူသည်။

"တပည့်တော်တို့ သူငယ်ချင်းနှစ်ဦး အရက်အကြောင်း ပြောကြရင်း အငြင်းအခုံဖြစ်လို့ပါဘုရား"

"ဖြစ်ပုံ ဆိုစမ်းပါဦး ဒကာရဲ့"

"အရက်သေစာကို ရေအဖြစ်နဲ့ စိတ်က ပြဋ္ဌာန်းပြီး သောက်ရင် အပြစ်ရှိမရှိ အငြင်းအခုံဖြစ်တာပါဘုရား။ ဆရာတော်ပဲ ဆုံးဖြတ်ပေးတော်မူပါဘုရား"

ဒကာဖြစ်သူက လျှောက်ထားပန်ကြားသည်။

"ဒကာက ဘယ်ဘက်ကလဲ။ အပြစ်ရှိတဲ့ဘက်ကလား၊ အပြစ်မရှိတဲ့ဘက်ကလား"

"အရက်ကို ရေအဖြစ်နဲ့ စိတ်က ပြဋ္ဌာန်းပြီး သောက်ရင် အပြစ်မရှိဘူးလို့ တပည့်တော်က ထင်ကြောင်းပါဘုရား"

"ဘာ့ကြောင့် ဒီလို ထင်ရသတုံးကွယ့်"

"စိတ်သာရှင်စောဘုရားဟော၊ စိတ်သာပဓာန ဆိုတဲ့ စကားများရှိတယ် မဟုတ်လားဘုရား"

"ကောင်းပါလေ့ကွယ်၊ ဆရာတော် ဥပမာ ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား"

"မြွေပွေးတစ်ကောင်ကို မြက်လျှော်တစ်ကောင်လို့ အမှတ်ထားပြီး အမြီးကို ကိုင်ရင် ဘာဖြစ်မလဲကွယ့်"

"မြွေပွေးက ပေါက်မှာပါဘုရား"

"ကိုက်မိရင်ကော အဆိပ်မတက်ဘူးလား"

"တက်မှာပါဘုရား"

"အဲဒီတက်တဲ့အဆိပ်ဟာ ဒကာကြီး အမှတ်ထားတဲ့ မြက်လျှော်အဆိပ်ဖြစ်မလား၊ မြွေပွေးအဆိပ်ဖြစ်မလားဒကာ"

"မြွေပွေးအဆိပ်ပဲ ဖြစ်မှာပါ ဆရာတော်"

"မြွေပွေးအဆိပ်ဆိုရင် သေနိုင်မလား၊ မသေနိုင်ဘူးလား"

"သေနိုင်ပါတယ်ဘုရား"

"အဆိပ်သတ္တိကို စိတ်နဲ့မှတ်ပြီး လောင်းလို့ရနိုင်ပါ့မလား"

"မရနိုင်ကြောင်းပါဘုရား"

"ဒါဆို မြွေပွေးဆိုတာ အဆိပ်တက်မှန်းသိရက်ကနဲ့ မြွေပွေးကို မြက်လျှော်ဆိုပြီး ကိုင်ရပါ့မလား ဒကာကြီး"

"မကိုင်ဝံ့ပါဘူးဘုရား"

"ဒီသဘောပဲ ဒကာကြီး၊ အရက်ကို ရေအမှတ်နဲ့ သောက်တော့ အရက်ရဲ့သတ္တိပြမလား၊ ရေရဲ့သတ္တိပြမလား"

www.burmeseclassic.com

www.burmeseclassic.com



"အရက်ကို သောက်ရင် အရက်သတ္တိပြမှာပါပဲ ဘုရား"

"အရက်သတ္တိပြရင် မူးမလား၊ မမူးဘူးလား"

"မူးမှာပါပဲဘုရား"

"မူးပြီး...မသင့်မလျော် မဖွယ်မရာတွေ ဖြစ်တော့ အပြစ်ဖြစ်တော့မပေါ့။ ဒီတော့ အရက်ကို ဘာအမှတ်နဲ့ သောက်သောက် အရက်ဟာ အရက်ပဲ။ အပြစ်ဟာ အပြစ်ပါ ဒကာ"

ဗန်းမော်ဆရာတော်က စကားအရာ ကျွမ်းကျင်လှသည်မှာ ငြင်းစရာမရှိပေ။ ဒကာ၏ အမေးကို မေးလျက်နှင့်ပင် ပြဿနာ၏ အဖြေထုတ်ယူ ဖြေဆိုပုံမှာ မှတ်သားနည်းယူလောက်ပါပေသည်။

'မြွေဆိပ်ပမာ ရက်သေစာ' ဆိုသည်ကို ထိုဒကာလည်း ကောင်းစွာ သဘောပေါက်၍ သွားလေသည်။

ဆရာတော်ကို ရိုသေစွာ ကန်တော့ပြီးနောက် ထိုဒကာ ပြန်၍ သွားသည်။ ဗန်းမော်ဆရာတော်လည်း စာကို ဆက်၍ ဖတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ငို၍ ရယ်၍ မရသော

အချို့က ဗန်းမော်ဆရာတော်ကို အပြောကြမ်းသည်ဟု ဆိုကြသည်။ စင်စစ် ဆရာတော်ကား ချမ်းသာသူကိုဖြစ်စေ၊ မျက်နှာလိုမျက်နှာရလုပ်သည်ကို သဘောမကျပေ။ 'သခင်အားရ ကျွန်ပါ'ဘ' လုပ်သည်ကိုလည်း မနှစ်မြို့တတ်ပေ။ ဤသို့သောအခါမျိုးတွင် ပွင့်လင်းစွာ မိန့်ကြားတတ်ခြင်း ဖြစ်သည်။

တစ်ခါသော် မင်းတုန်းမင်းကြီးသည် မဟာဒါန်ဝန်၊ မဟာဒါန်စာရေးစသည့် နောက်တော်ပါတို့နှင့် ဗန်းမော်ကျောင်းတိုက်သို့ လှည်းယာဉ်နှင့် ကြွတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလမ်းတစ်လျှောက်တွင် ချုံနွယ်သစ်ပင်တို့ ရှိသည်။ မင်းတရားကြီးသည် ထိခိုက်မိမည်စိုးသဖြင့် ရှောင်ရင်း တိမ်းရင်း လိုက်ပါစီးနင်းရသည်။

မင်းတရားကြီးနောက်မှ လိုက်ပါလာသော မဟာဒါန်ဝန်က လမ်းပေါ်သို့ ကိုင်းကျနေသော သစ်ပင် ချုံနွယ်တို့ကို ခုတ်ပစ်ချင်သည်။ ဇန်းမော်ဆရာတော်၏ ခွင့်ပြုချက်မရဘဲ ခုတ်လျှင်, အပြစ်ပြောမည်ကို ကြောက်သောကြောင့်သာ မခုတ်ရဲ။

မင်းတုန်းမင်းတရားကြီးက ဇန်းမော်ဆရာတော်ဘုရားကြီးအား ကန်တော့ပြီးသောအခါ မဟာဒါန်ဝန်က ဤသို့ လျှောက်ထားလေသည်။

"အရှင်ဘုရား ကျောင်းတိုက်လမ်းတစ်လျှောက်မှာ သစ်ပင်ချုံနွယ်တွေ ပေါက်ရောက်နေတာ အချို့အပင်တွေက ရိုးရိုးလမ်းသွားတဲ့အခါလွတ်ပေမယ့်၊ လှည်းယဉ်ပေါ်က ဆိုရင် မလွတ်အောင်ဖြစ်နေပါတယ် ဘုရား။ အခု မင်းတရားကြီးလှည်းယဉ်တော်နဲ့ ကြွချီလာတာမှာ မထိမခိုက်ရအောင် အတော်ကလေးရှောင်တိမ်းစီးခဲ့ရပါတယ်ဘုရား။ ဒါကြောင့် မလွတ်တဲ့ သစ်ပင်ချုံနွယ်တွေကို ခုတ်ထွင်ခွင့်ပြုတော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီး ရှိခိုက် မဟာဒါန်ဝန်က လျှောက်ထားသည်။

"နေပါဦး မဟာဒါန်ဝန်ရဲ့၊ ငါ့ကျောင်းလမ်းက သစ်ပင်ချုံနွယ်တွေက အရင်ရှိတာလား၊ မင်းတို့ရဲ့ မင်းတရားကြီးက အရင်ရှိတာလား"

"မှန်လှပါ၊ အရှင်ဘုရားရဲ့ ကျောင်းလမ်းက သစ်ပင်ချုံနွယ်တွေက အရင်ရှိတာပါဘုရား"

"ဒါဆို ဖြတ်ချင်းဖြတ်ရင် နောက်မှလာတဲ့ မင်းတို့ရဲ့ မင်းတရားကြီးရဲ့ မလွတ်တဲ့ ခေါင်းတို့၊ လက်တို့ကိုသာ ဖြတ်သင့်တာပေါ့"

ဗန်းမော်ဆရာတော်က ခွကျကျပင် မိန့်တော်မူလိုက်သည်။

မင်းတုန်းမင်းတရားကြီးမှာ ဗန်းမော်ဆရာတော် အကြောင်း ကောင်းစွာ သိသူဖြစ်၍ ပြုံးတော်မူ၍သာ နေသည်။

မျက်နှာလို မျက်နှာရ လျှောက်ထားမိသော မဟာဒါန် ဝန်မှာသာ ငို၍ ရယ်၍ မရသော မျက်နှာနှင့်...။

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ ရှင်းနည်း

တစ်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် နေပြည်တော်တွင်းရှိ ဘွဲ့တံဆိပ်တော်ရဆရာတော်တို့ကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆွမ်းစား တရားပေးပြီးနောက် ဆရာတော်များ အာလာပသလ္လာပ ပြောဆိုနေကြသည်။ ထိုအခါ ဗန်းမော် ဆရာတော်က...

"ဒကာတော်ရေမြွေရှင်၊ ငါးပါးသီလကို ခါဝတ် ပုဆိုးနှယ်မြဲရဲ့လား၊ မင်းကျင့်တရားဆယ်ပါးနဲ့အညီကော ကျင့်ရဲ့လား" ဟူ၍ မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါအရှင်ဘုရား၊ တပည့်တော်ဟာ ငါးပါး သီလကို ခါးဝတ်ပုဆိုးနှယ် မြဲပါတယ်ဘုရား။ လပြည့် လကွယ်၊ ရှစ်ရက်သီတင်းဥပုသ်နေ့တွေမှာ ရှစ်ပါးသီလကို ခံယူတည့်ဆောက်ပါတယ်ဘုရား"

"သာဓု၊ သာဓု၊ သာဓု ဒကာတော်။ တစ်ခုတော့ ရှိတယ် ဒကာတော်၊ ဘုန်းကြီး ကြားဖူးတဲ့ ဖိုးသူတော် ပုတီး စိပ်သလိုတော့ ဥပုသ်မစောင့်နဲ့နော်"

"ဖိုးသူတော် ပုတီးစိပ်သလိုဆိုတာ ရှင်းလင်းဟော ကြားတော်မူပါဦးဘုရား"

"ရှေးတုန်းက ရွာတစ်ရွာရဲ့ ရွာဦးကျောင်းမှာ ဖိုးသူတော်တစ်ယောက်ရှိတယ်။ အဲဒီ ဖိုးသူတော်က ပုတီး အလွန်စိပ်တယ်။ ရွာရဲ့ဓလေ့ လပြည့်လကွယ် ရှစ်ရက် ဥပုသ်သီတင်းကျရင် ရွာဦးကျောင်းကို သွားကြတယ်။ ဆရာတော့်ကဲက သီလယူကြတယ်။ ပြီးတော့ ကျောင်းထဲ မှာပဲ တရားထိုင်သူက ထိုင်၊ ပုတီးစိပ်သူက စိပ် ပြုကြတယ်"

"ဖိုးသူတော်ကတော့ ညောင်ပင်ရိပ်ကောင်းကောင်း အောက်မှာ ထိုင်ပြီး၊ မျက်လွှာချပြီး ပုတီးစိပ်လေ့ရှိတယ်"

ဖိုးသူတော်၏ ပုတီးမှာ အများနှင့်မတူ၊ ၁၀၈ လုံး ပုတီး မဟုတ်။ ၄၅-လုံး၊ ကိုးလုံး လည်းမဟုတ်။ လေးလုံး ဘည်းသာရှိသော ပုတီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုတီးလုံးရေကလည်း နည်းသည်။ စိပ်ပုံကလည်း မြန်လှသည်။ ထို့ကြောင့် အမြင်ထူးဆန်းနေသည်။ အထူးသဖြင့် ရှာဦးကျောင်းဒကာက ဖိုးသူတော်ပုတီးစိပ်ပုံ ပို၍ စိတ်ဝင်စားသည်။

"ကျုပ်တို့ ဖိုးသူတော်က ဆရာတော်ရဲ့အပါးမှာ အမြဲဝတ်ကြီးဝတ်ငယ်ပြုစုသူ ဖြစ်တယ်။ စာလဲတတ်တယ်။ ပုတီးစေ့လုံးရေကလဲ ထူးခြားတယ်။ ပုတီးစိပ်ပုံကလဲ ထူးခြားတယ်။ တရားထူး ကြားနာထားရပုံရတယ်။ ဒီတော့ ဖိုးသူတော်ရဲ့ ပုတီးစိပ်နည်းကို ရအောင် တောင်းရရင် ကောင်းမယ်"

ကျောင်းဒကာကြီးက အခြားဥပုသ်သည်တစ်ဦးကို ဖွင့်၍ တိုင်ပင်သည်။

"ကောင်းပေသားပဲကျောင်းဒကာကြီး၊ ဖိုးသူတော်ရဲ့ ပုတီးစိပ်နည်း ထူးခြားပုံကို ကျုပ်တို့လဲ သတိထားမိတာ ဥပုသ်နှစ်ပတ်ရှိပြီ"

"ကဲ–ဒါဆို သူ့ရဲ့ ပုတီးစိပ်နည်းရအောင် သွားပြီး တောင်းကြစို့"

"ဖိုးသူတော်ကြီး ပုတီးစိပ်နေတုန်းဗျူး အနှောင့်အယှက် မပေးကြပါနဲ့။ သူစိပ်ပြီးမှ စိပ်နည်းကို တောင်းကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တိုင်ပင်ကြပြီး ဖိုးသူတော်ကြီး ပုတီးစိပ်အပြီးကို စောင့်နေကြလေသည်။ အတန်ကြာသောအခါ ဖိုးသူတော်သည် ပုတီးစိပ်၍ပြီးသွားလေသည်။ ကျောင်းဒကာကြီးနှင့်တကွ စုဝေးရောက်ရှိနေကြသည့် ဥပုသ်သည်တို့သည်လည်း ဖိုးသူတော်၏ပုတီးစိပ်နည်းကို တောင်းကြလေသည်။

"ဦးသူတော်ရဲ့ ပုတီးကလဲ ထူးခြားတယ်။ ပုတီးစိပ်ပုံကလဲ မြန်ဆန်ထူးခြားတယ်။ ဒါ့ကြောင့် တပည့်တော်တို့ကိုလဲ ဦးသူတော်ရဲ့ ပုတီးစိပ်နည်းကို ပေးပါ"

"ပုတီးစိပ်နည်း၊ ဟုတ်လား"

"ဟုတ်ပါတယ် ဦးသူတော်"

"ခင်ဗျားတို့တစ်တွေက တော်တော်ခက်ပါလား။ ဆရာတော်ပြတုန်းကတော့ဘဲ သေသေချာချာ မှတ်မထားဘူး"

"ဦးသူတော် အပြစ်တင်ရင်လဲ ခံရမှာပါပဲ။ ဆရာတော် ပြတုန်းက ကောင်းကောင်းမမှတ်မိလိုက်လို့ပါ"

"ဦးသူတော်နဲ့ တပည့်တော်တို့ဟာ ဆရာရင်း ဒကာတွေပဲဟာ၊ ဦးသူတော် သိထားတဲ့တရား၊ ဦးသူတော်ရဲ့ ပုတီးစိပ်နည်းကို မျှဝေသင့်ပါတယ်"

"အားလုံးက ဝိုင်း၍တောင်းပန်ကြသည်။ ဖိုးသူတော်သည်း မနေသာတော့ပဲ ပြောရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင်းပန်ကြမှတော့ ပေးရမှာပေါ့။ ကျုပ်ရဲ့ စိပ်နည်းက ငှင်းနည်း၊ ငှင်းနည်း၊ ငှင်းနည်း လို့ စိပ်တာပဲ"

အားလုံးက "ဟာ" ခနဲ ဖြစ်သွားကြသည်။ ဤ ငှင်းနည်း ဟု စိပ်ခြင်းကို မည်သူမျှ မကြားသိဖူးကြပါ။

"ဦးသူတော်ပြောတာကို သဘောမပေါက်ဘူး။ ရှင်းပါဦး"

"ဒါပေါ့၊ ပြတုန်း သင်တုန်းက သေသေချာချာမှ နားမထောင်ဘဲကိုး၊ ကဲ-အစက ပြန်ပြောမယ်၊ သေသေ ချာချာ မှတ်ထားကြ"

"ပုတီးစပြီး စိပ်စိပ်ချင်းတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို စိပ်တာပါပဲ။ နောက်ပတ်လုံး ကျတော့ သုံးလုံးအရှည်ဆို မနေတော့ဘူး။ မြန်အောင် ငှင်း နည်း၊ ငှင်းနည်း လို့ ဆိုပြီး စိပ်တာဗျား။ ကဲ-မှတ်ထားကြ ပေတော့"

ဖိုးသူကော်ကြီးက ငှင်း၏ ပုတီးစိပ်နည်းကို ရှင်းပြ သည်။ ဤအခါကျမှပင် အားလုံး သဘောပေါက်သွားကြပြီး ပြုံးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပါပဲ ဒကာတော်ရေမြေ့ရှင်၊ ငါးပါးသီလ၊ ရှစ်ပါးသီလ မြဲတယ်ဆိုပြီး ငင်းနည်းဝဲ သုံးမနေနဲ့ ဒကာတော်"

မင်းကုန်းမင်းတရားကြီးသည် ဗန်းမော်ဆရာတော်၏ ဆိုလိုရင်းကို ကောင်းစွာ သဘောပေါက်ပါသည်။ ထို့ကြောင့် ပြုံးရယ်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ ဝသီဆိုးမျိုးလိုက်ချင်သူ

တစ်နေ့သော် သီလရှင်မယ်ကင်းက ကျောင်းဇရပ်အနီးရှိ သဘော်ပင်မှ သီးသော သဘော်သီးကြီးတစ်လုံး ဗန်းမော်ဆရာတော်ထံ သွားရောက်လှူဒါန်းရန် သီလရှင်ကလေးမျ ုးအား စေလွှတ်လိုက်သည်။

<u>မှတ်ချက်။</u> <u>။မိန်းမတို့မရကောင်းသောဘဝကြီးငါးပါး</u>

၁။ သမ္မာသမ္ဗုဒ္ဓ – ဘုရားဘဝအဖြစ်
၂။ စက္ကဝတ္တိရာဇာ – စကြဝတေးမင်းကြီး
၃။ မဟာဗြဟ္မာ – ဗြဟ္မာမင်းကြီး
၄။ သက္ကော – သိကြားမင်းကြီး
၅။ မာရော – မာရ်နတ်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဓိနာလင်္ကာရဋီကာဝဏ္ဏ၊ မောဓနီဂါထာဝဏ္ဏနာမှ ဖော်ပြချက် ဖြစ်ပါသည်။

မိန်းမသားစာတတ်အဖြစ်ဖြင့် မရကောင်း၊ မဖြစ်ကောင်းသော ဘာဝကြီး ခြောက်ပါးရှိသည်ဟု အချို့က တွက်ချက်ပြပါသည်။ ယင်းမှာ ဗေဟိဘိက္ခု - ရဟန်းမဘာဝကိုလည်း မရကောင်းချေ။

"နင်တို့ဆရာက ဘာများကော မှာလိုက်သေးသလဲ"

"မှန်လှပါ အရှင်ဘုရား၊ ဒီသင်္ဘောသီးကြီး လှူရတဲ့အကျိုးကြောင့် ဘုရားဆုကို ရလိုပါကြောင်း ဆုတောင်းအမှာစကား မှာကြားပြောဆိုလိုက်ပါတယ် ဘုရား"

"ဘုရားဆုပန်သတဲ့လား"

"မှန်လှပါဘုရား"

သီလရှင်မဖွယ်ကင်းသည်လည်း ဆရာတော်၏ အမှာစကားကို ကြားရလျှင် များစွာ စိတ်မကောင်း ဖြစ်သည်။ ဒေါမနဿပွားသည်။ ချက်ချင်းပင် စာချိုးတစ်ပုဒ် ရေးကာ ဇမ်းမော်ကျောင်းတိုက်သို့ ပို့စေသည်။

**အဖျားရယ်ပေ**

**အနားခွေမခိုင်ပြတ်ပါမှ**

**မြိုင်ရိပ်ကိုမှီး။**

www.burmeseclassic.com

www.burmeseclassic.com



စိပ်ပုတီးနှင့်
ယပ်ကြီးကိုကိုင်
မင်္ဂလမ်းကိုဘယ်ဆိုင်ပါ့မယ့်
ဖန်သင်းပိုင်မုန်ရေစွက်ကယ်နှင့်
တောထွက်ခင်ကြီး။ ။

သီလရှင်ဆရာမယ်ကင်း၏ စာချိုးကလည်း ထိမိလှသည်။

စာချိုးကို ဖတ်ပြီးနောက် ဗန်းမော်ဆရာတော်သည် သက်မ ချတော်မူသည်။

"ဘုရားဆုကို ပန်ချင်ရင် ယောကျ်ားဘဝကို အရင်ရအောင်ဆုတောင်းဦး" ဟု အကြံပေးပြောလိုက်သည့်ကို သီလရှင် မယ်ကင်းသည် သဘောပေါက်ပုံမပေါ်။ သဘောပေါက်သည့်တိုင်လည်း စကားသုံးကြမ်းခြင်းအတွက် ခံပြင်းစိတ် ဖြစ်ပေါ်ဟန်ရှိသည်။

ဗန်းမော်ဆရာတော်ကလည်း အာဂဗန်းမော်ဆရာတော်ပါပေ။ သီလရှင်မယ်ကင်း၏ စာချိုးကို တစ်ခေါက်ပြန်၍ ဖတ်သည်။

ထို့နောက် အနီးရှိ ပုရပိုက်ကို ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုရင်းကို သဘောမပေါက်ရကောင်းလား ဟူသော ကရုဏာဒေါသောစိတ်နှင့် အောက်ပါစာချိုးကို ကောက်ကာငင်ကာ ရေးလေသည်။

နှုတ်သီးရယ်စွာ
ယုတ်တိုးယုတ်မာနှင့်
ဟာ... မယ်သီလ။ ။
အကျင့်ရယ်တန်
မသင့်ရာအမြင်သန်လိုက်ဘော့
နင့်အကြံ ဝသီဆိုးကို
ချိုးလိုက်ချင်လှ။ ။

စာစပ်ပြီးသည်နှင့် ဗန်းမော်ဆရာတော်က စောင့်နေကြသော သီလရှင်မယ်ကင်း၏ ဟာပည့်များကို စာချိုးကမ်းပေးလိုက်သည်။

"နင်တို့ဆရာကို ဒီစာပေးလိုက်ကြ"

သီလရှင်မယ်ကင်းသည် ဗန်းမော်ဆရာတော်စာကို ဖတ်ပြီးနောက် ဘာမျှမပြော၊ ဘာမျှမရေးတော့ဘဲ သိမ်းထားလိုက်သည်။ မင်းတရားကြီးနှင့်အကြောင်းဆုံလျှင် တိုင်ပန်းမည်ဟု မှတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ သန်လျက်သွား အမေးအဖြေ

အခိပ္ပာယ် နှစ်ခွနှစ်မျိုး ကောက်ယူနိုင်သည့်သဘော ကို သန်လျက်သွားစပ်နည်းဟူ၍ တင်စားပြောဆိုလေ့ရှိပါ သည်။

လပြည့်နေ့ အခါကြီးတစ်နေ့တွင် ဖြစ်သည်။

သာသနာပိုင်ဆရာတော်ကြီးအပါအဝင် သုဓမ္မာ ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား နန်းတော်သို့ ပင့်၍ ဆွမ်းခဲဘွယ်ဘောဇဉ်တို့ ဆက်ကပ် လှူဒါန်းသောနေ့ တစ်နေ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်များကိုလည်း ဆွမ်းကပ်သည်။ သီလရှင် မယ်ကင်းတို့က အစောပိုင်း ရောက်ရှိသည်။ ဆွမ်းစားပြီး အပြန် လမ်းခုလတ်တွင် နန်းတော်သို့ ဆွမ်းစားကြွလာသော ဗန်းမော်ဆရာတော်နှင့် မယ်ကင်းတို့ ဆုံသည်။

မယ်ကင်း၊သည် လမ်းဘေးသို့ ဆင်းသည်။ ဆရာတော်အား ရိုသေစွာ ကန်တော့သည်။ ထို့နောက်...

**နှစ်စေ့တစ်ချောင်း အရှင်ကောင်း**

**ဘယ်လမ်းကြောင်းသို့ ကြွမည်နည်း။**

ဤ၍ လက်တာန်းစာချိုး၍ မေးသည်။ စာချိုးမှာလည်း အခံပိုဒ်ပါသည်။ အအုပ်ပိုဒ်ကို ချန်ထားသည်။

ဘယ်လမ်းကြောင်းသို့ ကြွမည်နည်း – ဆိုသည်မှာလည်း နန်းတော်လမ်းကြောင်းလော၊ မင်္ဂလမ်းကြောင်းလော နှစ်မျိုး တွေးစရာပါရှိပါသည်။

ဤတွင် ဗန်းမော်ဆရာတော်က ရုတ်ခြည်းပင် အအုပ်ပိုဒ်ကို စပ်ဆိုကာ ဖြေဆိုလေသည်။

**နှစ်ခြမ်းတစ်စေ့ လမ်းကိုကြည့်**

**နန်းတော်အထိသွားမလို့။**

သီလရှင်မယ်ကင်းအား သာမန် လမ်းကြည့်သွားဟုလည်း တွေးနိုင်သည်။ မင်္ဂဆိုက်ဖိုလ် ဆိုက်လမ်းကို ကြည့်ပါဟုလည်း တွေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖန် **နန်းတော်အထိသွားမလို့** ဟူသည်တွင် မင်းဂျာရားစံရာနန်းတော်ဟုလည်းယူဆနိုင်သည်။ လောကုတ္တရာ အထွတ်အမြတ်နိဗ္ဗာန်နန်းဟုလည်း ယူဆနိုင်သည်။

သီလရှင်မယ်ကင်းလည်း ဆရာတော်အားရှိ သေစွာ ကန်တော့ပါသည်။ ထို့နောက် ခရီးဆက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ စိန္တိတံတွန်း ပုစ္ဆိပြန်

သီလရှင်မယ်ကင်းက ဇန်းမော်ဆရာတော်၏ ပြောပုံနှင့် ပတ်သက်ကာ မင်းတုန်းမင်းကြီးအား အခွင့်သင့်ခိုက် တိုင်ကြားသည်။

မင်းတုန်းမင်းတရားကြီးသည် မယ်ကင်းကို အထင်ကြီးသလို ဇန်းမော်ဆရာတော်အား ကြည်ညိုလေးစားသည်။ ဇန်းမော်ဆရာတော်အား နန်းတော်သို့ ပင့်ကာ မယ်ကင်း၏ တိုင်တန်းချက်ကို လျှောက်ထားလေသည်။

"ဘုန်းကြီးက ရိုးရိုးနဲ့ ပြောလိုက်တာပါ။ ဒီလို ဒကာတော်ရေမြေ့ရှင်၊ ကျုပ်ကို သဘော်ွသီးကြီးလှူလေ့ယ်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘုရားဆုပန်တယ်လို့ မှာလိုက်တယ်။ မိန်းမဘဝနဲ့ ဘုရားဆုမရနိုင်ဘူးလေ၊ အဲ... ယောကျ်ားဘဝရောက်အောင် အရင်လုပ်လို့ ပြောလိုက်တာပဲ ရေမြေ့ရှင်။ ပထမပြဿနာ မပြီးခင် အခု တစ်ခုဖွိုင်ပြန်ပြီဆိုတော့ စိတ္တိတံတုန်း ပုန်ပြန်နေပြီ"

"ရှင်းပါဦးဘုရား"

"ရှေးတုန်းက ရွာတစ်ရွာမှာ တောင်ကျောင်းနဲ့ မြောက်ကျောင်း ဆိုပြီး ကျောင်းနှစ်ကျောင်းရှိသတဲ့။ ထုံးစံအတိုင်းပဲလေ အပြိုင်အဆိုင်ဖြစ်ကြတာပေါ့"

တောင်ကျောင်းကို ကိုးကွယ်သူများကလည်း တောင်ကျောင်းဆရာတော်က စာပို၍ တတ်သည်။ မြောက်ကျောင်းကို ကိုးကွယ်သူများကလည်း မြောက်ကျောင်းဆရာတော်က စာပို၍ တတ်သည်ဟု ပြိုင်ကာ စကားနိုင်လုကြသည်။

"ဘယ်ဘုန်းကြီး စာပိုတတ်သလဲဆိုတာ စာပြိုင်အစွတ်ခိုင်းကြမလား"

ရွာသားတစ်ဦးက အကြံပြုသည်။

"ဒီလိုတော့ မကောင်းဘူး။ ကျောင်းထိုင်တွေက တို့ပြောတိုင်း ပြိုင်ရွတ်ကြပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လို ဘယ်လို ရှင်းကြမလဲ"

"တစ်နည်းတော့ရှိတယ်"

"ပြောပါဦး"

"တောင်ကျောင်းဆရာတော်မှာရော၊ မြောက်ကျောင်းဆရာတော်မှာရော ဦးသူတော်တစ်ယောက်စီ ရှိတယ်၊ ဘုန်းကြီးတွေက ကိုယ့်ဦးသူတော်ကို ကိုယ်စာသင်ထားကြမှာပဲ။ ဦးသူတော်နှစ်ဦးကို ပြိုင်ခိုင်းရင် ဘုန်းကြီးချင်းပြိုင်ခိုင်းတာနဲ့ အတူတူဖြစ်မှာပဲ"

"ဒီအကြံဟာ အနိုးစပ်ဆုံးပဲ"

သို့နှင့် ရွာသူရွာသားများက တောင်ကျောင်းဦးသူတော်နှင့် မြောက်ကျောင်းဦးသူတော်တို့ စာပြိုင်ပွဲ ဖြစ်မြောက်အောင် စည်းရုံးကြသည်။ မြှောက်ပင့်ပေးကြသည်၊ ဦးသူတော်နှစ်ဦးသည်လည်း ရွာသားများအလိုကျ စာပြိုင်ရန် လက်ခံကြသည်။

ဦးသူတော်နှစ်ဦး စာပြိုင်ရန်အတွက် ရွာလယ်ဇရပ်ကြီးတွင် ချိန်းဆိုလိုက်ကြသည်။ ဦးသူတော်တို့အပြင် စိတ်ဝင်စားသော ရွာသူရွာသားတို့လည်း စုဝေးရောက်ရှိနေကြသည်။

"ကဲ–စာတတ်တယ်ဆိုရင် ကျုပ်မေးတဲ့ပါဠိကို မြန်မာ လို အနက်ပြန်ရမယ်နော်။ ကဲ–မေးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျောင်း ဦးသူတော်က မြောက်ကျောင်း ဦးသူတော်ကို ပြောသည်။

"မေးစမ်းပါဗျာ၊ ကျုပ်ဖြေပါ့မယ်"

မြောက်ကျောင်းဦးသူတော်က ပြန်ပြောသည်။

"ဒါဆို **စိန္တိတံ** ကို အနက်ပြန်စမ်းပါ"

မခံချင်၍သာ **မေးစမ်းပါဗျာ** ဟု ပြောလိုက်ရသည်၊ စင်စစ် မြောက်ကျောင်းဦးသူတော်သည် စာမတတ်လှ။ ထို့ကြောင့် ချက်ချင်းမဖြေနိုင်။ စိန္တိတံ ဆိုသည့်စကားကို ကြားဖူးသည်။ သို့သော် အဓိပ္ပာယ် တိတိကျကျ မသိ။ စဉ်းစားနေသည်။ ထိုအခါ တောင်ကျောင်း ဦးသူတော်က စိတ်မရှည်သဖြင့် မြန်မြန်ဖြေရန် တိုက်တွန်းသည်။

"ဘယ်လိုလဲ မြောက်ကျောင်းဦးသူတော်၊ ဖြေမှာဖြင့်လဲ မြန်မြန်ဖြေဗျာ။ ကျုပ်မှာ နောက်တစ်ခုမေးဖို့ **ပုစ္ဆာ** ဆိုတာ ရှိသေးတယ်"

"တောင်ကျောင်းဦးသူတော်ကလဲ ဘယ်လိုဖြစ်နေတာလဲ။ **စိန္တိတံ** – ဆိုတာ **ကြံစည်တုန်း** ရှိသေးတယ်။ **ပုစ္ဆာ** ဆိုတာ **မေးပြန်ပြီ**"

"ဟာ"

တောင်ကျောင်းဦးသူတော်က မြောက်ကျောင်း၏ ဦးသူတော်ကို အထင်ကြီးသွားသည်။ မြောက်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်ပြောလိုက်သော စကားများက အဖြေမှန် ဖြစ်နေသည်။

"မြောက်ကျောင်းဦးသူတော်က စာတတ်ပါ့ပေတယ်"

အားလုံးကပင် ချီးကျူးစကားဆိုကြသည်။

"ဒီပုံပြင်လိုပါပဲ ဒကာတော်ရေမြွေရှင်၊ သီလရှင်မယ်ကင်းကိစ္စ ဘုန်းကြီးက ကြံစည်တုန်းရှိသေး၊ အခုတော့ ရေမြွေရှင်က ပုစ္ဆာ မေးပြန်ပြီ"

ဗန်းမော်ဆရာတော်၏ ပုံပြင်ဆုံးလျှင် မင်းတုန်းမင်းတရားကြီးနှင့် ပရိသတ်အပေါင်းတို့ ရယ်မောကြသည်။ မင်းတရားကြီးလည်း မဟာဒါန်ဝန်ကို သီလရှင်မယ်ကင်းထံ အလွှတ်ကာ ရှင်းလင်းပြောကြားစေသည်။

သီလရှင်မယ်ကင်းလည်း နားလည်သဘောပေါက်ကာ ကျေနပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ ပညာဆိုတာ

တစ်ခါသော် ဇန်းမော်ဆရာတော် ခရီးထွက်ခိုက် ဦးပဉ္စင်းနှစ်ပါးတို့ စကားများ ရန်ဖြစ်ကြသည်။ ဇန်းမော်ဆရာတော် ပြန်ကြွမလာမီပင် ခွင့်မရဘဲ ဦးပဉ္စင်းတစ်ပါးက မိမိသဘောအလျောက် ကျောင်းမှ ထွက်သွားသည်။ အခြားကျောင်းတစ်ကျောင်းတွင် သွားရောက်သီတင်းသုံးသည်။

ဇန်းမော်ဆရာတော်ခရီးမှ ပြန်ရောက်လာသည်။ အခြားဦးပဉ္စင်းများထံမှ သတင်းစုံကို သိရသည်။ သို့နှင့် ဝတ်သင်သားအားလုံးကို စုဝေးစေသည်။

"မောင်ပဉ္စင်းတို့ တော်တော် ခက်ကြပါလား။ မောင်ပဉ္စင်းတို့ ဆွမ်း၊ သင်္ကန်းကစ လိုလေသေးမရှိအောင်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးက ထောက်ပံ့တယ်။ စာပေပရိယတ္တိကို သင်ပေးရတယ်။ ဆံထုံးလဲ ထုံးပေးရ၊ ဆီလဲ စိုက်ရဆိုသလိုပဲ။ ထွက်သွားတဲ့ မောင်ပဉ္စင်းကတော့ ပညာနဲ့ မနေတတ်လို့ပဲလို့ ဆိုရမှာပဲ"

ဗန်းမော်ဆရာတော်က ဆုံးမစကား ဆိုသည်။

"အေး–ပညာဆိုတာလဲ သိဦးမှ"

ဆရာတော်က ပုံပြင်ဥပမာတင်ရင်း တပည့်စာသင်သားတို့ကို ဆုံးမစကား ဆိုပါသည်။ ဆရာတော်ပြောသည့်ပုံပြင်မှာ စိတ်ဝင်စားစရာလည်း ကောင်းသည်။ ရွှင်ပြုံးစရာလည်း ကောင်းလှပါသည်။

ရှေးက ရွာတစ်ရွာတွင် ရိုးသားသော လင်မယားနှစ်ယောက် ရှိသည်။ လင်ဖြစ်သူမှာ အရောင်းအဝယ်သမားဖြစ်သည်။ မယားကို အလွန်ချစ်သည်။ မယားဖြစ်သူကလည်း လင်ကို ချစ်သည်။ သို့တစေ...မယားဖြစ်သူသည် ရိုးအသည်။ ပညာဉာဏ်နည်းသည်။ အမြော်အမြင် နည်းသည်။

တစ်နေ့သော် လင်ဖြစ်သူမှာ အရောင်းအဝယ်ကိစ္စနှင့် ခရီးထွက်ရန် အကြောင်းပေါ်သည်။ ချစ်လေ စိုးမချလေဖြစ်သော လင်ဖြစ်သူက မယားဖြစ်သူကို မှာစရာရှိသည်များ သွန်သင်မှာကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



မယားဖြစ်သူမှာ မှတ်ဉာဏ်နည်းသည်။ ရှေ့ပြော နောက်မေ့ ဖြစ်သည်။ ပြန်၍ စစ်ဆေးမေးမြန်းတိုင်း ကပေါက်တိ ကပေါက်ချာ ဖြစ်နေသည်။ မှာရင်းသာ လျှာထွက်သေရမတတ်ဖြစ်နေသည်။

"ကဲ–မိန်းမရေ၊ မှာတာများလေ မမှတ်မိလေ ဖြစ်တော့မှာပဲ။ အချိန်လဲ သိပ်မရတော့ဘူး။ တို့တိုပဲ မှာခဲ့မယ်။ ပညာနဲ့စား၊ ပညာနဲ့နေ၊ ပညာနဲ့အိပ်ပေတော့"

"စိတ်သာချသွားပါ။ ကျွန်မ ကောင်းကောင်း မှတ်မိပါတယ်။ ရှင်မှာတဲ့အတိုင်း အတိအကျ လိုက်နာပါ့မယ်"

မိန်းမဖြစ်သူက ကတိပေးစကား ပြောလိုက်သည်။ ပြောသာ ပြောလိုက်ရသည်၊ 'ပညာ' ဆိုသည်ကို ဘာရယ် မသိ။ မေးလျှင် ရှင်းကာမှ ပို၍ရှုပ်မည်ကိုလည်း စိုးရိမ်သည်။ ထို့ကြောင့် မမေး။

လင်ဖြစ်သူ ခရီးထွက်သွားသည်။

'ပညာ' ဆိုသည်ကို သူမ စဉ်းစားသည်။

နောက်ဆုံးတွင် သတိရနှင့်တွေးမိသွားသည်။ တစ်လမ်းတည်းနေ ရှမ်းလူမျိုး ကိုပညာပဲ ဖြစ်မှာဟု တွေးမိသည်။ ထို့ကြောင့် ကိုပညာကို တောင်းပန်၍ သွားခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုပညာနှင့် အတူစားသည်။ ကိုပညာနှင့် အတူနေသည်။ ကိုပညာနှင့် အတူအိပ်သည်။

လင်ဖြစ်သူ ခရီးထွက်ရာမှ ပြန်ရောက်လာသည်။ ကိုပညာနှင့် အတူနေသည်ကို တွေ့သည်။ ဖောက်ပြန်ရကောင်းလားဟုဆိုရာ မယားဖြစ်သူကို ရိုက်သည်။ ဤတွင် မယားဖြစ်သူက...

"ရှင်ပဲ ခရီးထွက်ခါနီးတုန်းက ပညာနဲ့စား၊ ပညာနဲ့နေ၊ ပညာနဲ့အိပ်ဆို၊ ကျွန်မမှာ မနည်းတောင်းပန်ပြီး ခေါ်ခဲ့ရတာ" ဟူ၍ ဖြေသည်။

ကောင်းရော၊ လင်ဖြစ်သူမှာ ရင်ဆို့တော့သည်။

"ငါပြောတာက ဒီ ကိုပညာကို ပြောတာမဟုတ်ဘူး၊ ဉာဏ်ပညာကို ပြောတာ"

အလွန်စဉ်းစားဉာဏ်နည်းပြီး အလွန်အသော မိန်းမကို ဆက်၍ ရိုက်လေတော့သည်။

"ကဲ မောင်ပဉ္စင်းတို့၊ ပညာဆိုတာ ဘာလဲလို့ သိအောင်ကြိုးစား။ ပညာကြိုးစား။ ထွက်သွားတဲ့ မောင်ပဉ္စင်းလဲ ပညာနဲ့ မနေတတ်လို့သာမှတ်ကြပေရော"

ဆရာတော်က ပုံပြင်နှင့် ပုံတင်ကာ ဆုံးမစကားပြောကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ ဆူတစ်ဆယ့်ငါးပါး

တစ်နေ့သော် အမျိုးသမီးကြီးတစ်ဦး ဆွမ်းဆက်ကပ်လှူဒါန်းလိုပါကြောင်း ဇန်းမော်ဆရာတော်ဘုရားကြီးအား လျှောက်ထားသည်။

"ဒကာမကြီး ဆွမ်းကပ်တာ ကုသိုလ်လိုချင်လို့မဟုတ်လား။ ဒီတော့ ကုသိုလ်များများစွာလိုချင်ရင် များများသာချက်ခဲ့ပေတော့"

ပျော်ရွှင်စွာအားပါးတရ ပြောတတ်သည့် အလေ့အတိုင်း ဆရာတော်က အားရပါးရ မိန့်သည်။

"မှန်လှပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဒကာမကြီးကား ကုသိုလ်များစွာ လိုချင်သည်။ တကယ်လည်း ဆွမ်း၊ ဆွမ်းဟင်း များစွာချက်သည်။ ငါးကလေးကြော် တစ်ပိဿာ၊ ဝက်သားချက် တစ်ပိဿာ၊ အမဲနှပ်တစ်ပိဿာကို ပင်မဟင်းအဖြစ် ချက်သည်။

နောက်တစ်နေ့နံနက်တွင် ဆွမ်းကပ်သည်။

ဗန်းမော်ဆရာတော်လည်း ဆွမ်းဆန်တစ်ခွက်ချက်နှင့် ငါးကလေးကြော်၊ ဝက်သားနီချက်၊ အမဲနှပ်တစ်ပိဿာ စားသည့်အပြင် အသုပ်တစ်ပန်းကန်၊ ဟင်းချိုတစ်ပန်းကန် ကုန်သည်အထိ ဘုဉ်းပေးတော်မူသည်။

ဆရာတော် အားပါးတရဘုဉ်းပေးသည်ကို တွေ့သဖြင့် ဆွမ်းဒကာမကြီးလည်း များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်သည်။

"ဒကာမကြီးက များများချက်လာတော့ ဘုန်းကြီးလဲ များများ ဘုဉ်းပေးလိုက်တယ်"

"တင်ပါ့ဘုရား"

အချိုပွဲ ဆက်ကပ်သည်။ ဆရာတော်သည် အချိုပွဲလည်း အားရပါးရပင် ဘုဉ်းပေးတော်မူသည်။

"များများလှူလို့ များများဘုဉ်းပေးသလို သူလဲ များများချီးမြှင့်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ။ ဘုန်းကြီးက များများဘုဉ်းပေးတော့ များများဆုချီးမြှင့်ရမှာပေါ့။ ပေးလို့ရရင် အကုန်ပေးပစ်မှာပါ။ ဒါပေမယ့် ဘုန်းကြီးတို့ မြတ်စွာဘုရားက ဆွမ်းအကျိုးငါးပါးလို့ ဟောထားတယ်။ ဒီတော့ ဆွမ်းအကျိုးငါးပါးနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စေဗျား"

<u>မှတ်ချက်</u>။ ။ <u>ဆွမ်းလှူသောအကျိုးငါးပါး</u>

၁။ အာယု – အသက်ရှည်ခြင်း၊

၂။ ဝဏ္ဏ – အဆင်းလှခြင်း၊

၃။ သုခ – ချမ်းသာကြီးခြင်း၊

၄။ ဗလ – ခွန်အားကြီးခြင်း၊

၅။ ပဋိဘာန – ဉာဏ်ပညာကြီးခြင်း။

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါရစေဘုရား"

ဆွမ်းဒကာမကြီးလည်း ပစ္စည်းပစ္စယများကို သိမ်းပြီး ကျောင်းအောက်သို့ ဆင်းခဲ့သည်။ နေပူသည်၊ ထို့ကြောင့် ကျောင်းအောက်တွင် ခေတ္တနားသည်။

ထိုအချိန်တွင် အမျိုးသမီးငယ်တစ်ဦး ရောက်လာသည်။ ရေအိုးသစ်တစ်လုံးတွင် ရေအပြည့်ထည့်၍ ရွက်လာသည်။ ကျောင်းပေါ်သို့ တက်ကာ ရေအိုးနှင့်တကွ ကိုရိုကျ လှူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ရေအိုးနှင့်တကွသော ရေကို အကပ်ခံသည်။ ထို့နောက်...

"ခုလို ပူအိုက်တဲ့အချိန်မှာ ရေလှူရတာ အလွန်မြတ်ပါပေတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ရေ အကျိုးဆယ်ပါးလို့ ဟောကြားထားတယ်။ ထို့ကြောင့် ရေ အကျိုးဆယ်ပါးနဲ့ တစ်လုံးတဝတည်း ပြည့်စုံပါစေဗျာ"

မှတ်ချက်။ ။ ရေလှူသောအကျိုးဆယ်ပါး

၁။ လျင်မြန်ခြင်း၊
၂။ ကျော်စောခြင်း၊
၃။ စင်ကြယ်ခြင်း၊
၄။ မွတ်သိပ်ခြင်းမှကင်းခြင်း၊
၅။ အခြံအရံများခြင်း၊
၆။ အသက်ရှည်ခြင်း၊
၇။ အဆင်းလှခြင်း၊
၈။ ခွန်အားကြီးခြင်း၊
၉။ ပညာကြီးခြင်း၊
၁၀။ ချမ်းသာခြင်း။

ဆရာတော်က ဆုပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏အသံမှာ အောင်မြင်လှသည်။ ထို့ကြောင့် အောက်ထပ်တွင် နားနေသော ဆွမ်းဒကာမကြီး လည်းအတိုင်းသား ကြားနေရသည်။ စိတ်ထဲတွင် အလိုမကျ ဖြစ်သည်။ ထို့ကြောင့် ကျောင်းပေါ်သို့ ပြန်တက်ခဲ့သည်။

"ဘာများ ကျန်ခဲ့လို့လဲ ဒကာမကြီး"

"မှန်လှပါဆရာတော်ဘုရား၊ ဆရာတော်ဘုရား ဆုပေးတာ မကျေနပ်လို့ပါဘုရား"

ဒကာမကြီးက ပွင့်လင်းစွာပင် လျှောက်ထားသည်။

"စဉ်းစားကြည့်တော်မူပါဘုရား၊ တပည့်တော်က ငွေကုန်ကြေးကျအများကြီးခံ၊ အပင်ပန်းခံ ချက်ပြုတ် လှူဒါန်းရတဲ့ ဆွမ်းကျတော့ ဆုက ငါးပါးတည်းရတယ်။ မြေအိုးတစ်လုံးနဲ့ မြစ်ထဲက အလကားခပ်လို့ရတဲ့ ရေအကျိုး ကျတော့ ဆယ်ပါးကြီးများတောင် ပေးတယ်။ ဘယ်တရား မျှတပါ့မလဲ ဘုရား"

ဆွမ်းဒကာမကြီးက ကုသိုလ်ကို ဈေးတွက်တွက်ကာ လျှောက်ထားသည်။

ဇဝနဉာဏ်၊ တန်ဖိုးပွတ်တိုဉာဏ်သာမရှိလျှင် ကျေနပ် လောက်အောင် အဖြေပေးရ ခက်ချိမ့်မည်။

ဗန်းမော်ဆရာတော်ကား အပြုံးပင်မပျက်ပါ။ ဆွမ်း ဒကာမကြီးအား သနားကြင်နာသော သဘောသာ ရှိပါ သည်။ ထို့ကြောင့် ဤသို့ မိန့်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာမကြီး"

"ဘုရား"

"ဒကာမကြီးက သေသေချာချာ မစဉ်းစားလို့ပါ။ ကိုယ်ရတဲ့ကုသိုလ်လဲ ကိုယ်မသိလို့ပါ။ သေသေချာချာသိရင် ဝမ်းသာသွားမှာပါ"

"ရှင်းလင်းမိန့်ကြားတော်မူပါဘုရား"

"ဒကာမကြီး ဆွမ်းချက်တော့ ရေထည့်ပြီး မချက်ဘူးလား"

"ထည့်ပြီး ချက်ပါတယ်ဘုရား"

"ဟင်းချိုတို့၊ ဖျော်ရည်တို့မှာကော ရေမထည့်ဘူးလား"

"ထည့်ပါတယ်ဘုရား"

"ဟုတ်ပြီ၊ ဆွမ်းလှူတဲ့အကျိုးက ဘယ်လောက်လဲ"

"ငါးပါးပါဘုရား"

"ရေအကျိုးက မတောင်းဘဲ ဆယ်ပါးရတယ် မဟုတ်လား ဒကာမကြီး"

"မှန်ကြောင်းပါဘုရား"

"ဒီတော့ ဒကာမကြီး၊ ဆွမ်းအကျိုးငါးပါး၊ ရေအကျိုးက ဆယ်ပါး၊ ပေါင်းတော့..."

"ဆယ့်ငါးပါးပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ ဒကာမကြီး ဆုတစ်ဆယ့်ငါးပါးနဲ့ ပြည့်စုံပါတယ် ဒကာမကြီး"

ဆွမ်းဒကာမကြီးလည်း ဆုတွေအများကြီးရသဖြင့် ဝမ်းမြောက်ဝမ်းသာ ပြန်၍ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၂။ နောက်တစ်ခေါက်မှ လိုက်တော့မယ်

တစ်နေ့ ဗန်းမော်ဆရာတော်ဘုရားသည် စာဝါပို့ချပြီးနောက် ခေတ္တနားသည်။ ကွမ်းတစ်ယာစားခိုက် ဒကာတစ်ဦး ရောက်ရှိလာသည်။ ဆရာတော်အား ဝတ်ဖြည့်သည်။

"အရှင်ဘုရား၊ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ ရည်ရွယ်ချက်ဟာ နိဗ္ဗာန်လို့ ဆိုပါတယ် ဘုရား။ တပည့်တော်လဲ နိဗ္ဗာန်ကိုပဲ ရည်စူးပါတယ်ဘုရား။ ဒါကြောင့် နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း ဟောတော်မူပါဦးဘုရား"

"နိဗ္ဗာန်ဆုကို တကယ်လိုချင်လား ဒကာကြီး၊ သူသူငါငါ တောင်းတာနဲ့ တောင်းတာလား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လိုချင်တာပါဘုရား"

"သားမယားစတဲ့ လောကီစည်းစိမ်တွေကော စွန့်လွှတ်နိုင်ပါ့မလား ဒကာကြီး"

"နိဗ္ဗာန်သာရမယ်ဆိုရင် စွန့်လွှတ်နိုင်ပါတယ်ဘုရား"

"စဉ်းစားပြီးမှပြော ဒကာကြီး၊ အပြောလွယ်သလောက် လက်တွေ့ခက်တတ်တယ်။ တော်ကြာ ဈေးချိုတောင်က မောင်ဆောင်လို **နောက်တစ်ခေါက်မှ လိုက်တော့မယ်** ဖြစ်နေဦးမယ် ဒကာကြီး"

"ရှင်းပါဦးဘုရား"

"တစ်ခါက ဈေးချိုတောင်မှာ မောင်အောင်နဲ့ မောင်ဆောင်ဆိုတဲ့ သူငယ်ချင်းနှစ်ဦး ရှိတယ်"

ဆရာတော်သည် ပြုံးတော်မူရင်း ပုံပြင်ကို စသည်။

မောင်အောင်မှာ အိမ်ထောင်မရှိ လူပျိုကြီး ဖြစ်သည်။ ပျော်ရွှင်စွာ နေတတ်သည်။ နောက်ပြောင်ကျီစယ် တတ်သည်။

မောင်ဆောင်မှာမူ အိမ်ထောင်သည် ဖြစ်သည်။ တည်တံ့စွာနေတတ်သည်။ စီးပွားရေး လုပ်ကိုင်သည်။ နေ့ပူမိုးရွာမရှောင် အိမ်တော်ရာဘုရားသို့ နံနက်တိုင်း သွားသည်။ ဝတ်တက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဆောင်"

"ဘာလဲ မောင်အောင်"

"မင်းမနက်တိုင်း ဘုရားသွားတယ်။ ရည်ရွယ်ချက်က ဘာလဲ သူငယ်ချင်း"

"နိဗ္ဗာန်ရောက်ချင်လို့ သူငယ်ချင်း"

မောင်အောင် မေးလေတိုင်း နိဗ္ဗာန်ရောက်ချင်လို့ချည်း ဖြေသည်။

"မင်းမှာ သားနဲ့မယားနဲ့ စီးပွားရေးအလုပ်အကိုင်နဲ့။ နိဗ္ဗာန်ကို တကယ်သွားနိုင်ပါ့မလား"

မောင်အောင်က မေးသည်။

"တကယ်ရောက်ချင်လို့ တကယ်ကြိုးစားနေတာပေါ့ မောင်အောင်"

"ဩော်"

မောင်အောင်က မောင်ဆောင်ကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။

နောက်ပြောင်ကျီစယ်တတ်သော မောင်အောင်သည် အခါအခွင့် အခြေအနေကို စိတ်ရှည်စွာ စောင့်သည်။

နှစ်လခန့်ကြာသွားသည်။

မောင်အောင်သည် ဓာတ်အဖွဲ့မှ နတ်ဝတ်တန်ဆာကစ်စုံငှားသည်။ ဓာတ်သူ မျက်နှာချေများ ဖွေးနေအောင်

www.burmeseclassic.com

www.burmeseclassic.com



လိမ်းသည်။ ထို့နောက် အိမ်တော်ရာဘုရားထဲမှ ရုပ်ပွားတော်ကြီး၏ နောက်တွင် ပုန်းနေသည်။

မေစင်ဆောင်သည် ထုံးစံအတိုင်း ဘုရားသို့ ရောက်လာသည်။ ဘုရားကို ရှိခိုးကန်တော့သည်။

"နိဗ္ဗာန်သို့ ရက်တိုတိုနဲ့ ရောက်ရပါလို၏ အရှင်ဘုရား"

မောင်ဆောင်က ဆုတောင်းသည်။

"အသင်လူသား"

ငုံ့၍ ကန်တော့နေရာမှ အသံကြားရာသို့ မော့ကြည့်လိုက်မိသည်။

"ဗုဒ္ဓေါ"

မောင်ဆောင် ဘုရားတမိသည်။

ရုပ်ပွားတော်ကြီး၏ ရှေ့တွင် နတ်မင်းကြီးတစ်ပါး ပေါ်နေသည်။

"နိဗ္ဗာန်သို့ တကယ်ရောက်လိုပါသလား အသင်လူသား"

"ရောက်လိုကြောင်းပါဘုရား"

"ရောက်လိုရင် လိုက်ခဲ့ပေတော့၊ ပို့ပေးမယ်"

"အခုချက်ချင်းလိုက်ရမှာလား နတ်မင်း"

www.burmeseclassic.com

www.burmeseclassic.com



"တာဝတိံသာ ဖိုးသကြားက အသင်လူသားကို ချက်ချင်းခေါ်ခဲ့ရမယ်လို့ အမိန့်တော်ချလိုက်တယ်"

"ခက်တော့တာပဲ နတ်မင်း၊ သားမယားကိုတောင် နှုတ်မဆက်ရတော့ဘူးလား"

"နိဗ္ဗာန်ကို သိပ်ရောက်ချင်ရင် ခုတစ်ခါတည်း လိုက်ခဲ့ပေတော့"

"သားမယားတွေကို နှုတ်ဆက်ခွင့်ပြုပါ နတ်မင်း ရယ်"

"ခက်ပါလား၊ ဒီလောက်နှုတ်ဆက်ချင်ရင် မြန်မြန် သွား၊ နှုတ်ဆက်ပြီး ပြန်လာခဲ့"

နတ်မင်းက ခွင့်ပြုသည်။ မောင်ဆောင်လည်း ချက် ချင်းပင် အိမ်သို့ အမြန်ပြန်သည်။

နတ်ယောင်ဆောင်ထားသူ မောင်ဆောင်မှာ တဟားဟား ရယ်မောကျန်ရစ်သည်။

မောင်ဆောင်က မယားကို နှိုးသည်။ အကျိုး အကြောင်း ရှင်းပြသည်။

"ရှင် တော်တော်ကူသိုလ်ထူးတာပဲ ကိုဆောင်၊ ဒီ အခွင့်အရေးမျိုးဆိုတာ ရခဲလှပါတယ်၊ ရှင်ကလဲ နိဗ္ဗာန် သို သွားချင်တာ မဟုတ်လား၊ လိုက်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



မယားဖြစ်သူကလည်း ခင်ပွန်းသည် ဆန္ဒပြည့်စေရန် တိုက်တွန်းစကားဆိုသည်။

မောင်ဆောင်မှာ အကျပ်တွေ့တော့သည်။

"ဒီအခွင့်အရေးမျိုး ရခဲတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် မင်းမှာက ကလေးတစ်ဖက်၊ ချက်ရပြုတ်ရ တာက တစ်ဖက်နဲ့။ ကသီလင်တဖြစ်မှာပေါ့ကွာ"

"ဒါဖြင့်..."

"နောက်တစ်ခေါက်မှ လိုက်တော့မယ်ကွာ"

"ဖြစ်ပါ့မလားကိုဆောင်၊ ရှင့်ကို နတ်မင်းက ဘုရားက စောင့်နေမှာပေါ့"

"စောင့်စောင့်ကွာ"

ထိုနေ့မှစ၍ မောင်ဆောင်သည် အိမ်တော်ရာဘုရားဘက်သို့ မသွားတော့ပေ။

"အဲဒါပဲ ဒကာကြီး၊ ဈေးချိုတောင်က မောင်ဆောင်ကတော့ နတ်မင်းနဲ့ ထပ်တွေ့မှာ စိုးလို့၊ နတ်မင်းနဲ့ တွေ့ရင် နိဗ္ဗာန်သွားရမှာ စိုးလို့ အိမ်တော်ရာဘက်ကို ခြေဦး မလှည့်တော့ဘူး"

"ဒီတော့ ဒကာကြီးလဲ နိဗ္ဗာန်ဆု တကယ်လိုချင်ရင် သားမယားနဲ့ စည်းစိမ်တွေစွန့်ပြီးတော့ တောထွက်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဗန်းမော်ဆရာတော်၏ စကားဆုံးသွားသည်။

မောင်ဆောင်အကြောင်း နာရသော ဒကာကြီးလည်း ရယ်မောကာ မည်သို့မျှ စကားမဆက်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၃။ စိတ်ကူးယဉ်ရှိက်ချက်

ဗန်းမော်ဆရာတော်သည် သက်တော်လည်း ရလာသည်။ သာသနာ့တာဝန်ကိုလည်း မပျက်တမ်းထမ်းဆောင်သည်။ ထို့ကြောင့် တစ်ခါတရံ ညောင်းညာပင်ပန်းတော်မူသည်။

တစ်နေ့သော် တပည့်ရင်းလည်း ဖြစ်၊ တူလည်းတော်သူ ကိုရင်ကြီးတစ်ဦးအား နှိပ်ပေးခိုင်းသည်။ ကိုရင်ကြီးလည်း ခြေ၊ လက်တို့ကို နှိပ်ပေးသည်။ ထို့နောက် နောက်ကျောပြင်၊ လက်ပြင်၊ ခါးတို့ကို တံတောင်ဖြင့် ကျိတ်ကာ နှိပ်ပေးသည်။

ဆရာတော်လည်း အညောင်းအညာပြေကာ ကျိန်းစက်လုတွင် ဖြစ်ပါသည်။ ကိုရင်ကြီးသည် ဆရာတော်၏

www.burmeseclassic.com

www.burmeseclassic.com



ကျောပြင်ကို ဖြန်းခနဲနေအောင် သုံးလေးချက် ပုတ်ခတ်လေသည်။

"ဟ–ဘာဖြစ်တာတုံး ကိုရင်"

ကိုရင်ကြီးမှာ မည်သို့မျှ မဖြေ။ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဆရာတော်အား လက်အုပ်ချီရင်း စိုက်ကြည့်နေလေသည်။

"ပြောလေ ကိုရင်၊ ဘာဖြစ်လို့ ရိုက်တာတုံး"

ကိုရင်ကြီးမှာ မလျှောက်တင်ရဲ ဖြစ်နေသည်။

"ပြောစမ်း ကိုရင်၊ မှန်တဲ့အတိုင်း ပြောရင် မရိုက်ဘူး၊ ညာရင်တော့ သေမယ်သာမှတ်"

ကိုရင်ကြီး လျှောက်တင်သာအောင် ဆရာတော်က မိန့်သည်။

"တပည့်တော် အရှင်ဘုရားကို ဝတ်ဖြည့်နှိပ်ပေးရင်ချင်းတာနဲ့ ရောက်တတ်ရာရာ စိတ်ကူးမိပါတယ်ဘုရား"

"နင်စိတ်ကူးတာနဲ့ ငါ့ကျောရိုက်တာနဲ့ ဘာဆိုင်လို့လဲဟ"

"ဒီလိုပါဘုရား"

ကိုရင်ကြီးသည် စိတ်ကူးယဉ်ကြောမျောတော့သည်၊ သီတင်းကျွတ်တွင် လူထွက်သည်။ ရှာပြန်သည်။ ရှင်အရောက်တွင် ယေက်ကျွမ်းချစ်သူနှင့် အိမ်ထောင်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျပြီးနောက် လယ်ယာကိုင်းကျွန်း လုပ်ငန်းကို ကြိုးစားလုပ်ဆောင်သည်။ မိုးလေကောင်းပြီး ရာသီဥတုကလည်း ကောင်းသည်။ ထို့ကြောင့် သီးနှံအထွက် ကောင်းသည်။ စီးပွားဖြစ်သည်။ ငွေကြေးချောင်လည်သည်။ နွားကောင်းတစ်ရှဉ်းဝယ်သည်။ လှည်းယဉ်နှင့် သွားလာ မော်ကြွားနိုင်သည်။

သူတို့ဇနီးမောင်နှံတွင် သားဦးယောကျ်ားကလေး ရရှိလာသည်။ အလွန်ဝမ်းမြောက်သည်။ သားကလေးကို လည်း တုန်နေအောင် ချစ်ကြသည်။

ဆရာတော်အား မဖူးရသည်မှာလည်း ကြာပြီ ဖြစ် သည်။ ထို့ကြောင့် လှူဖွယ်ဝတ္ထုအစုစုကိုဝယ်ပြီးနောက် သား အမိသားအဖသုံးဦး ဆရာတော်ဘုရားကျောင်းဆီသို့ ခရီး ထွက်ခဲ့ကြပါသည်။

လှည်းယဉ်ကျော့နှင့် မော့မော့ကြွားကြွား ခရီးထွက်ခဲ့ ကြသည်။ နွားများကလည်း နွားကောင်းနွားချော ပထမ တန်း နွားတွေ ဖြစ်သည်။

ခြုံသံတလွင်လွင်နှင့် သူတို့မိသားစု ခရီးထွက်လာ ခိုက် ကန်သင်းဘောင်တစ်ခုကို ဖြတ်အကျော် လှည်း အဆောင့်တွင် သားကလေးကျကျန်နေရစ်ခဲ့သည်။ သူတို့ နှစ်ဦးစလုံး မသိလိုက်ကြ။ ဆရာတော်ကြီးကျောင်းအနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ဤအခါတွင်မှ ကာလေးမရှိတော့ကြောင်းကို သတိထားမိတော့သည်။

သည်မျှလောက်ထိ ပေါ့ဆရလေကောင်းလားဟု ဒေါသထွက်ကာ ဖယားဖြစ်သူကို နှစ်ချက်သုံးချက်ရိုက်လိုက်မိသည်။

"တပည့်တော် စိတ်ကူးယဉ်ပြီး ရိုက်မိတာပါ ဘုရား။ ခွင့်လွှတ်တော်မူပါ"

"အင်း စိတ်ကူးယဉ်ရိုက်ချက်ကိုး။ ကာမဝိတက်များလှပေတယ်။ ကြာလေ အကုသိုလ်များလေ ဖြစ်တော့မှာပဲ။ လူထွက်ပြီးတော့ ရှာပြန်ပေတော့"

နောက်တစ်နေ့တွင် ကိုရင်ကြီးလည်း လူထွက်၍ သွားလေသည်။

<u>မှတ်ချက်</u>။ <u>ဝိတက်မျိုး ၃-ပါး။</u>

<u>မကောင်းကြံစည်ခြင်း ၃-ပါး။</u>

၁။ ကာမဝိတက် - ကာမဂုဏ်ကို ကြံစည်ခြင်း၊

၂။ ဗျာပါဒဝိတက်- သူတစ်ပါးအား သေကြောင်းပျက်စီးကြောင်းကို ကြံစည်ခြင်း၊

၃။ ဝိဟိံသဝိတက်- သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခြင်းငှာ ကြံစည်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ အနီးကပ်ရန်သူ

နန်းတော်တွင် ဆွမ်းစားပြီးနောက် ဇန်းမော်ဆရာတော်သည် မင်းနှင့်တကွရောက်ရှိနေကြသော ပရိသတ်တို့အား တရားရေအေး တိုက်ကျွေးသည်။ ရန်သူအမျိုးမျိုးအကြောင်း ရောက်ရှိသွားသည်။

"ရန်သူတွေထဲမှာ အနီးကပ်ရန်သူဟာ ကြောက်စရာအကောင်းဆုံးပဲ"

"အနီးကပ်ရန်သူဆိုတာ ရှင်းပါဦးဘုရား"

"အဖြေကို တိုက်ရိုက်မဖြေခင် ပုံပြင်တစ်ပုဒ် ပြောချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား"

"ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်တယ်။ ပြည်သူတွေရဲ့ဘဝမှန် သိလိုတဲ့အတွက် မင်းကြီးဟာ သူဆင်းရဲအသွင် ရုပ်ဖျက်ပြီး စနည်းနာ ထွက်တော်မူတယ်"

ဆရာတော်၏ ပုံပြင်ကို မင်းပရိသတ်အားလုံးကပင် စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ပထမ နေပြည်တော်တွင်း စနည်းနာသည်။ ထို့နောက် နေပြည်တော်ပြင်ပ ကျေးရွာများသို့ သွားသည်။

ကျေးရွာအစွန်ဘက် ယာတောတစ်ခုသို့ ရောက်သည်။ အသက်အရွယ်အိုမင်းပြီဖြစ်သော အဘိုးအိုအဘွားအို ဇနီးမောင်နှံကို တွေ့ရသည်။

သူဆင်းရဲအသွင် ရုပ်ဖျက်ထားသောမင်းကြီးလည်း တစ်ညတာ တည်းခိုခွင့်တောင်းသည်။ အဘိုးအိုအဘွားအို တို့ကလည်း ကြည်ဖြူစွာပင် ခွင့်ပြုသည်။ အလုပ်နှင့်လက် မပြတ်အောင် လုပ်နေသော အဘိုးအိုတို့ ဇနီးမောင်နှံကို ကြည့်ကာ ကြင်နာသည်။

"ဘကြီး"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးတို့က အသက်လဲကြီးလှပြီ။ တရားဘာဝနာနဲ့ နေသင့်တဲ့အရွယ် ဘာကြောင့်များ ဒီလောက်ပင်ပန်းခံပြီး လုပ်နေရတာလဲ။ သားထောက်သမီးခံမရှိလို့လား။ ဒါမှမဟုတ် လောဘမသတ်နိုင်လို့လား"

"တို့များမှာ ကုန်ကျစရိတ်များလှတာကို မောင်ရင်မှ မသိဘဲကွယ်"

"ဘကြီးတို့နှစ်ယောက်တည်း ဘာတွေများ ကုန်လို့လဲ"

"တို့များမှာ ခိုးမှုကြီးကို အခွန်ဆက်ရတယ်။ ညှို့သည်ကိုလဲ ကြာရှည်ကျွေးရတယ်။ သမုဒ္ဒရာထဲကိုလဲ ပစ်ရတယ်။ အနီးကပ်ရန်သူကိုလဲ ကြည်ဖြူစွာ ကျွေးရတယ်"

အဘိုးအိုက ပြောသည်။

မင်းကြီးမှာ အဘိုးအို၏စကားကို အဓိပ္ပာယ် မပေါက်။

"ဘကြီးရဲ့ စကားလေးခွန်းက ထူးဆန်းလှပါပေတယ်။ ရှင်းပါဦး"

"ခိုးမှုကြီးကို အခွန်ဆက်ရတယ်ဆိုတာက ဘကြီးတို့လိုပြည်သူများ ခိုးသားဓားပြစတဲ့ ဘေးတွေက ကင်း

www.burmeseclassic.com

www.burmeseclassic.com



အောင် စောင့်ရှောက်ကာကွယ်ပေးတဲ့ ဘုရင်မင်းမြတ်ကို အခွန်ဆက်ရတယ်လို့ ဆိုလိုတာပါ"

"ညည်သည့်ကို ကြာရှည်ကျွေးမွေးရတယ်ဆိုတာက မိမိမွေးထားတဲ့ သားသမီးတွေကို အရွယ်ရောက်ပြီး အိမ်ထောင်ကျတဲ့အထိ စောင့်ရှောက်ကျွေးမွေးရတာကို ပြောတာပါ"

"မှတ်သားလောက်ပါပေတယ်ဘကြီး"

"သမုဒ္ဒရာထဲကို ပစ်ရတယ်ဆိုတာကတော့ မိမိခန္ဓာ အာဟာရပြည့်အောင် စားသောက်ရတယ်။ ဒါပေမယ့် ဒီဝမ်းဗိုက်က ပြည့်နိုင်တယ်မရှိဘူးလေ။ ရေတွေ ဘယ်လောက်ပဲ စီးဝင် စီးဝင် မပြည့်နိုင်တဲ့ သမုဒ္ဒရာလိုပါပဲ"

"မှန်လှပေတယ် ဘကြီး"

"အနီးကပ်ရန်သူကိုလဲ ကြည်ဖြူစွာ ကျွေးရတယ်ဆိုတာက မိမိရဲ့မယားကို ဆိုလိုရင်း ဖြစ်တယ်"

အဘိုးအိုရဲ့ပုစ္ဆာနှင့်အဖြေကို မင်းကြီးသည် အလွန်သဘောကျသွားသည်။ နန်းတွင်းပညာရှိများကိုလည်း ဤပုစ္ဆာမေးမည်ဟု မှတ်သားထားလိုက်သည်။ အဖြေမပေါက်ကြအောင်လည်း တားမှဖြစ်တော့မည်ဟု စဉ်းစားမိသည်။

"ဒီမှာ ဘကြီး၊ ကျုပ်ဟာ ပေါဒီ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုလည်း များစွာထိတ်လန့်သွားသည်။

"မှန်လှပါ။ ကျွန်တော်မျိုးကြီးတို့ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်တော်မူပါဘုရား"

"ခုပြောခဲ့တဲ့ပုစ္ဆာရဲ့အဖြေတွေကို မပေါက်ကြားပါစေနဲ့၊ ပေါက်ကြားခဲ့ရင် သေဒဏ်စီရင်ရလိမ့်မယ်"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

မင်းကြီးလည်း နန်းတော်သို့ ပြန်သည်။ ပုစ္ဆာလေးရပ်ကို မေးလေတော့သည်။

"ဒီပုစ္ဆာလေးရပ်ရဲ့အဖြေကို ခုနစ်ရက်အတွင်း ဖြေကြရမယ်။ မဖြေနိုင်ရင် မညာရှိအရာနဲ့ မထိုက်တန်ပေဘူး။ ရိက္ခာ လစာရုပ်သိမ်းပြီး အဆုံးစီရင်တော်မူမယ်"

မင်းကြီးက မိန့်သည်။

မှူးမတ်တို့မှာ မင်းကြီး၏ ပုစ္ဆာလေးရပ်၏ အဖြေကို မပေးနိုင်၊ မကြံနိုင်ဖြစ်နေကြသည်။ နိုးစပ်ရာပညာရှိ ရဟန်းရှင်လူတို့ထံ ချဉ်းကပ်မေးမြန်းသည်။ အဖြေမပေါ်။

ပုစ္ဆာ၏ သဲလွန်စကို အမတ်ကြီးတစ်ဦးက စဉ်းစားမိသည်။ မင်းကြီးသည် သူဆင်းရဲအသွင် ရုပ်ဖျက်ပြီး စနည်းနာထွက်ခဲ့သည်။ ထိုခရီးကပြန်လာမှ ဤပုစ္ဆာလေးရပ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် မင်းကြီး စနည်းနာထွက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့်လမ်းကြောင်းအတိုင်းလိုက်လျှင် အဖြေရနိုင်သည်။ ထိုသို့ စဉ်းစားမိလျှင် အမတ်ကြီးလည်း မင်းကြီးခရီးထွက်ခဲ့ရာလမ်းကြောင်းအတိုင်း ခရီးထွက်ခဲ့လေသည်။

စဉ်းစားတွက်ချက်မိသည့်အတိုင်းပင် အမတ်ကြီးလည်း မင်းကြီးရောက်ခဲ့သည့်ယာတဲနေ အဘိုးကြီးဆီသို့ ရောက်ခဲ့လေတော့သည်။

အမတ်ကြီးလည်း အဘိုးအိုထံ ချဉ်းကပ်၍ ပုစ္ဆာ၏အဖြေကို မေးသည်။ အဘိုးအိုက မဖြေပေ။ မင်းတရားကြီး၏အမိန့်ကို မလွန်ဆန်ရဲပေ။ ငွေကြေးတံစိုး လက်ဆောင်ပေးသော်လည်း မရပေ။

သို့နှင့် အမတ်ကြီးလည်း အဘွားအိုကို ချဉ်းကပ်သည်။ အသပြာတစ်ထောင်ပေးသည်။ ထိုအခါ အဘွားအိုက ပုစ္ဆာ၏အဖြေကို ပြောပြလိုက်သည်။

အမတ်ကြီးလည်း အဖြေကို သိလျှင် နန်းတော်သို့ ပြန်ခဲ့သည်။ ညီလာခံတွင် ပုစ္ဆာ၏အဖြေလေးရပ်ကို လျှောက်တင်သည်။

အဖြေကို ကြားသိရလျှင် မင်းကြီးလည်း လွန်စွာ အံ့ဩသည်။ အမတ်ကြီး လျှောက်တင်သည့်အဖြေမှာ မင်းကြီး ယာတောက ရခဲ့သည့်အဖြေနှင့် ထပ်တူဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ယာတောမှ အဘိုးအိုက ပြောလိုက်၍သာလျှင် ဖြစ်ပေလိမ့်မည်။ မပြောရန် အမိန့်ထုတ်ထားပါလျက် ပြောဖြစ်အောင် ပြောလိုက်သော အဘိုးအိုတွင် အပြစ်ရှိနေပေပြီ။

"အမတ်ကြီး ဒီအဖြေကို ဘယ်က ဘယ်ပုံရလာတာလဲ။ သေသေချာချာလျှောက်တင်ပေတော့။ သေသေချာချာ မလျှောက်တင်နိုင်ရင် အမတ်ကြီးကို ရာထူးက ထုတ်ပယ်ရလိမ့်မယ်"

မင်းကြီးက မိန့်တော်မူလေသည်။

ဤအခါတွင် အမတ်ကြီးမှာ မကွယ်ဝှက်သာဘဲ မင်းကြီးရောက်ခဲ့သော ယာတောသို့ ရောက်ခဲ့ကြောင်းနှင့် ထိုယာတဲမှ အဖြေရခဲ့ကြောင်း လျှောက်တင်လေသည်။

မင်းကြီးလည်း အဘိုးအိုကို ချက်ချင်း ဖမ်းခိုင်းသည်။ ရှေ့တော်မှောက်သို့ သွင်းစေသည်။

နောက်တစ်နေ့ ညီလာခံတွင် မင်းကြီးကိုယ်တော်တိုင် အဘိုးအိုအား စစ်ဆေးတော်မူလေသည်။

"ဒီပုစ္ဆာလေးရပ်ရဲ့ အဖြေကို ဘယ်သူ့ကိုမှ မပေါက်ကြားရဘူးလို့ အမိန့်တော် မှတ်ထားပါလျက် ခုတော့ပေါက်ကြားတယ်။ အသက်ကို မနှမြောလို့လား"

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက အသိုးအိုအား မေးလေသည်။

"မှန်လှပါအရှင်မင်းမြတ်။ ဒီအဖြေကို ကျွန်တော်မျိုး ပြောရခြင်း မဟုတ်ပါဘုရား"

"ဘာ့ကြောင့် ညာချင်ရတာလဲ မောင်မင်း။ အမတ်ကြီး ကိုယ်တိုင်က မောင်မင်းရဲ့ ယာစါက ရလာတာလို့ ဝန်ခံပြောဆိုထားတယ်"

"မှန်လှပါအရှင်မင်းမြတ်၊ ကျွန်တော်မျိုးရဲ့ ပုဏ္ဏာ နောက်ဆုံးအဖြေမှာ အနီးကပ်ရန်သူကို ကြည်ဖြူစွာ ကျွေးရတယ်လို့ ပါပါတယ်ဘုရား။ အနီးကပ်ရန်သူဆိုတာ မိမိရဲ့မယားပင်ဖြစ်ကြောင်း လျှောက်ထားဖူးပါတယ်ဘုရား။ ဒါကြောင့်...ရွှေဉာဏ်တော် ဆင်ခြင်တော်မူပါဘုရား"

"ဟုတ်ပေသားပဲ"

ပုံပြင်ဆုံးသွားသည်။

"ဒီပုံပြင်ထဲက အတိုင်းပဲ ဒကာတော်ရေမြေ့ရှင်။ အနီးကပ်ရန်သူဆိုတာ မိမိရဲ့ကြင်ရာသက်ထားမယားပဲ။ သူ့ကို ကြည်ဖြူစွာလဲ လုပ်ကျွေးရမယ်။ သတိလဲ ထားရပေ လိမ့်မယ် မင်းကြီး"

"မှန်လှပါ အရှင်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ ကိုပေါက်နှင့် မကောက်

ဥပုသ်နေ့ဖြစ်သဖြင့် ဗန်းမော်ကျောင်းတိုက်တွင် ဒကာ ဒကာမတို့ဖြင့် စည်ကားလျက်ရှိသည်။

"ကဲ–သီလယူကြမယ်ဆိုတော့ သီလယူတတ်ကြရဲ့လား၊ နှုတ်တိုက်ချပေးရမှာလား"

ဗန်းမော်ဆရာတော်ဘုရားက မေးသည်။

"နှုတ်တိုက်ချပေးတော်မူပါဘုရား"

ဒကာ ဒကာမများက လျှောက်ထားသည်။ ဆရာတော်လည်း နှုတ်တိုက်ချပေးတော်မူသည်။

"ကိုယ်တိုင်သီလယူတတ်အောင်လဲ ကျက်ထားကြဦး။ တော်ကြာ ကိုပေါက်နဲ့ မကောက်လို ဖြစ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းလင်းမိန့်ကြားတော်မူပါဦးဘုရား"

"ရွာတစ်ရွာမှာ ကိုပေါက်နဲ့ မကောက်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိတယ်။ ကိုပေါက်က ရိုးတယ်၊ အတယ်။ စီးပွားရေးပဲ ကြိုးကြိုးကုတ်ကုတ် လုပ်တယ်။ ဥပုသ်ဆိုတာလဲ မသိဘူး၊ မစောင့်ဖူးဘူး။ မိန်းမဖြစ်တဲ့ မကောက်ကတော့ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ဥပုသ်စောင့်လေ့ရှိတယ်"

ဆရာတော်က နိဒါန်းပျိုးသည်။

မကောက်က ကိုပေါက်ကို ဥပုသ်စောင့်စေချင်သည်။ စောင့်ရန်လည်း တိုက်တွန်းဖူး ရှိသည်။

"ဥပုသ်ကလေး ဘာလေး စောင့်ပါလား ကိုပေါက်။ စီးပွားရေးချည်း လောဘမတက်ပါနဲ့။ သံသရာခရီးမှာ ကိုယ့်အတွက် ပါအောင် သီလယူ ဥပုသ်စောင့် လုပ်ဦးမှပေါ့"

"ဥပုသ်စောင့်ဖို့ တိုက်တွန်းတာတော့ ဟုတ်ပါပြီ။ ငါက ဥပုသ်မှမစောင့်ဖူးတာ။ ဘယ်လိုစောင့်ရမလဲ မသိဘူး"

"ဒါများ ; ခက်လွန်းလို့ ကိုပေါက်ရယ်၊ ဘုန်းကြီးဆိုတဲ့အတိုင်း လိုက်ဆိုရုံပါပဲ"

"ဟေ–ဘုန်းကြီးဆိုတဲ့ အတိုင်း လိုက်ဆိုရုံပဲလား"

"ဟုတ်ပါတယ်"

"ကဲ–ဒါဖြင့် ဒီနေ့ပဲ စောင့်ကြည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မကောင်းကျက လိုအပ်သည်များကို ပြင်ဆင်ပေး သည်။ ကိုပေါက်လည်း ဘုန်းကြီးကျောင်းသို့ ထွက်ခဲ့သည်။ မလာစဖူးအလာထူးသည့်အတွက် ကိုပေါက်ကို ဘုန်းတော်ကြီးကပင် ကြိုဆိုနှုတ်ခွန်းဆက်သည်။

"မောင်ပေါက် ဥပုသ်လာစောင့်သလား"

မောင်ပေါက်မှာ ဥပုသ်စောင့်သည့် အတွေ့အကြုံ မရှိ။ မယားဖြစ်သူ မှာသည်ကိုသာ စဉ်းစားလာသူဖြစ်သည်။ "ဘုန်းကြီးဆိုတဲ့အတိုင်း လိုက်ဆိုရုံပဲ" ဟူသည့်စကားကို ကြားယောင်သည်။ ကျောင်းပေါ်ရောက်သည်နှင့် ဥပုသ်စောင့်သည်ဟု ထင်မှတ်သည်။

"မောင်ပေါက် ဥပုသ်လာစောင့်သလား"

ကိုပေါက်က ဘုန်းကြီးဆိုသည့်အတိုင်း ကပျာကယာ လိုက်ဆိုသည်။

"ဒီကောင် ဘယ်လိုဖြစ်တာလဲ"

ဘုန်းကြီးက မေးသည်။

"ဒီကောင် ဘယ်လိုဖြစ်တာလဲ"

ကိုပေါက်က လိုက်ဆိုသည်။

"ဒီကောင် ငါ့ကို နောက်ပြောင်နေတယ်"

"ဒီကောင် ငါ့ကို နောက်ပြောင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါရိုက်မိတော့မယ်"

"ငါရိုက်မိတော့မယ်"

ဥပုသ်စောင့်ရသည်မှာ မခက်လှဟု ကိုပေါက်က တွေးသည်။ ဘုန်းတော်ကြီးကမူ ကိုပေါက်သည် ကျောင်းသို့ လာကာ သူ့ကို တမင်နှောက်ပြောင်သည်ဟု တွက်သည်။ စိတ်တိုလာသည်။

တွန့်ကြေနေသော အဝတ်အစားတို့ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ပြီးနောက် ကိုပေါက်သည် ကျောင်းအောက်သို့ ခပ်သုတ်သုတ် ဆင်းသည်။ အိမ်သို့ မြန်မြန်ပြန်သည်။ ရောက်လျှင် ရေအေးတစ်ခွက်ကို သောက်သည်။ အမောမပြေသေးသဖြင့် ခြေပစ်လက်ပစ်ထိုင်ချသည်။

"ပြန်လာတာ စောလှချည်လား ကိုပေါက်။ ပြီးတော့ ရှင့်ကြည့်ရတာလဲ ချွေးတွေ သဲတွေနဲ့ မောနေတာပဲ။ ဘုန်းကြီးကျောင်းကိုကော ရောက်ခဲ့ရဲ့လား"

မိန်းမဖြစ်သူက မေးသည်။

"ဘုန်းကြီးကျောင်းကိုလဲ ရောက်ခဲ့ပါတယ်၊ ဥပုသ်လဲ စောင့်ခဲ့ပါတယ် မကောက်ရယ်"

ကိုပေါက်က ဖြေသည်။

"ဩော်–ဒါဖြင့် ညနေမှ ပြန်လာရောပေါ့။ ဘာလဲ ဆာလို့ ပြန်လာတာလား"

www.burmeseclassic.com

www.burmeseclassic.com



မကောက်က မေးသည်။

"မင်းပြောတော့သာ ဥပုသ်စောင့်တာ လွယ်လွယ်လေးဆို၊ ခု စောစောပြန်လာလို့ပေါ့၊ ညနေအထိသာဆိုရင် ငါသေမယ်ထင်တယ်"

ကိုပေါက်က ပြောသည်။

"တစ်ရက်လောက်ကလေး ဥပုသ်စောင့်တာ ဒီလောက်တောင် အဖြစ်သည်းသလား ကိုပေါက်ရယ်"

မကောက်က မချင့်မရဲနှင့် ပြောသည်။

"မင်းတို့ကတော့ ကျွမ်းကျင်နေလို့ ဖြစ်မှာပေါ့"

ကိုပေါက်က သူ့အကြောင်းနှင့်သူ ပြောသည်။ မကောက်ကမူ ကိုပေါက်မည်သို့သော ရည်ရွယ်ချက်နှင့် ပြောနေသည်ကို သဘောမပေါက်အောင် ဖြစ်နေသည်။ ကိုပေါက်ကလည်း ဥပုသ်စောင့်ရမည်ကို တစ်ခါတည်းနှင့် လန့်သွားလေသည်။

"ဒီလိုပဲ ဒကာ ဒကာမတို့၊ ဘုန်းကြီးဆိုတာလိုက်ဆိုရုံပဲနဲ့ ဖြစ်နေကြဦးမယ်"

ပရိသတ်အားလုံးမှာ ဆရာတော်၏ ပုံပြင်ကြောင့် ရွှင်ပြုံးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com





## ၂၆။ အကောင်းဆုံးမို့ ဆွမ်းတော်တင်ထားပါတယ်

မန္တလေးသည် ပူသည်။

နေ့ခင်းစာဝါလိုက်သည့် စာသင်သားတို့လည်း အိပ်ငိုက်သည်။ ထိုအခါမျိုးတွင် ဗန်းမော်ဆရာတော်က အိပ်ချင်ပြေပုံပြင်များ ပြောပြတတ်သည်။

"ရှေးတုန်းက ရွာတစ်ရွာမှာ အကောင်းမှ ကြိုက်တတ်တဲ့ ဘုန်းကြီးတစ်ပါးရယ်၊ ဘုန်းကြီးလိုပဲ အကောင်းမှ ကြိုက်တတ်တဲ့ ကျောင်းသားတစ်ဦးရယ် ရှိသတဲ့"

ဆရာတော်က စုံပြင်ကို နိဒါန်းချီသည်။

ဆရာတော် ပုံပြောလျှင် မှတ်စရာ၊ ရယ်စရာစရာ ပါမြဲဖြစ်သဖြင့် စာသင်သားတို့ အာရုံစိုက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဆရာတပည့် ဆွမ်းခံထွက်လာကြသည်။

ပထမ ဆယ်အိမ်လောက်မှာ ဆွမ်းမကောင်း။ ပဲပြုတ်၊ ချဉ်ရည်၊ ပဲရေပွများသာ လောင်းကြသည်။

သို့နှင့် ရွာလယ်သူကြီးအိမ်သို့ ရောက်သည်။ သူကြီးအိမ်က ဝက်သားဟင်းတစ်ခွက်လောင်းသည်။ အကောင်းကြိုက်သောဆရာတပည့်နှစ်ဦးစလုံး ဖွင့်မကြည့်ပါ။ သို့သော် စိတ်ထဲက ကျိတ်၍ ဝမ်းသာနေကြသည်။

ကျောင်းသို့ ရောက်သောအခါ ဆွမ်းပွဲပြင်ပြီး ကပ်သည်။ ဘုန်းကြီးက ဆွမ်းပွဲကို ကြည့်သည်။ ဝက်သားဟင်းခွက်မပါ။

"သာဂိ ဟိုဟင်းလဲပါမလာပါလား"

ဘုန်းတော်ကြီးက တပည့်ကျောင်းသားလေး သာဂိကို မေးသည်။

"ဘယ်ဟင်းပါလဲဘုရား"

"ဟဲ့-သူကြီးအိမ်ကလောင်းလိုက်တဲ့ဟင်းလေ"

"ဪ-ဝက်သားဟင်းခွက်လားဘုရား။ မှန်လှပါ၊ ဒီကနေ့ရလာတဲ့ ဆွမ်းဟင်းတွေထဲမှာ အဲဒီဆွမ်းဟင်းသာ အကောင်းဆုံးဖြစ်လို့ ခုပဲ တပည့်တော် ဘုရားမှာ ဆွမ်းတော်တင်ထားပါတယ် ဘုရား"

ကျောင်းသားလေး သာဂိက ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားမှာ ဆွမ်းတော်တင်ထားသည်ဆိုသဖြင့် ဈေးသို့မျှ စောဒက မတက်သာပေ။ ဆွမ်းတော်စွန့်လျှင် သာဂိ အားရပါးရစားတော်မူမည်ကို သိသည်။

"အင်း–သာဂိတို့က လူသာငယ်တာ၊ ဘုရားကို ကြည်ညိုတဲ့နေရာမှာတော့ ရှားတယ်၊ စေတနာကလဲ ကောင်းပါ့ကွာလို့ ငေါ်တော့တော့နဲ့ မိန့်သတဲ့"

ဆရာတော်၏ ပုံပြင်ဆုံးလျှင် စာသင်သားတို့မှာ တဝါးဝါး ရယ်မောကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၇။ ငါကို မကြိုက်နဲ့

ဗန်းမော်ဆရာတော်ကို မင်းတုန်းမင်းကြီးသည် ပုဂ္ဂိုလ်လည်း ခင်သည်။ တရားလည်း မြင်သည်။ ထို့ကြောင့် နန်းတော်သို့ ပင့်ကာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လေ့ရှိသည်။

"အရှင်ဘုရား၊ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းကို တိုတိုတုတ်တုတ် ဟောတော်မူပါဦးဘုရား"

"တိုတိုတုတ်တုတ်ဆိုရင်တော့ ငါကို မကြိုက်နဲ့ ဒကာတော်"

ဗန်းမော်ဆရာတော်က တိုတုတ်စွာပင် ဟောသည်။

"ဒါကျတော့လဲ တိုလွန်းပါတယ်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလဲ နည်းနည်းရှည်ပေးရတာပေါ့ ဒကာ တော်ရေမြွေရှင်"

ဆရာတော်က နိဒါန်းချီသည်။

ရှေးက ရွာတစ်ရွာတွင် တောင်သူကြီးတစ်ဦး ရှိသည်။ ငွေကြေးအသင့်အတင့်လည်းချမ်းသာသည်။ သို့နှင့် ကျောင်းတစ်ဆောင်ဆောက်လုပ်ပြီး ဘုန်းကြီးတစ်ပါးအား သပ္ပါယ်ဒါန်းသည်။ ဆွမ်း၊ ကွမ်းမီးပစ္စည်းလေးပါးလည်း တာဝန် ယူသည်။

နံနက်တိုင်း ကျောင်းဒကာကြီး၏ သမီးဖြစ်သူကဲ ဆွမ်းပို့လေ့ရှိသည်။ ထိုဒကာကြီး၏ သမီးသည် ဘုန်းကြီးကို လည်း လေ့လာသည်။ ဘုန်းကြီးကလည်း မိန်းမပျိုကလေး လေ့လာနေကြောင်း သတိထားမိသည်။

တစ်နေ့ ဆွမ်းပို့ပြီးနောက် မိန်းမပျိုက ဘုန်းကြီးကို မေးလျှောက်သည်။

"အရှင်ဘုရား၊ ဒီကျောင်းက ဘယ်သူ့ကျောင်းပါလဲ"

"ငါ့ကျောင်းပေါ့၊ နင်တို့က ဆောက်ပေးထားလို့ မေးတာလား။ နင့်မိဘများက ငါ့ကို ရေစက်ချလှူပြီး ထား ပြီ။ ဒါ့ကြောင့်...ငါပိုင်တဲ့ကျောင်း၊ ငါ့ကျောင်း"

ဘုန်းကြီးက ဖြေသည်။

သုံးရက်ခန့်ကြာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီသပိတ်ကကော ဘယ်သူ့ သပိတ်လဲဘုရား"

"ငါ့သပိတ်ပေါ့"

"ဒီသင်္ကန်းကကောဘုရား"

"ငါ့သင်္ကန်းပဲ"

"ဒီခုတင်ကကော ဘယ်သူ့ခုတင်ပါလဲဘုရား"

"ငါ့ဟာပဲ"

"ပုတီးကကောဘုရား"

"အဲဒါလဲ ငါ့ဟာပဲ"

"ဆပ်ပြာခွက်ကကောဘုရား"

"ငါ့ဟာပဲပေါ့"

မှတ်ချက်။ ။ ပစ္စည်းလေးပါး

သာသနာရေးကိစ္စ၌ သုံးစွဲနိုင်သောပစ္စည်း မျိုးလေးပါး။

၁။ ဆွမ်းပစ္စည်း – ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ် နှင့် စသော ဝတ္ထုများ၊

၂။ သင်္ကန်းပစ္စည်း – ဝတ်ရုံသုံးဆောင်ကောင်းသောသင်္ကန်း ၉–ထည်၊

၃။ ကျောင်းပစ္စည်း – ကပ္ပိယကုဋိခေါ် ကျောင်းအမျိုးမျိုး၊

၄။ ဆေးပစ္စည်း – ကျန်းမာရေးဆိုင်ရာ ဆေးအမျိုး အမျိုးမျိုး။

www.burmeseclassic.com

www.burmeseclassic.com



"မေးလှချည်လား ဒကာမလေး။ ဒီကျောင်းရှိသမျှ တွေ ငါ့ဟာတွေချည်းပဲ"

ဤမိန်းမပျိုသည် စကားတဲ့ရှည်လှသည်၊ အမေး အမြန်းထူလှသည်ဟု ဘုန်းကြီးက ထင်သည်။ အရောတဝင် လည်း စကားဆိုလှသည်။ ထို့ကြောင့် ခပ်ဆတ်ဆတ်ပင် ပြန်ပြောလိုက်သည်။

နှစ်လခန့်ကြာသွားသည်။

"အရှင်ဘုရား၊ ဘာကြောင့် ဘုန်းကြီးဝတ်တာလဲ ဘုရား"

"နိဗ္ဗာန်လိုချင်လို့ဝတ်တာပေါ့ ဒကာမလေး"

"ဒါဆို ငါ့ကို မကြိုက်နဲ့ဘုရား"

ဤသို့ပြောပြီးနောက် မိန်းမပျိုလည်း ဆွမ်းအုပ်ကို ယူကာ ထ၍ ပြန်သွားသည်။

မိန်းမပျိုလေးပြောသွားသော "ငါ့ကို မကြိုက်နဲ့" ဟူသော စကားမှာ အနှောင့်အသွားမလွတ်။ ဘုန်းကြီးမှာ အတွေးနယ်ချဲ့သွားသည်။

ဘာကို ဆိုလိုတာလဲ။

ငါကပဲ သူ့ကို ကြိုက်နေသည်ထင်၍ ပြောလေသည် လား။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးတွေးသည်။ စိတ်မကောင်းဖြစ်ရသည်။ မိမိကိုယ်လည်း မိမိ သုံးသပ်သည်၊ ဆန်းစစ်သည်။ မိန်းမပျိုလေးကို မည်သို့မျှ ပြစ်မှားမိခြင်း မရှိ။ စိတ်ကစားမိခြင်း၊ ပြစ်မှားမိခြင်းမရှိ။ မိန်းမပျိုလေးပြောလိုက်ပုံကြောင့် ရှက်မိသည်။ စိတ်မကောင်းဖြစ်မိသည်။ ထပ်ကာထပ်ကာ တွေးမိလေ တနုံ့နုံ့ စိတ်မကောင်းလေ ဖြစ်သည်။ ရှက်စိတ်ကြောင့် အအိပ်အစားပင် ပျက်လာသည်။

ဤသည်ကို ကပ္ပိယကြီးက ရိပ်မိသည်။ ထို့ကြောင့် ဘုန်းကြီးကို အကြောင်းစုံမေးသည်။ ဘုန်းကြီးကလည်း အကြောင်းစုံ ပြောပြသည်။

ကပ္ပိယကြီးလည်း မနေသာတော့ဘဲ ကျောင်းဒကာကြီးအိမ်သို့ သွားသည်။ အကြောင်းစုံကို ပြောပြသည်။

ကျောင်းဒကာတောင်သူကြီးကား စဉ်းစားမြော်မြင်တတ်သူဖြစ်သည်။ သမီးဖြစ်သူကို စုံစမ်းတီးခေါက်ပြီးမှ ဤပြဿနာကိုဖြေရှင်းနိုင်မည်ဟုတွေးမိသည်။ ထို့ကြောင့် သမီးကို စုံစမ်းမေးမြန်းရန် မယားဖြစ်သူကို တာဝန်လွှဲသည်။

ကျောင်းအမကြီးကလည်း သမီးကို ခေါ်ကာ ချော့မော့မေးမြန်းသည်။

"မေမေကလဲ၊ သမီးက ဘုန်းဘုန်းကို ကရားပြခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူက ပြုံးကာ ရယ်ကာ ဖြေသည်။

"ဟော - သမီးက တရားပြခဲ့တာ၊ ဟုတ်လား။ ဘယ်လိုတရားပြခဲ့တာလဲ"

"သမီး ဆွမ်းသွားပို့တိုင်း ဘယ်သူ့ကျောင်းလဲ၊ ဘယ်သူ့သင်္ကန်းလဲ၊ ဘယ်သူ့သပိတ်လဲ မေးတိုင်း ငါ့ကျောင်း ငါ့သင်္ကန်း၊ ငါ့သပိတ်၊ ဘာမေးမေး ငါ့ဟာချည်းပဲ ဖြေသော ရှိတယ်။ ဒါ့ကြောင့် ဘာ့ကြောင့် သင်္ကန်းဝတ်တာလဲလို့ မေးတော့ နိဗ္ဗာန်လိုချင်လို့ လို့ ဖြေတယ်"

"ဒီတော့..."

"ဒီတော့ သမီးက နိဗ္ဗာန်လိုချင်ရင် ငါ့ကို မကြိုက်နဲ့လို့ တရားပြခဲ့တာပါ မေမေ"

"မေမေလဲ သမီးပြောတာကို သဘောမပေါက်ဘူး။ ရှင်းပါဦး"

"ငါ ဆိုတဲ့ အတ္တကို မဖြုတ်ရင် နိဗ္ဗာန်ဘယ်ရနိုင်ပါ့မလဲ မေမေ။ ဒါ့ကြောင့် နိဗ္ဗာန်လိုချင်ရင် ငါ့ကို မကြိုက်နဲ့လို့ သမီးက ပြောတာပါ မေမေ"

ဤတွင်မှ ကျောင်းဒကာ ကျောင်းဒကာမကြီးတို့လည်း မိန်းမပျိုလေး၏ ဆိုလိုရင်းကို သဘောပေါက်သွားကြသည်။ ဘုန်းကြီးကို အကျိုးအကြောင်း သွားရောက်လျှောက်ထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့မှ ဘုန်းကြီးလဲ ငါ့စွဲပြုတ်သွားသတဲ့ ဒကာတော်။ ဒီလိုပါပဲ ရေမြေ့ရှင် မင်းကြီးလဲ နိဗ္ဗာန်လိုချင်ရင် ငါ့ထီး၊ ငါ့နန်း၊ ငါ့မိဖုရား၊ ငါ့သားတော်၊ ငါ့သမီးတော်၊ ငါ့စည်းစိမ်ဆိုတာ ဖြုတ်ပေတော့ မင်းကြီး"

"သာဓု၊ သာဓု၊ သာဓု ပါ ဘုရား"

မင်းကြီးနှင့်တကွ တရားနာပရိသတ်တို့ သာဓု ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၈။ စာချိုးဝါးသနာ

ဗန်းမော်ဆရာတော်ကား အသက်ဘေးနှင့် ကြုံနေခိုက်တွင်ပင် စာချိုးဖြစ်အောင် ချိုးလိုက်သေးသည်။ ထို့ကြောင့်လည်း ဗန်းမော်ဆရာတော်၏ အကြောင်းအရာအဖြစ်အပျက်များသည် ပြောစမှတ်တွင်နေခြင်း ဖြစ်သည်။

တစ်ခါသော် ဗန်းမော်ဆရာတော်၊ သင်္ဂဇာဆရာတော်၊ ဦးသောဘိတ၊ ဦးဂန္ဓာနှင့် ဦးဩဘာတို့သည် ပဍင်းခံ သိမ်တက်ပွဲတစ်ခုကို ဦးစီးကျင်းပရန် ရောက်ရှိခဲ့ကြသည်။ ရောဝတီမြစ်လယ်တွင် အသေအချာ ကျောက်ချထားသော ဝါးဖောင်ကြီးတစ်ခုကို ရေသိမ်အဖြစ် အသုံးချမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗန်းမော်ဆရာတော်နှင့်တကွ အမေးဆရာတော်များ၊ ပဥ္စင်းလောင်း၊ ပဥ္စင်းဒကာတို့သည် သက်နှုးပရိက္ခရာ ကမ္မဝါစာများနှင့်တကွ ရေသိမ်ဝါးဖောင်ကြီးပေါ်သို့ လှေဖြင့် ရောက်ရှိလာကြသည်။

ပထမအကြိမ် နမောတဿသုံးခေါက်ရွတ်အပြီးတွင် မမျှော်လင့်ဘဲ လေပြင်းမုန်တိုင်းကြီးကျရောက်တော့သည်။ လေပြင်းမုန်တိုင်းမှာ ပြင်းထန်လှသည်။ ဝါးဖောင်ကြီးမှာ လေပြင်းဒဏ်မခံနိုင်ဘဲ ပျက်တော့သည်။

ဆရာတော်များနှင့်တကွ အားလုံးပင် အသက်ဘေးမှ လွတ်မြောက်ရန် ကူးခတ်ကြရတော့သည်။ လေမှာ ပြင်းလွန်းသဖြင့် ကမ်းသို့ ကူးခတ်ရန် မလွယ်ကြပါ။ ဤသို့ အသက်လုနေရစဉ်တွင်ပင် ဗန်းမော်ဆရာတော်က စာချိုးဖြစ်အောင် စာချိုးလိုက်လေသည်။

တို့သားအမိ ကံတော်ဆိုး
ရေရှိးကိုတဲ့ မျောတော့မယ်
ကျန်ရစ်သူမိတ်ဆွေများရယ်
တစေးကြနဲ့ကွယ်။ ။
အဘော်၊ ဝံ၊ သောနှင့် ဩဘာတစ်သွယ်
သည်ရေပြင်တွင်
သေဖြစ်ရှာတော့မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



ကမ်းနံပါးရှိလူများက ဖြစ်ပျက်မှုအားလုံးကို မြင်သည်။ ဝိုင်းအော်ကြသည်။ တံငါးလှေများမှင် ရောက်ရှိလာကြကာ လိုက်လံ ကူညီကယ်ဆယ်ကြသည်။ ထို့ကြောင့် အားလုံးပင် အသက်ဘေးမှ လွတ်မြောက်ကြသည်။

သေဘေးကိုပင်မမှု၊ ဝါသနာအတိုင်း စာချိုးခဲ့သည်။ ဗန်းမော်ဆရာတော်အကြောင်းကို ပြောစမှတ် ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နေဘုန်းဝေ



## ၂၉။ နို့ထမင်းဆိုသည်မှာ

နေ့ဝါစာချပြီး ခေတ္တနားနေခိုက်တွင် ဆရာတော့်ထံသို့ ဒကာတစ်ယောက် ရောက်ရှိလာသည်။ ဆရာတော်အား ဖူးမြော်သည်။ ဆရာတော်နှင့် ဧွေရာလေးပါး စကားပြောရင်း နိဗ္ဗာန်အကြောင်းသို့ ရောက်ရှိသွားသည်။

"နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာပါလဲ ဘုရား"

ဒကာက လျှောက်ထားမေးမြန်းသည်။

"အကာသဘောပေါက်အောင် ပြောရမှာ ခက်လှတယ် ဒကာ။ နိဗ္ဗာန်ကို နည်းနည်းလေးမှ မသိတဲ့လူကို ရှင်းပြဖို့က ပိုပြီး ခက်လှပါတယ်။ **နို့ထမင်းဆိုသည်**မှာ ကွေးကွေးကလေးပါဆိုတာလို ဖြစ်မှာလဲ စိုးလှတယ် ဒကာ"

www.burmeseclassic.com

www.burmeseclassic.com



"နို့ထမင်းဆိုသည်မှာ ကွေးကွေးကလေးပါ ဆိုတာကို ရှင်းပါဦးဘုရား"

"ရှင်းရမှာပေါ့ ဒကာ၊ ဒါမှ ဒကာမေးတာနဲ့ နို့ထမင်းဆိုတာ ကွေးကွေးကလေးပါဆိုတာ ဆက်စပ်ပုံသဘောပေါက်ပေမပေါ့"

"တင်ပါ့ဘုရား"

"ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ မျက်မမြင်သူငယ်ချင်းနှစ်ယောက်ရှိသတဲ့။ တစ်ယောက်ကတော့ ခမွးရာပါ မျက်စိကွယ်သူဖြစ်ပြီး တစ်ယောက်ကတော့ အသက်အတော်ကြီးမှ ကျောက်ရောဂါကြောင့် မျက်စိကွယ်သူဖြစ်သတဲ့"

ဆရာတော်က နို့ထမင်းဆိုသည်မှာ ပုံပြင်ကို ဇာတ်ထမ်းပျိုးသည်။

ဘဝတူမျက်မမြင်နှစ်ယောက်လည်း ဘဝတူချင်းဆေါင်းသင်းခင်မင်ကြသည်။ ရွာ့တကာလှည့်ကာ တောင်းရမ်း စားသောက်ကြသည်။

တစ်နေ့သော် အလှူတစ်ခုက နို့ထမင်းပေးလိုက်သည်။ နှစ်ဦးသား သစ်ပင်ရိပ်တစ်ခုတွင် ထိုင်ပြီးနောက် နို့ထမင်းကို စားကြသည်။ အုန်းနို့ထည့်ချက်ထားသော ကြောင့် နို့ထမင်းမှာ ဆိမ့်လှူကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



"နို့ထမင်းဆိုတာ တယ်လဲ ကောင်းလှပါလား သူငယ်ချင်း။ ဘယ်လို အရောင်အဆင်းများ ရှိသလဲ။ သူငယ်ချင်းက ကြီးမှ မျက်စိကွယ်တာဆိုတော့ သိမှာပေါ့ သူငယ်ချင်း"

မွေးရာပါ မျက်စိကွယ်က မေးသည်။

"နို့ထမင်းရဲ့အရောင်က အဖြူရောင်ပါ သူငယ်ချင်း" ကြီးကွယ်က ဖြေသည်။

"အဖြူရောင်ဟုတ်လား၊ အဖြူရောင်ဆိုတာဘာလဲ"

"အဖြူရောင်ဆိုတာ ဖြူဖြူဖွေးဖွေးလေးကိုပြောတာ"

"ဖြူဖြူဖွေးဖွေးဆိုတာကော ဘယ်လိုဟာလဲ"

"ဖြူဖြူဖွေးဖွေးဆိုတာ ဗျိုင်းရဲ့အရောင်မျိုးပေါ့"

"သူငယ်ချင်းက ဗျိုင်းရဲ့အရောင်လို့သာ ဆိုတယ်၊ ငါက ဗျိုင်းဆိုတာ ဘယ်လိုမှန်းမသိပြန်ဘူး။ ရှင်းပြပါဦး"

"ဩော်–သူငယ်ချင်းက ဘာမှမမြင်ဖူးပဲကိုး၊ ဟုတ်ပေသားပဲ။ ဗျိုင်းဆိုတာ လည်ပင်းရှည်ရှည်နဲ့အကောင်လေ သူငယ်ချင်း"

"လည်ပင်းက ဘယ်လိုရှည်ရှည်လဲ"

"ခက်တော့တာပဲ၊ အဲ–ငါ့လက်ကို ကိုင်ကြည့်၊ ငါက ဗျိုင်းရဲ့ လည်ပင်းပုံစံမျိုး လုပ်ပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှ မျက်စိကွယ်သူက မွေးရာပါမျက်စိကွယ်သူကို ဖျိုင်း၏လည်ပင်းသဏ္ဍာန် သူ၏ လက်ကို ကွေးကွေး ကလေး လုပ်ပြသည်။ မွေးရာပါမျက်စိကွယ်က လက်ကို ဟျှောက်စမ်းကြည့်သည်။ ကွေးကွေးကလေးကို စမ်းမိသည်။

"သိပြီ သူငယ်ချင်း၊ ၊နို့ထမင်းဆိုတာ ကွေးကွေး ကောက်ကောက်အရောင် ရှိတာကိုး"

မွေးရာပါက ကောက်ချက်ချသည်။

ကြီးကွယ်က ဆက်မရှင်းတော့။ ရှင်းလေ ရှုပ်လေ ဖြစ်တော့မည်။

"ဒီသဘောပဲ ဒကာ၊ နိဗ္ဗာန်ဆိုတာ လုံးဝမသိတဲ့သူ ကို လုတ်တလော ရှင်းရင် နို့ထမင်းဆိုသည်မှာ ပိုရှင်းလေ ရှုပ်လေဖြစ်တော့မှာပဲ။ တလွဲမှတ်သွားမှာစိုးလို့ မရှင်းပါရ စေနဲ့တော့ ဒကာ"

အန္ဓပုထုဇဉ်ဘဝနှင့် မျက်ကန်းကို ပမာပြုသည်။

နို့ထမင်းကို နိဗ္ဗာန်နှင့်နှိုင်းသည်။

ရုတ်ခြည်းမုံပြုကာ မောကြားတော်မူသော ဆရာ တော်၏အစွမ်းကား အံ့မခန်းလောက်ပါပေ။

"စာပည့်တော် သဘောပေါက်ပါပြီဘုရား"

ဒကာဖြစ်သူလည်း မိမိအန္ဓပုထုဇဉ်ဘဝကို မိမိ သဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



- မှတ်ချက်။ ။ ပုထုဇဉ် ၂-မျိုး

၁။ ကလျာဏပုထုဇဉ် - ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို သိ၍ ကောင်းသော ပုထုဇဉ်။

၂။ အန္ဓပုထုဇဉ် - ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို မသိသော အကန်းနှင့်တူသော ပုထုဇဉ်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ ပညာသုံးစုငွေသုံးရာ

မင်းတုန်းမင်းကြီးကိုယ်တိုင် စာပေကျမ်းဂန်လေ့လာ တတ်ကျွမ်းသည်။ သာသနာပြုမင်းလည်း ဖြစ်သည်။ မကြာ ခဏပင် ဆရာတော်တို့အား ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ် လှူဒါန်းသည်။ မေးမြန်းဆွေးနွေးလျှောက်ထားစရာရှိသည် တို့ကိုလည်း လျှောက်ထားမေးမြန်းဆွေးနွေးလေ့ရှိသည်။

တစ်နေ့သော် ဆရာတော်ကြီးများအား ဆွမ်းကပ် လှူဒါန်းပြီးနောက် မင်းတုန်းမင်းတရားကြီးက ဤသို့ လျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့၊ တပည့်တော် ထီးနန်းစည်းစိမ် ခံစားသည်မှာလဲ ကြာပါပြီ။ အရှင်ဘုရားတို့ကလဲ တရားမွေ ဟောပြောပြသပေါင်းများပါပြီ။ ဒါပေမယ့် တပည့်တော်ဟာ တရားသဘောကို မပေါက်နိုင်အောင်ပါပဲ ဘုရား။ ဒီတစ်ခါ လဲ သင့်တော်တဲ့တရားကို ဟောတော်မူပါဦးဘုရား"

"ဒကာတော်ရေမြေ့ရှင်ကို ဘုန်းကြီးတို့ ဟောခဲ့တာ လဲ များပြီ၊ ဇရာပိုင်းလဲ ရောက်လာကြပြီ၊ ဒီတော့ ပုံပြင်တို တစ်ပုဒ်နဲ့ ယှဉ်ဟောရတော့မှာပဲ"

ဇနီးမော်ဆရာတော်က မိန့်သည်။

"တင်ပါ့ဘုရား"

"ရှေးတုန်းက ရွာတစ်ရွာမှာ လူတစ်ယောက်ရှိတယ်။ ပညာမတတ်လေတော့ သားမယားကို ပင်ပန်းစွာ လုပ်ကျွေး နေရရှာတယ်။ သူ့သားတော်င် ၁၄–နှစ်သား ရှိလာပြီ။ ဒီ အတိုင်းနေလို့ကတော့ မဖြစ်ဘူး။ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုတော့ သင်မှပဲလို့ တွေးမိသတဲ့"

ဆရာတော်၏ ပုံပြင်ကို အားလုံးပင် စိတ်ပင်စားစွာ နားထောင်နေကြသည်။

စုဆောင်းရရှိသမျှ ငွေသုံးရာကျပ်ကို ယူပြီး ပညာရှာ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ကြာသွားသည်။

ပညာရှာရင်း ရှာရင်းနှင့် ဒိသာ ဘိုအခါတွင်မှ တက္ကသိုလ်ပြည်သို့ ရောက်သည်။ ဒိသာ ပါမောက္ခဆရာကြီးကို ဝင်ရောက်တွေ့ဆုံကာ ကန်တော့ သည်။

"အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခု တတ် မြောက်ချင်လို့ပါ ဆရာကြီး"

ဒိသာပါမောက္ခဆရာကြီးကို တောင်းပန်သည်။ ဆရာကြီးလည်း ပညာသင်လိုသူကို အကဲခတ် လေ့လာသည်။

"တပည့်က အသက်ကြီးနေပြီ၊ သုံးနှစ်သုံးမိုး အချိန် ယူနေလို့က မဖြစ်တော့ဘူး"

"မှန်ပါတယ်ဆရာကြီး"

"ပညာသင်စရိတ်ကော အလုံအလောက်ပါရဲ့လား"

"ကျွန်တော်က ဆင်းရဲသား ဖြစ်ပါတယ်။ ဒါကြောင့် အသပြာ သုံးရာကျပ်သာ ပါပါတယ်ဆရာကြီး"

"ပညာဆိုတာ အရွယ်ကိုလိုက်ပြီး အချိန်ယူသင်ရ တာ ရှိတယ်။ ချက်ချင်းအသုံးချလို့ရအောင် သင်ရတာမျိုးလဲ ရှိတယ်။ တပည့်ကတော့ ဒုတိယအမျိုးအစားမှာ ပါဝင်တယ်။ ဒီတော့ အချိန်တိုတိုနဲ့ ချက်ချင်းတတ်အောင် သင်ပေး လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလှပါတယ်ဆရာကြီး"

"ကဲ–စာသင်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

**"ကုလားသေ ကုလားမောမအိပ်ရ**

**ပေးကွယ့် ငွေတစ်ရာ"**

တပည့်ဖြစ်သူက ပညာပူဇော်ခ ငွေတစ်ရာ ကန်တော့သည်။

**"ရေချိုးဆိပ်မှာ မချိုးရ**

**ပေးကွယ့် ငွေတစ်ရာ"**

ရှေးနည်းတူ ငွေတစ်ရာ ကန်တော့သည်။

ပထမသင်ခန်းစာ၊ ဒုတိယသင်ခန်းစာကို နှုတ်တက်အာဂုံဆောင်စေသည်။ ထို့နောက် တတိယသင်ခန်းစာကို သင်သည်။

**"မစူးစမ်း မဆင်ခြင် မပြုရ**

**ပေးကွယ့် ငွေတစ်ရာ"**

ရှေးနည်းအတိုင်းပင် ပညာပူဇော်ခ တစ်ရာကို တပည့်ဖြစ်သူက ကန်တော့သည်။

"ဒီပညာသုံးခွန်းကို သေသေချာချာ မှတ်ပြီး ပြန်ပေရော့"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကို သေချာစွာ ကန်တော့ပြီးနောက် ရွာပြန်ခရီး စသည်။

– ကုလားသေ ကုလားမော မအိပ်ရာ
– ရေချိုးဆိပ်မှာ မချိုးရာ
– မရှုးစမ်း မဆင်ခြင်မပြုရာ

ဤသုံးခွန်းကိုလည်း တတွတ်တွတ် ရွတ်ရင်း ခရီးထွက်ခဲ့သည်။ ဤသုံးခွန်းသော သင်ခန်းစာသည်ပင်လျှင် သူ၏ ဘဝကို များစွာ တိုးတက်ပြောင်းလဲစေခဲ့ပါသည်။

ညနေစောင်းတွင် ဇရပ်တစ်ဆောင်ရှိရာသို့ ရောက်သည်။ အချိန်နှောင်းပြီဖြစ်သဖြင့် ထိုဇရပ်တွင်ပင် အိပ်စက်တည်းခိုရန် ဆုံးဖြတ်လိုက်သည်။

ညောင်းညာလှသည်ဖြစ်၍ လဲလျောင်းသည်။ အိပ်စက်မည် ပြုသည်။

"ကုလားသေ ကုလားမော မအိပ်ရာ"

ဆရာကြီး သင်လိုက်သည့်သင်ခန်းစာကို အမှတ်ရသည်။ သို့နှင့် မအိပ်တော့ဘဲ မှိန်း၍သာ နေတော့သည်။

ညဉ့်သန်းခေါင်တွင် ဇရပ်ပေါ်တွင် အိပ်သေသူကို စားနေကျ ဘီလူးမ ရောက်လာသည်။ မှိန်းနေသေသူလည်း ချက်ချင်းထသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမ၏ ဆံပင်ကို ဆွဲကာ တံတောင်နှင့် ထောင်းသည်။

ခါတိုင်း လူသားများနှင့်မတူ။ သူ့ကို ထ၍ ထောင်းသော လူသားကို ဘီလူးမက များစွာ ထိတ်လန့်သွားသည်။ ထို့ကြောင့် သူ့အသက်ကို ချမ်းသာပေးရန် တောင်းပန်သည်။ အသက်ဖိုးအဖြစ် ရတနာ့ထုပ်ကို ပေးသည်။ ဘီလူးမကို လွှတ်သည်။ ဘီလူးမလည်း ချက်ချင်းပင် ထွက်ခွာသွားသည်။ ထိုသူလည်း မအိပ်တော့။ ဆရာ့ဂုဏ်ကျေးဇူးကြောင့် မသေဘဲ ရတနာ့ထုပ်ရလိုက်သည်ကို တွေးနေသည်။

မိုးသောက်သည်တွင်မှ ခရီးဆက်ခဲ့သည်။

နေက ပူလာသည်။ ခရီးကလည်း ပန်းလာသည်။ ညကလည်း အိပ်ရေးဝအောင် မအိပ်ခဲ့ရ။ ရေချိုးချင်လာသည်။ မြစ်ဆိပ်သို့ ဆင်းခဲ့သည်။ လူလေးငါးယောက် ရေချိုးနေသည်ကို တွေ့ရသည်။ သူကိုယ်တိုင်လည်း အလွန် ရေချိုးချင်သွားသည်။

“ရေချိုးဆိပ်မှာ ခချိုးရာ”

ဆရာကြီး၏ သင်ခန်းစာကို ကြားယောင်သည်။

သို့နှင့် ရေချိုးဆိပ်ဘွင် မချိုးတော့ဘဲ လူမရှိသော နေရာတစ်နေရာ ရွေးကာ တစ်ယောက်တည်း ချိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ရောက်ချင်စောက ပြင်းထန်နေသည်။ ထို့ကြောင့် အသော့အလျင် ခရီးနှင်ခဲ့သည်။ ခရီးအတော် ရောက်မှ ရတနာ့ထုပ်ကျန်ခဲ့မှန်း သတိရသည်။ ချက်ချင်းပင် ရေချိုးခဲ့ရာသို့ ပြန်ခဲ့သည်။

ရတနာ့ထုပ်ကို ခြေရာလက်ရာမပျက် ပြန်၍ တွေ့သည်။ ဆရာကြီး၏သင်ခန်းစာများကား မှန်လှသည်။ ခရီးဆက်ရာ ညဉ့်ဦးပိုင်းတွင် အိမ်သို့ ပြန်ရောက်သည်။ အိပ်ရာထဲတွင် ကာလသားတစ်ဦးနှင့် ယှဉ်အိပ်နေသော မိန်းမဖြစ်သူကို တွေ့ရသည်။ များစွာ ဒေါသထွက်သည်။ ဓားရှည်ကို ဆွဲကာ ခုတ်မည် ပြုသည်။

"မစူးစမ်း မဆင်ခြင် မပြုရာ"

ဆရာကြီး၏ နံပါတ်သုံးသင်ခန်းစာကို ကြားယောင်သည်။ စိတ်ကို ထိန်းလိုက်သည်။ မယားကို နှိုးလိုက်သည်။ ညှိတွင်မှ ယှဉ်အိပ်နေသူမှာ သူ့သားကြီးဖြစ်ကြောင်း သိရသည်။ ထိုအခါကျမှ ဘီလူးမထံမှ ရခဲ့သော ရတနာ့ထုပ်ကို အပ်သည်။

မိသားစုသုံးဦးစလုံး အသက်ထက်ဆုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် လောကီချမ်းသာကို ခံစားရင်း နေထိုင်သွားနိုင်ခဲ့ကြသည်။ ဆရာ့စကား နားထောင်လိုက်နာခြင်း၏ ကျေးဇူးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုပါပဲ၊ ဗုဒ္ဓဟောကြားတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ စကားသုံးခွန်းကိုလည်း ကျင့်ကြံပွားများ အားထုတ်မယ်ဆိုရင် လောကုတ္တရာချမ်းသာကို ခံစားနိုင်မှာပဲ ဒကာတော်ရေမြွှရှင်"

ဗုဒ္ဓမြတ်စွာဘုရား၏ သုံးခွန်းသောဆုံးမစကားကို ခံမမလျော့ရန် ဆရာတော် သတိပေး ဆုံးမသည်။

သာဓု၊ သာဓု၊ သာဓု။

မင်းပရိသတ်အားလုံးက သာဓု ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၁။ တစ်ယောက်တည်း တည့်အောင်နေ

ဗန်းမော်ဆရာတော်ကား ပရိသတ်၏ အခြေအနေကို ကြည့်ကာ တရားဟောလေ့ရှိပါသည်။ ချဲ့ထွင်သိုင်းဝိုင်းကာ ဟောခြင်းထက် လိုရင်းကို မြင်သာ ထင်သာအောင် ဟောလေ့ ရှိပါသည်။ အချို့သော ပရိသတ်က ရှည်ရှည်ဟောမှ ကြိုက်သည်။ အချို့က လိုရင်း တိုရှင်းကို ကြိုက်သည်။

"တပည့်တော်တို့ကို အတိုဆုံးနည်းနဲ့သာ ဟောတော်မူပါဘုရား"

ဒကာအချို့က လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုရင်း တိုရှင်း ဟောတတ်လေ့ရှိပါလျက် ဤသို့ လျှောက်ထားသည်မှာ ရှဲ့သည့်သဘော ဖြစ်နေသည်။ ဆရာတော်ကား အပြုံးမပျက်ပါ။

"တရားကို အတိုဆုံးနည်းနဲ့သာ ဟောပါဆိုတော့ တစ်ယောက်တည်း တည့်အောင်နေကြပေါ့ကွယ်"

ဆရာတော်က ဤမျှသာ ဟောသည်။

ဒကာတို့မှာ ဘာမျှ သဘောမပေါက်ကြတော့၊ နားမလည်ကြတော့။

"ဆရာတော်ဘုရား၊ တစ်ယောက်တည်းနေတာပဲ ဘာများ မတည့်စရာရှိပါသေးလို့လဲ ဘုရား"

ဆရာတော်၏တရား ဆိုလိုရင်းကို သဘောမပေါက်ကြသဖြင့် မေးလျှောက်ကြသည်။

"ဒကာတို့က တရားတောင်းတာ တောင်းပေါ့။ ဘယ့်နှယ် တိုတိုဟောပါဘုရား၊ ရှည်ရှည်ဟောပါဘုရားနဲ့ တယ်ပြီး ဆရာလုပ်ကြတာကိုး"

ဆရာတော်ကား စကားကြွေးအစောင်ခံသည့်ပုဂ္ဂိုလ် မဟုတ်။ ချက်ချင်းပင် တုံ့ပြန်သည်။

"တိုတိုဟောပါပြောလို့ တိုတိုဟောတော့လဲ ဘာကိုက မမီဘူး။ တရားတောင်းရင် ဟောတဲ့ပုဂ္ဂိုလ်က သင့်သလို ဟောမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့ မှားပါတယ် ဘုရား"

"တစ်ယောက်တည်း တည့်အောင်နေဆိုတာဟာ ကိုယ့်ကိုယ်မှာ ဖြစ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ တရားတွေကို တိုက်နေရတယ် မဟုတ်လား။ အဲဒီတရားတွေ မလွှမ်းမိုးအောင် တရားနဲ့ ဆင်ခြင်နေလို့ ပြောတာကွယ့်"

"သဘောပေါက်ပါပြီဘုရား"


ဆရာတော်အား ရှိခိုးစွာ ကန်တော့ကြသည်၊ ထို့နောက် အသီးသီး ပြန်ကြလေတော့သည်။

(၇)

www.burmeseclassic.com

www.burmeseclassic.com

နေဘုန်းဝေ



## ၃၂။ မျိုးနှုတ်သမားနှင့်တွေ့သော

မင်းတုန်းမင်းသည် မင်းစည်းစိမ်ကို ခံစားရင်း တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရင်းက သာသနာ့တာဝန်ကို အတတ်နိုင်ဆုံး ကျေပွန်အောင် ထမ်းဆောင်သည်။ ပွဲပိုးသည်။ ကိုယ်တိုင်လည်း သံသရာမှ လွတ်မြောက်လိုသော ဆန္ဒအမှန်တကယ်ပင် ရှိသည်။ ထို့ကြောင့် ဆရာတော်ကြီးများနှင့် ဆုံတွေ့တိုင်း တရားအားထုတ်လိုကြောင်း လျှောက်ထားလေ့ရှိပါသည်။

တစ်ခါသော် နန်းတော်သို့ ဗန်းမော်ဆရာတော်အား ဆွမ်းကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်မှာ မင်းစည်းစိမ်နဲ့ တာဝန်က တစ်ဖက်ရှိနေလို့သာပါ ဘုရား။ တာဝန်သာမရှိရင် တရား ဘာဝနာသာ စီးဖြန်းနေလိုတော့ကြောင်းပါဘုရား"

မင်းစုန်းမင်းတရားကြီးက လျှောက်ထားသည်။

"ဒကာတော်မင်းမြတ်ဟာ ဘုန်းကြီးနဲ့ တွေ့တိုင်း တောပဲထွက်တော့မလို့၊ ဘုန်းကြီးပဲ ဝတ်တော့မလို့ ပြောတာ များပြီ၊ ကြာတော့ ဒကာတော်ကို ကြည့်ရတာ ပျိုးနုတ်သမားနဲ့ တူနေပြီ"

ဗန်းမော်ဆရာတော်က မိန့်သည်။

"ရှင်းလင်းဟောကြားတော်မူပါဦးဘုရား"

"တို့များခေတ်က ပျိုးနုတ်သမားကောင်းဆိုရင် ဂုဏ်ရှိတယ်"

ဆရာတော်က ပုံပြင်ကို စပြောသည်။

တစ်နေ့သော် ထိုပန်းသည်ကြီးသည် ပန်းရောင်းရင်း ပျိုးခင်းကြီးတစ်ခုအနားသို့ ရောက်သွားသည်။ ထိုအချိန်တွင် ခါးပုံစတွင်း၌ နှီးတစ်စည်းကို ညှပ်ထားသော လူတစ်ယောက်လည်း ပျိုးခင်းသို့ ရောက်လာသည်။ ထိုသူ့ကို ကြည့်ရသည် မှာ ပျိုးနုတ်သမားဟု မှတ်ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပန်းသည်ကြီးသည် အပန်းလည်း ဖြေရင်း ပျိုးနုတ်သည်ကို ကြည့်မည်ဟု သစ်ပင်ကြီးတစ်ပင် အောက်တွင် ဝင်ရောက် နားနေရလေသည်။

ပျိုးနုတ်သမားလည်း ပျိုးခင်းထဲသို့ ရောက်လာသည်။ နှီးစည်းကို ခါးပုံစမှဖြုတ်ကာ ရေစိမ်ထားလိုက်သည်။

"ထမင်းစားပြီးမှ နုတ်လဲ ခဏပါပဲလေ"

ထိုသူရေရွတ်လိုက်သောအသံကို ပန်းသည်ကြီးက ကြားသည်။ ပန်းသည်ကြီးမှာ ပို၍ စိတ်ဝင်စားသွားသည်။ ထိုသူ ထမင်းစားပြီးနောက် ပျိုးနုတ်သည်ကို စောင့်ကြည့်ဦးမည်ဟု စိတ်ကူးကာ ဆက်စောင့်နေသည်။

ပျိုးနုတ်မည့်သူသည် ခေါင်းပေါင်းထားသည့် ပုဆိုးကို ဖြုတ်သည်။ သစ်မြစ်ပေါ်တွင် တင်လိုက်သည်။ ဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်သည်။ ထို့နောက် ပုဆိုးကို ခေါင်းအုံးကာ အညောင်းဆန့်လှဲအိပ်လိုက်သည်။

"ဒီပျိုးခင်းလေးလောက်များ နေအေးမှ နုတ်လဲ ခဏပဲ။ မှိန်းလိုက်ဦးမယ်"

ပျိုးနုတ်သူက ရေရွတ်ပြောဆိုရင်း အိပ်သည်။

ပန်းသည်ကလည်း ထိုသူပြောသည်ကို အတိုင်းသား ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ ပျိုးနုတ်တော်တော် တော်မယ့်သူပဲ။ စောင့်လက်စနဲ့ စောင့်လိုက်ပါ့မယ်လေ"

ထိုသို့ တွေးတောမိရင်း ပန်းသည်လည်း အညောင်းဆန့်ရင်း စောင့်နေလေသည်။

ပျိုးနုတ်မည့်သူ "အိပ်ရာမှ နိုးလာသည်။

ပန်းသည်လည်း စောင့်ဆဲ။

"နေကလဲ တယ်အကျမြန်တာကိုး၊ ခုမှနုတ်လဲ အချိန်မမီတော့ပါဘူး။ မနက်ကျမှပဲ နုတ်ပါတော့မယ်"

ပျိုးနုတ်သမားက ရေရွတ်ပြောဆိုသည်။

"ဟင်..."

ပန်းသည်က ညည်းတွားရေရွတ်မိသည်။

သူ့ခမျာ ပျိုးနုတ်သည်ကို ကြည့်ရန် အားခဲထားသည်။ ယခုတော့...

နေကလည်း ညိုပြီ။

ပန်းရောင်းရန် အချိန်ကလည်း နည်းပြီ။

ပန်းအချို့ကလည်း ညိုးပြီ။ ဆက်မရောင်းနိုင်တော့။ အိမ်သို့သာ ပြန်ခဲ့ရတော့သည်။

"ဒီသဘောပါပဲ ဒကာတော်ရေငဲမြွေရှင်၊ ဒကာတွေတော့ ထွက်နိုး၊ တရားဘာဝနာစီးဖြန်းနိုးနဲ့ စောင့်ခဲ့တာ ကြာပါပေကော။ အချိန်ကုန် စာကြည့်ပျက်တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ကို အဆုံးသတ်ပြီးနောက် ဆရာတော်လည်း ဇာန်းမော်ကျောင်းတိုက်သို့ ပြန်လည်၍ ကြွခဲ့လေသည်။

မင်းတုန်းမင်းမှာ မည်သို့မျှ မလျှောက်သာ။

ဆရာတော်ကို မျက်စိတစ်ဆုံး ဖူးမြော်ဦးတင်ရင် ကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၃။ ယောင်သုံးဆယ်

"မင်းက ခု ဘာလုပ်စားနေသလဲ"

တပည့်ဒကာတစ်ဦးကို ဆရာတော်က မေးသည်။

"တပည့်တော်ကတော့ မျိုးစုံပါပဲ ဘုရား"

တပည့်ဒကာက လျှောက်ထားသည်။

"မင်း မျိုးစုံဆိုတာ ရှင်းစမ်းပါဦးကွယ့်"

"ဒီလိုပါဘုရား၊ တပည့်တော်က ပွဲစားလဲလုပ်တယ်၊ ဆေးလဲ ကုတယ်။ ဗေဒင်လဲ ဟောတယ်၊ လက်သမားလဲ လုပ်တယ်၊ ကြုံရင် ကြုံသလို မျိုးစုံလုပ်တာကို ပြောတာပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ယောင်သုံးဆယ်သူမားကိုးကွယ့်"

"မိန့်တော်မူပါဦးဘုရား"

"အင်း–တစ်ခါတုန်းက ရွာတစ်ရွာမှာ လင်မယားနှစ်ယောက် ရှိတယ်။ လင်ဖြစ်သူက ဘာမှ မည်မည်ရရ မလုပ်ဘူး။ ဟိုစပ်စမ် ဒီစပ်စပ်နဲ့။ ဘာမှတော့ မကျွမ်းကျင်ဘူး။ တီးမိခေါက်မိတော့ သိတယ်။ မိန်းမက ဈေးရောင်းပြီး ကျွေးရတယ်"

တစ်နေ့ လင်မယားနှစ်ဦး ခရီးထွက်ခဲ့ကြလေသည်။ လမ်းတွင် မြစ်တစ်ခုကိုအဖြတ် လင်ဖြစ်သူသည် မြစ်ထဲလိမ့်ကျလေသည်။ ထိုသူမှာ အလုပ်မျိုးစုံသာ လုပ်နေပါသည်ဟု ဆိုသော်လည်း ရေမှာမူ ကောင်းစွာ မကူးတတ်ရှာ။

"ကယ်ကြပါဦးရှင်၊ ကျွန်မလင် ယောင်သုံးဆယ် ရေနစ်နေလို့ပါ၊ ကယ်တော်မူကြပါ"

မိန်းမဖြစ်သူက ကြောက်အားလန့်အားနှင့် အော်သည်။

ငါးဖမ်းနေသော တံငါသည်များက ကြားသည်။ ခေါင်းတစ်လုံးတည်းတွင် ယောင်သုံးဆယ် ထုံးထားသည်လော၊ ခေါင်းသုံးဆယ်ပင်ရှိသော သူလေလား။ တစ်ခုခုတော့ ထူးဆန်းသည်ပင်။ ဤသို့ တွေးမိကြရင်း ဝိုင်းဝန်းကယ်ဆယ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပြီးနောက် ကြည့်ကြသည်။ ခေါင်းတစ်လုံး သျှောင်တစ်လုံးသာ ပါသောသူဖြစ်နေသည်။ အာမှု မထူးဆန်း။

"ခင်ဗျား အောက်တုန်းက သျှောင်သုံးဆယ်ဆို၊ ခု သျှောင်တစ်ထုံးတည်းပါလား။ ဘာကြောင့် ညာအောင်ရတာလဲ"

"မညာပါဘူး ရှင်တို့ရယ်။ ကျွန်မယောက်ျားက ဘာမှ မည်မည်ရရမလုပ်ဘဲ ဟိုစပ်စပ် ဒီစပ်စပ်လုပ်လို့ သူ့ကို ယောင်သုံးဆယ်လို့ ခေါ်ကြတာပါ။ ကျွန်မလဲ အဲ့ဒါ စွဲပြီး ခေါ်မိတာပါ မောင်ကြီးတို့ရယ်"

"ဒီလို ယပ်ကီလက်ကန့် ယောင်သုံးဆယ်သမားမှန်း သိရင် ကျုပ်တို့ မကယ်ပါဘူးဗျာ"

တံငါသည်များက ညည်းညူပြောဆိုကြလေသည်။

"ဒီလိုပဲ၊ ငါ့တပည့် မင်းရေနစ်ရင်တောင် ကယ်မယ့် သူမရှိ ဖြစ်နေဦးမယ်။ တစ်ခုခုတော့ စွဲစွဲမြဲမြဲ ဖောက်ချလုပ် တပည့်ရဲ့"

"မှန်လှပါအရှင်ဘုရား၊ တပည့်တော် တစ်ခုခုကို တရားသဖြင့် စွဲစွဲမြဲမြဲ ဖောက်ချလုပ်ပါတော့မယ် ဘုရား"

"သာဓု၊ သာဓု၊ သာဓု"



www.burmeseclassic.com

www.burmeseclassic.com

## ၃၄။ ခေါက်ဈေးတူမှတော့

"ကိုရင် ကတ်ကြေးသွားယူခဲ့စမ်း"

တပည့်ဦးပဉ္ဇင်းများနှင့်အတူ သင်္ကန်းချုပ်နေသော ဗန်းမော်ဆရာတော်က ကိုရင်တစ်ပါးအား ခိုင်းသည်။

ဆရာတော် ခိုင်းသဖြင့် ကိုရင်လည်း ကျောင်းအောက်သို့ အမြန်ဆင်းသွားသည်။ ထို့နောက် ကတ်ကြေးယူလာရမည့်အစား အင်္ဂလိပ်ရုတ်ဖိုမှ မီးညှပ်ကို ယူလာခဲ့လေသည်။

"ကတ်ကြေးယူခဲ့ပါဆိုမှ မီးညှပ်ယူလာခဲ့ရသေးသား ကိုရင်။ ဒီပစ္စည်းနှစ်ခုက ညှပ်ရတာချင်း တူပေမယ့် အသုံး

www.burmeseclassic.com

www.burmeseclassic.com



တည့်ပုံကော၊ အမှည်ကော မတွေ့ဘူးကွယ့်။ အင်း-ကိုရင်ဟာ ငါးကြင်းစောက်နဲ့ တူရှင်းစောက် မှားသလို ဖြစ်နေတာကိုး"

ဆရာတော်က ပြုံးရယ်ရင်း မိန့်တော်မူသည်။

"ငါးကြင်းစောက်နဲ့ တူရှင်းစောက် မှားပုံ ရှင်းလင်း ဟောကြားတော်မူပါဦးဘုရား"

တပည့်ဦးပဉ္စင်းများက လျှောက်ထားတောင်းပန်ကြလေသည်။ ဆရာတော်က ကွမ်းမြုံ့ရင်း ပုံပြင်ကို စပြောသည်။

"ရှေးတုန်းက အလွန်ရိုး၊ အလွန်အ၊ အလွန် အမြော်အမြင်နည်းတဲ့ လူတစ်ယောက် ရှိတယ်။ သူက မေ့လဲ မေ့ တတ်တယ်။ သူအိမ်ထောင်ကျတော့ အိမ်ခွဲပြီး သီးခြားနေကြတယ်"

တပည့်ဦးပဉ္စင်းများ၊ ကိုရင်များက ဆရာတော်၏ ပုံပြင်ကို နားထောင်ကြသည်။

တစ်နေ့သော် ထိုအညာသား၏ ဇနီးသည်က သားယောက်ျား မွေးဖွားလေသည်။ သားဦးဖြစ်သဖြင့် အလွန်ဂရုစိုက်ကြသည်။ ကလေးအတွက် နို့ထွက်ကောင်းရန် လိုသည်။ လင်၏ ရိုး အ-ညံ့ဖျင်းပုံကိုသိသော ဇနီးသည်က ဘယ်ပင် လိုလေသေးမရှိ စီစဉ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုရင်၊ ကလေးအတွက် မီခင်နို့ထွက် ကောင်းဖို့ လိုတယ်"

"အေး–ဟုတ်တယ်"

"ကြောင်ပန်းရွက်နဲ့ ငါးကြင်းစောက် ဝယ်ပေးပါ ကိုရင်"

"ဝယ်ပေးမယ်"

"သေသေချာချာမှတ်နော်၊ ကြောင်ပန်းရွက်နဲ့ ငါးကြင်းစောက် မှတ်မိတယ်နော်"

"အေးပါ–ကြောင်ပန်းရွက်၊ ငါးကြင်းစောက်"

ကိုလူနံ့လည်း တဖွဖွရွတ်ရင်း၊ မှတ်ရင်းနဲ့ ဈေးဆီကို ထွက်ခဲ့သည်။

တစ်နေရာအရောက်တွင် ကိုလူနံ့ လူအလည်း အမှတ် တမဲ့ ခလုတ်တိုက်မိသည်။ ဤတွင် မှတ်လာသည့်ကို မေ့ သွားသည်။ မနည်းပြန်၍ စဉ်းစားယူရသည်။

ကြောင်ပန်းရွက်ကို စဉ်းစားမိသည်။

နောက်တစ်မျိုး။ ထိုစာလုံးတွင် စောက် ပါသည်။ အပြန်ပြန်အဖန်ဖန် စဉ်းစားသည်။ ဟုတ်ပြီ၊ တူရွင်းစောက်။ သူမှတ်မိပြီ။

ဈေးသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပန်းရွက် ဝယ်သည်။ တူရွင်းစောက် ဝယ်သည်။ အိမ်ပြန်ခဲ့သည်။ ကိုယ်တိုင် မီးဖိုထဲ ဝင်သည်။ ကြောင်ပန်းရွက်နှင့် တူရွင်းစောက်ကို ရောချက်သည်။

ဟင်းကျက်လျှင် မယားဖြစ်သူကို ခူးခပ် ကျွေးသည်။ မယားဖြစ်သူက ဟင်းကို မြည်းကြည့်သည်။ ဟင်းမှာ မချိုချေ။ သည်ကြားထဲ သံချေးစော်က နံသေးသည်။

"ဘယ်လိုဖြစ်တာလဲ ကိုရင်"

"ဘာလဲ ရှင်မ"

"ကိုရင့်ဟင်းခါးက မချိုတဲ့အပြင် သံချေးစော်ကလဲ နံပါ့ကိုရင်"

"ရှင်မ မှာတဲ့အတိုင်း ဝယ်လာပြီး ချက်တာပဲ"

"ဟင်းခါးအိုး ယူခဲ့စမ်းပါကိုရင်၊ ကြည့်ရအောင်"

ဟင်းခါးအိုးကို ယူလာပြသည်။

ကြောင်ပန်းရွက်ကတော့ ဟုတ်သည်။ ဟင်းခါးအိုးထဲ တူရွင်းစောက်ကြီးက ရောက်နေသည်။

"ကိုရင့်ကို မှာလိုက်တာက ကြောင်ပန်းရွက်နဲ့ ငါးကြင်းစောက်။ ခုတော့ ဘယ့်နှယ် ကြောင်ပန်းရွက်နဲ့ တူရွင်းစောက် ဖြစ်နေရတာလဲ။ ကိုရင် ဘယ်နေရာမှအဖြစ်မရှိဘူး"

မယားဖြစ်သူက အပြစ်တင် မြည်တွန်တောက်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကိုလူနုံက…

"အေးကွာ–စောက်ချင်းတူမှတော့ မှားမှာပေါ့" ဟူ၍ ခွန်းတုံ့ပြန်လေသည်။

"အင်း–ကတ်ကြေးနဲ့ မီးညှပ်မှားတာက ငါးကြင်းစောက်နဲ့ တူရွှင်းစောက် မှားတာနဲ့စာရင် တော်သေးတာပေါ့လေ"

ဗန်းမော်ဆရာတော်က ပုံပြင်ကို အဆုံးသတ်သည်။ ကျောင်းရှိ စာသင်သားတို့မှာ ရယ်မောကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၅။ ထိပ်ပုတ်စတမ်း

မင်းတုန်းမင်းတရားကြီးသည် သာသနာပြုမင်းတစ်ပါး ဖြစ်ပါသည်။ သာသနာတော် သန့်ရှင်းတည်တံ့ခိုင်မြဲရေးအတွက်လည်း အစဉ်တစိုက် ကြိုးပမ်းတော်မူခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။

တစ်ခါသော် မင်းတုန်းမင်းကြီးသည် စိနည်း ကျွမ်းကျင်တော်မူသော ရှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒကို နန်းတော်သို့ ပင့်သည်။ သာသနာရေးနှင့် ပတ်သက်၍ တိုင်ပင်တော်မူသည်။ ထို့နောက် သာသနာတော်မြတ် အရပ်ရပ်သော ရဟန်းသာမဏေအသီးသီးတို့အား ဝိနည်းသိက္ခာတော်နှင့် ညီစွာ ကျင့်ကြံအားထုတ်တော်မူကြရန် စီမံ

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင် သုတ်သင် ရှင်းလင်းတော်မူပါမည့်အကြောင်း နှင့်စတောင်းလျှောက်ထားသည်။

ဝိနည်းတည်သည်ရှိသော် သာသနာတော်သည် တည်သည်မည်၏။

ဝိနည်းမည်သည်ကား သာသနာ၏ အသက် ဖြစ်ပေသည်။

သာသနာတော်ထမ်း ရဟန်းသံဃာတို့ မည်သည် ဝိနည်းသိက္ခာတော်နှင့် ညီကြရပေမည်။

အကြောင်းမရှိဘဲ ဓနလွဲကွမ်းစားဆေးသောက်ခြင်း၊ ရပ်ရွာတွင်း၌ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ လူဗိုလ်ပုံတို့၌ သင်္ကန်းမရုံမလွှားဘဲသွားခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ လူတို့၏ အစေအပါးခံခြင်း စသည်တို့သည် အပြစ်ဖြစ်ပေသည်။

ဤသို့ မပြုလုပ်ကြရန် ဝိနည်းအမိန့်တော် ပြန်တမ်းတစ်စောင်ကို ရှမ်းကလေးကျွန်းဆရာတော်က ရေးသည်။ မင်းတုန်းမင်းကလည်း သုဓမ္မာဆရာတော် ရှစ်ပါးထံ တင်ပြ အတည်ပြုချက်ယူသည်။ ထို့နောက် နိုင်ငံတော်သို့ ဖြန့်ဝေ ပြဋ္ဌာန်းလေသည်။

ဇနီးမော်ကျောင်းတိုက်သို့လည်း မဟာဒါန်ဝန်၊ မဟာဒါန်ဝန်စာရေးတို့ ပေးပို့သောအမိန့်တော်ပြန်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသည်။ ဇန်းမော်ဆရာတော်လည်း ပြန်တမ်းကို သေချာစွာ ဖတ်ရှုတော်မူသည်။

သဘောမကြိုက်အပ်သောအချက်များပါသည်။

ရတနာပုံနေပြည်တော်သည် အလွန်ပူသောဒေသ ဖြစ်သည်။ ထီးမဆောင်း၊ ဖိနပ်မစီးလျှင် ရောဂါဖြစ်ချေရော့မည်။ ကသည်းလူမျိုး ဦးနန္ဒကား ဖိနပ်မစီးတတ်၊ ထီးမဆောင်းတတ်၊ ကျင့်သွားရပြီး ဖြစ်သည်။ မတူညီနိုင်။

ဇန်းမော်ဆရာတော်သည် ထိုအမိန့်တော်ပြန်တမ်းပါ အချက်အချို့ကို လက်တွေ့ဘဝနှင့်မကိုက်ညီသဖြင့် လက်မခံနိုင်။ ထို့ကြောင့် ချက်ချင်းပင် စာချိုး ပစ်စာရေးလေသည်။

တောတွင်းကန္တာရကျစ်သီး
ချိုကျိုးမနော်။
တော်ရုံတွင် မတွန်ဘဲနှင့် ရဲအာစာနည်
တောဆိတ မကျော်လား။
နိုင်ငံစောင်နယ်တလွှားမှာ
ပြိုင်ဘက်ကရှား။
ဘယ်မယ်လာထွက်ပါတော့လား
မထွက်ဝံ့ထိုအနားမှာ
ငါဟာပြုလို့ တွန်သလား။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းယံ ရေနားက
လူပြည်မှာ ငါတကားဟု
စိတ်ထားကြီးတဲ့ဘောရဝါ
မှားချက်ကနာ
မောင်တို့စာဖြစ်လာ
ကိုယ်စားရှက်လှပါ။
နောက်များကိုဗျာ
လူ့ဘုံကိုမသိလာနှင့်
ခင်ရှိဟာ နေရာမြဲမို့
နောက်တော့ပါဖော်သတဲ့နှင့်
ပြေးရှောင်တကတဲ။ ။

ထိုစာချိုးကို ရေးပြီးနောက် ရှမ်းကလေးကျွန်းကျောင်းဆရာတော်၏ ကျောင်းဝင်းအတွင်း သွားရောက်ပစ်ထားစေသည်။

ထို့ပြင် နောက်တစ်ပုဒ် ရေးစပ်ပြန်သည်။

၁၂၁၇ ခုနှစ် တပို့တွဲလဆုတ် ၆ ရက်နေ့ နံနက်လေးချက်တီးကျော်အချိန်တွင် အတွင်းဝန်အိမ်ဝင်းအတွင်း ပစ်ထားစေပြန်သည်။ ထိုစာချိုးမှာ...

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ထုံးတမ်း အရှည်ကိုလှည့်ပေသည့်
ပြည်တမ်းတော်မှာ
စာမှားတွေ ဗလချာနှင့် တို့ရှက်ပါဘိ။
ကစပ်ကယ်ဝိနည်းကျယ်
တယ်ချင့်လှမောင်ရှမ်း။
ထွက်ခဲ့နော်
ဘက်ပေါ်လျှင် အမြန်ထုတ်ကရော့
ရွှေးထိပ်ပုတ်တမ်း....

ဟူ၍ ဖြစ်ပါသည်။

ပစ်စာကို ဖတ်ပြီးနောက် ရှမ်းကလေးဆရာတော်ကလည်း နန်းတော်သို့ တိုင်တန်းသည်။ အတွင်းဝန်ဦးချိန်ကလည်း စာချိုးကို မင်းတုန်းမင်းကြီးအား ဆက်သလိုက်ပါသည်။

ဤကဲ့သို့သော ပစ်စာကို ရေးတတ်သူမှာ ဗန်းမော်ဆရာတော်ပင် ဖြစ်ကြောင်း အများကပင် ရိပ်မိကြပါသည်။ ဆရာတော်ကိုယ်တိုင်သည် ဝိနည်းကျွမ်းကျင်သည်။ မဟုတ်မခံ တုံ့ပြန်တုတ်သောစိတ်ထားစရိုက် ရှိသည်။ စာချိုးရေးရှိသည်။ ဤပစ်စာရှင်မှာလည်း ဗန်းမော်ဆရာတော်ပင် ဖြစ်ကြောင်းသိသည်။ မင်းတုန်းမင်းကိုယ်တိုင် စိတ်မကြည်လင်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာပိုင်သံဃရာဇာအား ပစ်စာများပေး၍ စစ်ဆေးစေသည်။ ဗန်းမော်ဆရာတော်အား ခေါ်ယူမေးမြန်းတော်မူသည်။ လွှည့်ပတ်၍သာဖြေနေသည်။ သို့နှင့် သာသနာပိုင်ဆရာတော်ကြီးလည်း လက်လျှော့လိုက်ရသည်။

ကျောင်းတိုက်သို့ရောက်လျှင် ဗန်းမော်ဆရာတော်သည် ချက်ချင်း စာချိုးနှစ်ပုဒ် ရေးပြန်လေသည်။ ပထမစာချိုးမှာ...

တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ကိုမိပြီမှတ်လို့၊
ညာလက်ခတ်တီး။ ။ အမွှေးကိုလှန်၊ အဆံကို
တူနှင့်ထုပါလို့၊ သေလူအောင်ဘာယ်လိုစစ်တော့၊
ပစ်စာရှင်ပညာကြီးကို... တီးမှမိဘူး။

ဟူ၍ ဖြစ်လေသည်။

ဗန်းမော်ဆရာတော်၏ လက်ရာပင်ဖြစ်ကြောင်း ထင်ရှားစေပါသည်။ ဒုတိယစာချိုးမှာ...

တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ကို ဖမ်းလို့စစ်တယ်၊
သည်ခေတ်တွင် ကမ္ဘာဆုံးသော်လဲ
စီကုံးသူပစ်စာရှင်းကို မင်းတို့သိဘူး။

ဟူ၍ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇန်းမော်ဆရာတော်ဘုရားကြီးကို မင်းတုန်းမင်းကြီးသည် အလွန်ကြည်ညိုပါသည်။ သို့သော် ရှမ်းကလေးကျွန်းဆရာတော်ကို အရင်းမူ၍ တံဆိပ်တော်ရသူမှာဆရာတော်ကြီးများ၊ သာသနာပိုင်ဆရာတော်၊ မင်းဧကရာဇ်စသူတို့ကိုပါ ထိပါးသကဲ့သို့ဖြစ်နေသဖြင့် ဇန်းမော်သို့ ပို့ခဲ့လေသည်။

နောင်တွင် ဇန်းမော်မှ ပြန်လည်ပင့်ဆောင်ပါသည်။

ဆရာတော်ကိုယ်တိုင်က နေပြည်တော်သို့ မလိုက်ဘဲ စစ်ကိုင်းဘက်တွင်သာ သီတင်းသုံး၍ နေတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ မစလျှောကကောင်းသူ

ဗန်းမော်ဆရာတော်အား ကြည်ညိုသော ဒကာများထဲတွင် ရှေ့နေတစ်ဦး ပါဝင်သည်။ ထိုရှေ့နေကြီးသည် ဆရာတော်အား ကြည်ညိုလှသည်ဖြစ်၍ နိစ္စပတ်ဒါနမှုကို ပြုသည်။

ဆရာတော်လည်း ကြုံတိုင်း တရားဓမ္မဟောကြား ပြသပါသည်။

"ဓမ္မစကြာပဝတ္တနသုတ်ဟာ အလွန်ကောင်းတယ် ဒကာကြီး၊ ကျက်ထား"

"တင်ပါ့ဘုရား"

ဆရာတော်က တွေ့ကြုံတိုင်း ဓမ္မစကြာသုတ်ကို ကျက်ထားရန် တိုက်တွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးကလည်း "တင်ပါ့ဘုရား" သာ လျှောက်သည်။ ဆရာတော်ကလည်း တွေ့တိုင်း ကျက်ပြီး မပြီး မေးသည်။ ရှေ့နေကြီးမှာလည်း အလုပ်များသဖြင့် မကျက်ဖြစ်။ ကြာတော့ ဖြေရမှာ ရှက်လာသည်။ အားနာလာသည်။ ဆရာတော်အား ရွံ့လာသည်။ ဆရာတော်နှင့် မဆုံမိအောင် ရှောင်သည်အထိ ဖြစ်လာသည်။

သို့သော် ကြည်ညိုစိတ်၊ သဒ္ဓါစိတ်က ယိုဖိတ်လာသည်။ သို့နှင့် ဆရာတော့်ကျောင်းသို့ ရောက်လာသည်။

"ဘုန်းကြီးကျက်ခိုင်းတဲ့ မေ့္မစကြာသုတ်ကော ကျက်ဖြစ်ရဲ့လား"

တွေ့သည်နှင့် ဆရာတော်က မေးတော့သည်။

"ကျက်ပြီးပါပြီ" ဟု ဆိုမိချေက ရွတ်ခိုင်းလျှင် အခက်တွေ့ချိမ့်မည်။

"အလုပ်တွေကများလို့ မကျက်ဖြစ်သေးပါဘုရား"

"ခက်သားကလား ဒကာ၊ သံသရာက လွတ်မြောက်အောင် စေတနာရင်းနဲ့ ဘုန်းကြီးက ကျက်ခိုင်းတာ။ လောကီအလုပ်လောက်မှ ဒကာတို့က တန်ဖိုးမထားဘူးကိုး။ ဝိရိယ တယ်နည်းတာကိုး။ သတ္တာဝါဆိုတာ ကွေးသောလက်ဖြန့်ခွာန့်မီ၊ ဆန့်သောလက် မကွေးမီ ပျက်စီးတတ်တယ်ဒကာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ကရုဏာဒေါသောနှင့် အပြစ်တင်ပြောဆိုလေသည်။

မင်းပေါက်စိုးပေါက် ပညာရှိ ရွှေနေမင်းလည်း ကျောင်းသားငယ်တစ်ဦးကဲ့သို့ အဆူခံရသဖြင့် ရှက်မိသည်။ ဝမ်းလည်း နည်းသည်။

"မှန်လှပါအရှင်ဘုရား၊ သံသရာက လွတ်မြောက်ဖို့ ကရုဏာတော်နဲ့ ဓမ္မစကြာသုတ်ကို အရှင်ဘုရား ကျက်ခိုင်းတာလဲ မှန်ပါတယ်"

ဓမ္မစကြာတရားဟောတော်မူတာလဲ ကြားနာရပါတယ်။ ဒါပေမယ့် ဆရာတော်ဘုရား၊ ဆရာတော်ဘုရားက သဗ္ဗညုတာမြတ်စွာဘုရားမဟုတ်၊ ဗန်းမော်ကျောင်းတိုက်ကြီးကလဲ မိဂဒါဝုန်တောမဟုတ်။ တပည့်တော်ကလဲ ပဉ္စဝဂ္ဂီထဲက မဟုတ်တော့ မကျက်ဖြစ်တာပါဘုရား"

ဒကာကြီးက ရွှေနေပီပီ သူ့သန်ရာအကိုးအကားများနှင့် ဆင်ခြေဆင်လက်ပေးကာ လျှောက်လဲချက်ပေးသည်။

မချော်ဆင့်ခြေများပင်ဖြစ်သော်လည်း လောကီသဘောကို နားကျေနေသောဆရာတော်သည် ရွှေနေကြီးအား စိတ်မဆိုး၊ ပြုံးရယ်ကာ ခွင့်လွှတ်တော်မူမှုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃၇။ ငါးချဉ်ကလေးများ ဝယ်လိုက်ကြပါဦး

လပြည့်ဥပုသ်နေ့ဖြစ်သဖြင့် ဇန်းမော်ကျောင်းတိုက်တွင် ပရိသတ် စည်ကားသည်။

သီလချီးမြှင့်ပြီးနောက် ရေစက်ချမည်ဟု ပြင်ဆင်သည်။

"အရှင်ဘုရား၊ ခါတိုင်းထက်ရှည်ရှည် ရေစက်ချပေးတော်မူပါဘုရား"

ဒကာတစ်ဦးက လျှောက်သည်။

"ရေစက်ရှည်ရှည်ချတာက မခက်ပါဘူး။ ဒါပေမယ့် ဥပုသ်သည်တွေထဲက ငါးချဉ်သည်ပါ မပါ ကြည့်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရေစက်ရှည်ရှည်ချတာနဲ့ ဥပုသ်သည်တွေထဲ ငါးချဉ်သည်ပါတာ ဆိုင်လို့လားဘုရား"

"ဆိုင်ပါသော်ကောကွယ်"

ဆိုင်ပုံကို ရှင်းလင်းဟောကြားရန် တောင်းပန်ကြ သည်။

"တစ်ခါက ရွာတစ်ရွာတွင် ငါးချဉ်သည် မိအေး ဆိုသူ ရှိသည်။ တစ်နေ့ ရွာတစ်ရွာသို့ ငါးချဉ် သွားအရောင်း တွင် အလှူတစ်ခုနှင့် ဆုံသည်။ အလှူတွင် ထမင်း ဝင်၍ စားသည်။ စားပြီးနောက် ချက်ချင်း ထပြန်ရန် အားနာသည်။ ထို့ကြောင့် တရားဝင်၍ နာသည်။

တရားဟောသောဘုန်းကြီးမှာ အသံကလည်း ကောင်းသည်။ အဆိုအဝို ပြိုင်စွာနှင့် ဟောနေသော တရား ဝတ္ထုကြောင်းကလည်း ကောင်းသည်။

သိုင်းဝိုင်းချဲ့ထွင်ကာ ဟောနေသဖြင့် နေကျမှပင် တရားချနိုင်တော့သည်။ အလှူရှင်က ရေစက်ချပြီး အမျှ.. အမျှ..အမျှဟု အမျှဝေသည်။ ကြားကြားသမျှ အားလုံးက သာဓု..သာဓု..သာဓု..ဟု အနုမောဒနာပြုကြသည်။

ပရိသတ်ထဲက ထပြန်ရန် အခက်တွေ့ပြီး ငါးချဉ် ရောင်းရန် စိတ်စောနေသော မိအေးက...

www.burmeseclassic.com

www.burmeseclassic.com



"ငါးချဉ်ကလေးများ ဝယ်လိုက်ကြပါဦး" ဟူ၍ အသံ ရှုးရှုးနှင့် ထ၍ အော်သည်။

သာဓု ခေါ်သံကြားထဲက ငါးချဉ်ရောင်းသံ ပေါက် ထွက်လာသဖြင့် ငါးချဉ်သည် မိအေးကို အားလုံးက ဝိုင်း၍ ကြည့်ကြသည်။ ဤတွင် မိအေးက...

"တရားကလဲကောင်း၊ ကျွန်မ ငါးချဉ်ကလည်း ကောင်းလို့ အော်ရောင်းရတာပါ" ဟူ၍ အရှက်ပြေပြောလိုက် လေသည်။

"ရေစက်ရှည်ရှည်ချတာ မခက်ပါဘူး ဒကာဒကာမ တို့၊ တော်ကြာ မိအေးလို ငါးချဉ်သည်ပါလာရင် သာဓု မခေါ် နိုင်ဘဲ ငါးချဉ်ကလေးများဝယ်လိုက်ကြပါဦး လို့ ထအော်မှာ စိုးရိမ်တာပါပဲ"

ပရိသတ်အားလုံးမှာ အားရပါးရ ရယ်မောလိုက်ကြ လေသည်။

ဗန်းမော်ဆရာတော်က ရေစက်ကို တိုတိုပင် ချပေး လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၃၈။ နှင်းတို့လင် သံတော်ဦးတင်လိုက်ကြ

မင်းတုန်းမင်းသည် ရတနာသုံးပါးကို လေးစားကြည်ညိုသည်။ သာသနာသန့်ရှင်း တည်တံ့တိုးတက်အောင်လည်း ကြိုးပမ်းသည်။ မင်းဖြစ်သဖြင့် လောကီစည်းစိမ်ကိုလည်း ကောင်းစွာ ခံစားသည်။

ဤတွင် ကိုယ်နှင့်နိုင်းကာ ထင်မှတ်နေသည်လည်း ရှိ၏။ ယောကျ်ားဟူသည် ကိလေသာကာမဂုဏ်နှင့် မျှားလျှင် မခံနိုင်ဟု ပုံသေစွဲမှတ်နေသည်။ ခင်မင်လေးစားကြည်ညိုသော ဇန်းမော်ဆရာတော်ကို စမ်းသပ်မည်ဟု ကြံရွယ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဆောင်ရှိ လှသော ရဲဖုင်းသောအပျိုတော်တို့အား ရွေးသည်။ ဆရာတော်အား အာရုံငါးပါးနှင့် ညှိနှိုင်းဖြား ပြောင်းရန် ပြင်ဆင်သည်။

မှတ်ချက်။ ။ အာရုံငါးပါး(ကာမဂုဏ်ငါးပါး)

၁။ ရူပါရုံ – အဆင်းအာရုံ

၂။ သဒ္ဒါရုံ – အသံအာရုံ

၃။ ဂန္ဓာရုံ – အနံ့အာရုံ

၄။ ရသာရုံ – အရသာအာရုံ

၅။ ဖောဋ္ဌဗ္ဗာရုံ – အတွေ့အထိအာရုံ

ဗန်းမော်ဆရာတော်တစ်ပါးတည်း ဆွမ်းပင့်ကျွေးသည်။ တစ်ဆောင်လုံးတွင် အမျိုးသားဟူ၍ တစ်ယောက်မျှ မရှိ။ ချောမောပြေပြစ်တပ်မက်ဖွယ်သော အပျိုတော်ချည်းဖြစ်၏။ တစ်ဆောင်လုံးလည်း အမွှေးနံ့သာတို့ဖြင့် ထုံမွှမ်းနေ၏။ မိန်းမပျိုလေးများသည် လျှော့ရိလျှော့ရဲ ဝတ်ဆင်ထားကြ၏။ မမြင်အပ်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကိုပင် မဖော်အိသို့ ဖော်အိသို့...နှင့် ကာမဂုဏ်ညွတ်ကွင်းကို ခင်းကျင်းထားကြ၏။

"ဒီဝက်သားနှပ်ချက်ကလေး ဘုဉ်းပေးလိုက်ပါဦး ဘုရား၊ ဒီဘက်က ပုစွန်တုပ်ကြီးပါဘုရား၊ အားရပါးရ ဘုဉ်းပေးတော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



စကားသံများက ခရာတာတာနိုင်လှပါသည်။

ဆရာတော်ကား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို အားရပါးရ မြိန်မြိန်ကြီး ဘုဉ်းပေးတော်မူသည်။ ထို့နောက် အချိုပွဲကို ဘုဉ်းပေးတော်မူသည်။ ပြီးမှ...

"ကဲ–ဆွမ်းဒကာမလေးတို့ လာကြ"

"တင်ပါ့ဘုရား"

"ဒကာမလေးတို့ ဆက်ကပ်တဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့က အရသာရှိလှပါတယ်။ ဒါကြောင့် ဘုန်းကြီးလဲ များများဘုဉ်းပေးပါတယ်။ ဒကာမလေးတို့ အဝတ်အစား လျော့ရှိလျော့ရဲနဲ့ ဆွမ်းကပ်ကြလေတော့ နင်တို့စေတနာ သိရတာပေါ့ဆေ... ကဲ–ကန်တော့ကြ"

အပျိုတော်တို့က ကန်တော့ကြသည်။

ပြီးလျှင်...ဆရာတော်က မဏ်တတ်ရပ်တော်မူပြီး မိန့်သည်မှာ...

"နင်တို့လင့် မောင်လွင်ကို သံတော်ဦးတင်လိုက်ကြ။ ဘယ်လိုပင် ဖြားယောင်းသော်လည်း ဗန်းမော်ဆရာတော်က မဖြုံဘူးလို့" ဟူ၍ ဖြစ်လေသည်။

အပျိုတော်များကား မညီသို့မျှ နှုတ်ခွန်းမဟာရဲ။ ခုပ် တရား နာမ်တရားကို ပိုင်နိုင်စွာ သိတော်မူသော ဗန်းမော် ဆရာတော်ကား တရားရှင်ကြီးကေန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းမဆောင်အတွင်း ကန့်လန့်ကာ နောက်ကွယ်မှာ အကဲခတ်နေသော မင်းတုန်းမင်းနှင့် မိဖုရားကြီးတို့လည်း ကြည်နူးကျေနပ်နှစ်သိမ့်စွာ ပြုံးကြသည်။

အာရုံငါးပါး၏ညှို့ငင်မှုကို မဖြုံသော ဆရာတော်ဘုရားကြီးအား ကြည်ညိုစွာပင် ကန်တော့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄၉။ အနက်မထင် စာမြင်မှားသလို

ဖန်းမော်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်း တောင်ဆောင်းတောရကျောင်းတွင် သီတင်းသုံးတော်မူခိုက် ဖြစ်ပါသည်။

ဥပုသ်နေ့တစ်နေ့တွင် ဥပုသ်စောင့်ဒကာတစ်ဦးက ဆရာတော်ဘုရားအား ဤသို့လျှောက်ထားမေးမြန်းလေ သည်။

"ဆရာတော်ဘုရား၊ ရှင်မဟာသီလဝံသရဲ့ ပါရမီ တော်ခန်းပျို့ထဲမှာ....

www.burmeseclassic.com

www.burmeseclassic.com



သုံးမည်ခန္ဓာ

အနိစ္စာကား

မကျွာတူကွ

ဆွေမျိုးစသား...လို့ ပါရှိနေပါတယ်။ တပည့်တော် မှတ်သားဖူးသည်မှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ဆိုပါတယ်ဘုရား"

"မှန်ပေတယ်"

"ဒီတော့သုံးမည်ခန္ဓာဆိုတာနဲ့မတူ ကွဲပြားနေပါ တယ်ဘုရား။ ဒါနဲ့ ဆရာကိုပါနောက်ကို မေးကြည့်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကို ဆိုလိုတယ်လို့ ပြောပါတယ်။ ရှင်းလင်းတော်မူပါဘုရား"

"ဒကာ၊ မင်းရဲ့မောင်ဖါနောက်က ဦးသာရောက် အနက်မတင်လို့ စာပြင်မှားသလို ဖြစ်နေတာကိုးကွယ့်"

"ဦးသာရောက် စာပြင်မှားပုံ မိန့်ကြားရှင်းလင်းပါဦး ဘုရား"

"တစ်ခါက ရွှေဘိုမြောက်နေ ကြီးမှ ဘုန်းကြီးဝတ်တဲ့ ဘုန်းကြီးတစ်ပါး ရှိတယ်။ လူအမည်ကတော့ ဦးသာရောက် လို့ ခေါ်တယ်"

ဆရာတော်က ဦးသာရောက်အကြောင်းကို စ၍ နိဒါန်းချီသည်။ ကြီးမှ ဘုန်းကြီးဝတ်သူဖြစ်သဖြင့် ဇာတ်၊

www.burmeseclassic.com

www.burmeseclassic.com



နိပါတ်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို နှံ့စပ်ပိုင်နိုင်ခြင်း မရှိသေး။

ထစ်နေ့သော် ၎င်း၏ကျောင်းသို့ ကိုရင်လေးတစ်ပါး ပြောင်းရွှေ့ရောက်ရှိလာသည်။ ထိုကိုရင်လေးမှာ အခြားကျောင်းတွင် သီတင်းသုံးစဉ်က မဟာဇနက်ဇာတ်တော်ကို သင်ယူဆဲဖြစ်သည်။ ထို့ကြောင့် ဤကျောင်းရောက်သည်တွင်လည်း မဟာဇနကဇာတ်တော်ကိုပင် ဆက်၍ သင်ယူသည်။

ကိုရင်လေးက အနက်မြှုပ်ထားသည်ကို မသိ။

"မဟာရာဇ–ကြီး၊ တွံ–သည်" ဟု အနက်မြှုပ်ထားသည်ကို ဆက်ပြီး...

"မဟာရာဇကြီး တွန်သည်" ဖတ်သည်။ ဤသို့ မြန်မာနှင့် ပါဠိ ရော၍ ဖတ်သည်ကို တောထွက်ဦးပဉ္ဇင်း ဦးသာရောက်က ကြားသည်။

"ဟဲ့–ကိုရင် နင်ဖတ်တာ အမှားတွေချည်းပဲ၊ စာကို သေသေချာချာ ကြည့်မှပေါ့ကွယ်"

"မှားမယ့်သာ မှားရမယ်၊ စာအတိုင်း ဖတ်တာပါ ဘုရား"

ကိုရင်က စာကို သွား၍ ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဖတ်တာစာ မှန်သွားပဲ။ စာရေးတာ လွဲနေတာ ကိုး ကိုရင်။ တွန်ချင်းတွန်ရင် ကြက်သာတွန်ရမှာ၊ ဘယ့်နှယ် ကျီးတွန်ရမှာလဲ။ မဟာရာဇကြက်တွန်သည်လို့ ဖတ်တဲ့" ဦးသာရောက်က စာပြင်ပေးသည်။

ထပ်မှားနေပြန်သည်။ စင်စစ်...မဟာရာဇ-မြတ်သောမင်းကြီး၊ တွံ-သင်သည်...ဟုဖြစ်ပါသည်။ မြတ်သောမင်းနှင့် သင်ကို မြုပ်ထားခြင်း ဖြစ်သည်။

စာမနှံ့သည့်အတွက် ကျီးမတွန်၊ ကြက်သာတွန်သည်ဟု သဘာဝသုံးနှင့်ထပ်၍ အမြွင်မှားခြင်း ဖြစ်လေသည်။

"အဲဒီလိုပဲ ဒကာ၊ ရှင်မဟာသီလဝံသစပ်ဆိုတဲ့ သုံးမည်ခန္ဓာ ဆိုတာ စိတ်၊ စေတသိက်၊ ရုပ် ဒီသုံးပါးဟာ အနိစ္စပဲလို့ စပ်ဆိုတာ။ အဲဒီသုံးပါးကို ခန္ဓာအားဖြင့် ဖွဲ့ရင် ခန္ဓာငါးပါးပဲရတယ်ကွယ့်"

ဆရာတော်ဘုရားက စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ်တစ်ရာနှစ်ဆယ့်တစ်ပါးကို ရှင်းပြတော်မူသည်။

များစွာ နှစ်သက် သဘောကျကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄၀။ စာချိုးအကျော် ဗန်းမော်ဆရာတော်

ဗန်းမော်ဆရာတော်ကား စာချိုးဝါသနာထုံ၏။ ယင်းစာချိုးဝါသနာကြောင့် ထင်ရှားကျော်ကြားအိသကဲ့သို့ ဒုက္ခဆင်းရဲခြင်းနှင့်လည်း ကြုံရ၏။ သို့သော် ဆရာတော်ကား လောကဓံကို မမှု။ သာသနာ့တာဝန်ထမ်းဆောင်ခြင်း၌ ယုတ်လျော့ အားလျော့ခြင်း မရှိပါ။

သာသနာရေး၊ တိုင်းရေးပြည်ရေးတို့တွင် အမှုမဲ့ အမှတ်မဲ့မနေ။ သူတစ်ပါးတို့၏ ကောင်းကျိုးဆိုးပြစ်များကို လည်း ဆင်ခြင်သုံးသပ်လေ့ရှိသည်။

ပမာအားဖြင့် လွှတ်တော်ဝန်ကြီးများအကြောင်း ဆရာတော်စာချိုးပုံကို ဖော်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



- ပုခန်းမြို့စားဝန်ရှင်တော်မင်းကြီးသည် လေနာရောဂါ စွဲကပ်နေသည်။ အမှုအခင်းများကို ကောင်းစွာ မဆုံးဖြတ်နိုင်။
- လောင်းရှည်မြို့စားဝန်ရှင်တော်မင်းကြီးသည် မြင်ကွန်းမြင်းခုံတိုင်အရေးတွင် ဓားဒဏ်ရာ ရရှိခဲ့သဖြင့် ချည့်နဲ့နေသည်။ ထို့ကြောင့် အမှုအခင်းများကို ကောင်းစွာ မဆောင်ရွက်နိုင်။
- ခန်းပတ်မြို့စားဝန်ရှင်တော်မင်းကြီးသည် နားထိုင်းသည်။
- ရေနံချောင်းမြို့စားမင်းကြီးတစ်ပါးသာလျှင် သန်စွမ်းသည်။ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းတွင် လစ်ဟင်းမှုများ ရှိလာနိုင်သည်။

ယင်းကို ဆရာတော်က...

"ပုခန်းမှာလေ
လောင်းရှည်မှာဓား
ခန်းပတ်မှာနား
ရေနံတစ်တိုင်ချင်းရယ်နှင့်
လင်းပါ့မလား..." ဟု စာချိုးကာ သတိပေးခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ကဗျာချိုးစာချိုးစရာရှိလျှင် မှန်သည်ထင်လျှင် ဆိတ်ဆိတ်မနေတတ်၊ ပြောတတ်ရေးတတ်သည်။ သုခမ္မာဆရာတော်များကိုပင် အလွတ်မပေး။ ရေးစရာရှိလျှင် ရေးတတ်လှ၏။

- သံကုံပန်းဆရာတော်သည် သုခမ္မာအစည်းအဝေးများတွင် တသမ်းသမ်းတဝေဝေ နေတတ်သည်။
- လှထွေဆရာတော်ကား စာပေမတတ်ကျွမ်းလှ။
- စလင်းဆရာတော်ကား ကျမ်းဂန်တတ်သည်။ စာကြည့်ပျင်းသည်။ မူရင်းကို ပြန်မကြည့်ဘဲ နှုတ်လွတ်ဆိုတတ်သည်။
- နန္ဒာအိမ်ခဲတွဲတော်ရ ပုခန်းဆရာတော်သည် အပြောအဟောကောင်းသည်။ ပရိသတ်နှင့် တသောသော နေတတ်သည်။
- မဏ္ဍလာရာမတိုက်ပြည်ဆရာတော်သည် အမှုအခင်းများကို မစုံစမ်း မမေးမြန်းခင်ကပင် ဝေါက်ငမ်းဟတ်သည်။

ယင်းစာကိုကို ဗန်းမော်ဆရာတော်က...

www.burmeseclassic.com

www.burmeseclassic.com



"မောင်သက်ပန်းက သင်းစေဝေ၊
မောင်လှထွေမှာ စာဒပနတ္ထိ။
မောင်စလင်းမှာတော့
ပျှင်းလွန်းလို့ စာမကြည့်။
မင်းနန်းမှာ
လူနှင့်နေတယ်
သောသော်ညံ၏" ဟူ၍ စာချိုးခဲ့လေသည်။

ဇန်းမော်ဆရာတော်သည် ဇန်းမော်မှ ပြန်ရောက်ပြီး ကတည်းက နေပြည်တော်သို့ ပြန်၍ မကြွ။ စစ်ကိုင်းမြောက်ဘက် ပိတောက်ချောင်တွင် သီတင်းသုံးနေလေသည်။ စာပေ ပို့ချ တရားမှုနှင့် မွေ့လျော်နေသည်။ အချိန်ရသည့်အခါ များတွင် ရတနာထွင့်ခေါင်ဆရာတော်ဘုရားကြီးကို သွား ရောက်ကန်တော့လေ့ရှိပါသည်။

ရတနာထွင့်ခေါင်ဆရာတော်ဘုရားကြီးသည် ဇန်းမော်ဆရာတော်ထက် သက်တော်ဝါတော်ပါ ကြီးသည်။ စာပေကျမ်းဂန် အလွန်နှံ့စပ်ကျွမ်းကျင်သည်။ ဝိပဿနာ ဉာဏ်အမြင် ရှင်းပြီး တရားရနေသည့် ကိုယ်တော်ကြီးဖြစ်ပါ သည်။ ဇန်းမော်ဆရာတော်က ထွင့်ခေါင်ဆရာတော်ကို အလွန်လေးစားကြည်ညိုသကဲ့သို့ ထွင့်ခေါင်ဆရာတော်က လည်း ဇန်းမော်ဆရာတော်ကို ချစ်ခင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း မယ်သီလများလည်း သီတင်းသုံးနေထိုင်သည်။ ဤသည်ကို ဗန်းမော်ဆရာတော်က မနှစ်ခြိုက်ပေ။ ကျောင်းဝင်းအတွင်း ငှင်းတို့ ရှုပ်နေသည်ဟု မြင်သည်။ ထို့ကြောင့် ဆရာတော်က စာချိုးခဲ့ဖူးလေသည်။

"စိပ်ပုတီးရယ်နဲ့
ရိပ်မိုးတဲ့ထွင့်ခေါင်။
ဦးရွှေညို သီလချောရယ်နဲ့
တောခိုတဲ့ချောင်"

သီလရှင်တစ်ပါး၏ ကျောင်းဝင်းအတွင်းမှ ထိုစာချိုးကို ရသည်။ ဆရာတော်ကို စာချိုးအား ဆက်သည်။ ဆရာတော်က စာချိုးအား ဖတ်ပြီး ပြုံးတော်မူသည်။

ထွင့်ခေါင်ဆရာတော်၏ ငယ်မည်မှာ ဦးညို ဖြစ်သည်။

စာချိုးကို ဖတ်ပြီးသည်နှင့် ဗန်းမော်ဆရာတော်၏ လက်ချက်မှန်း ချက်ချင်း သိသည်။ ထို့ကြောင့် အနီးရှိ ဦးပဉ္ဇင်းတစ်ပါးကို မိန့်သည်။

"ဒီစာချိုးရေးတာ ဗန်းမော်ဆရာတော်ပဲ ဖြစ်ရမယ်ပဲ။ ငါ့ကို အခြားပုဂ္ဂိုလ်ဆို ဒီလို ဘယ်ရေးရဲပါ့မလဲ။ ငါ့ယ်

www.burmeseclassic.com

www.burmeseclassic.com



နာမည်သုံးရဲ့တဲ့ပဲ ချင့်တော့။ ကဲ-ကဲ-ဇနီးမော်ဆရာတော်ကို ဆွမ်းစားပင့်ချေ"

"တင်ပါ့ဘုရား"

ထွင့်ခေါင်ဆရာတော်မှာသည့်အတိုင်း ဦးပဥ္စင်းလည်း ဇနီးမော်ဆရာကျော်ထံ သွားရောက်၍ ဆွမ်းစား ပင့်သည်။ ဇနီးမော်ဆရာတော်လည်း လိုက်၍ လာသည်။ ထွင့်ခေါင်ဆရာတော်အား ရိုသေစွာ ကန်တော့သည်။

"ဇနီးမော်တို့က စာချိုးတာတယ်ပြီး ဝါသနာကြီးတာကိုး"

"မှန်လှပါဘုရား"

"စာချိုးကောင်းလို့ ဇနီးမော် အပို့ခံရတယ်။ ပြန်ရောက်တော့လဲ စာချိုးတုန်းပဲလား"

ထွင့်ခေါင်ဆရာတော်က အေးချမ်းစွာပင် မေးသည်။ ဇနီးမော်ဆရာတော်က မည်သို့မျှ မဖြေ။ ပြုံး၍သာနေတော်မူသည်။

"ဦးရွှေညို သီလချောရယ်နဲ့
တော်ရိုတဲ့ချောင်ဆိုတာ...သီလရှင် ချောချော်ကလေးတွေနဲ့ နေတယ်လို့ ဆိုလိုတာလား"

ထွင့်ခေါင်ဆရာတော်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ဒီလိုရည်ရွယ်ပြီး ရေးတာ မဟုတ်ပါဘူး ဘုရား"

"ဘယ်လိုရည်ရွယ်ချက်မျိုးလဲကွယ့်၊ ရှင်းလင်း စမ်းပါဦး"

"တပည့်တော်ရဲ့ ဆိုလိုရင်းက ဆရာတော်ဘုရားကြီးရဲ့ သီလသိက္ခာတော်ဟာ အဖုအထစ်အငြိအစွန်း မရှိပါဘူး။ လုံးဝချောမွေ့ပါတယ်။ စင်းလုံးချော ချောနေပါတယ်လို့ ဆိုလိုရင်းပါဘုရား"

"သီလရှင် ချောချောကလေးတွေကို ဆိုလိုတာ မဟုတ်ဘူးပေါ့"

"သီလစင်ကြယ်ချောမွေ့တာကို ရည်ညွှန်းလိုရင်းပါ ဘုရား"

ထွင့်ခေါင်ဆရာတော်ဘုရားက အသံထွက်အောင် ပင် ရယ်တော်မူသည်။ ဒေါသရိပ်မရှိ။ ဒေါသသံမပါ။

"တော်ပါတော့ ဗန်းမော်ရယ်၊ မူလဆိုလိုရင်းက ဒီလို ဟုတ်မယ်မထင်ပါဘူး။ ဟဲ–ဟဲ–ဟဲ၊ ထ–ထ ဆွမ်းဘုဉ်း ပေးကြရအောင်"

ထွင့်ခေါင်ဆရာတော်ဘုရားသည် ဗန်းမော်ဆရာ တော်အပေါ် မည်သို့မျှ ငြိုငြင်ခြင်းမရှိ။ ဆွမ်းအတူ ဘုဉ်း

www.burmeseclassic.com

www.burmeseclassic.com



ပေးကြသည်။ ထို့နောက် တရားမမ္ဘကို စိတ်ဝင်စားစွာ ဆွေးနွေးနေကြသည်။ နေညိုမှပင် ဗန်းမော်ဆရာတော်လည်း ပီတောက်ချောင်သို့ ပြန်ကြွတော်မူသည်။

ဆရာတော်ကား စာချိုး ဝါသနာထုံတော်မူစွ။

www.burmeseclassic.com

www.burmeseclassic.com



## ၄၁။ ဓာတ်ဆရာမောင်ဟိန်း ဘီလူးကြိမ်းမှားသလို

ဗန်းမော်ဆရာတော်က စွယ်စုံပုံပြင် ဆရာကြီးလည်း ဖြစ်တော်မူပေသည်။

ဆရာတော်ကြီး စစ်ကိုင်းချောင်တွင် သီတင်းသုံး ၉ ဆရာတော်၏ကျောင်းတွင် တောထွက်ဦးပဥ္စင်းကြီးတစ်ပါး ရှိလေသည်။ တစ်နေ့တွင် ထိုဦးပဥ္စင်းကြီးသည် ကျောင်းသားငယ်တစ်ဦးအား ငေါက်ငမ်းနေသည်ကို ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြားလေသည်။ ထို့ကြောင့် ထိုဦးပဥ္စင်းကို ချက်ချင်း ခေါ်ယူလေသည်။

"ငါ့ရှင်ခင်ကြီး၊ သင်္ကန်းဝတ်ထားပါလျက် ဘာကြောင့် ဆဲရေးတိုင်းထွာနေရသလဲ။ ရဟန်းဆိုတာ ခုလို ညစ်ညမ်းကြမ်းတမ်းစွာ ဆဲတာမဆိုထားနဲ့ ဆဲရေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပါးတွင် တစ်ခုခုပါဝင်ကာနဲ့ အပြစ်အာပတ်သင့်ပေတယ် ငါ့ရှင်"

မှတ်ချက်။ ။ ဆဲရေးခြင်းဆယ်ပါး

၁။ ဇာတိ – သာကီယမျိုး၊ စဏ္ဍာလမျိုး စသည်ဖြင့် ဇာတ်ကို ထိပါး၍ ဆဲရေးခြင်း။

၂။ နာမ – အမည်နာမတို့ဖြင့် ထိပါးဆဲရေးခြင်း၊ (ဦးမျိုးယုတ်၊ ဦးညဏ်ကြူး စသည်)

၃။ ဂေါတ္တ – နေမျိုးနွယ်၊ ဗုဂ်ပြည်သမ္ဗညုဆက်၊ ရွှေစည်းခုံနွယ်စသည်ဖြင့် အနွယ်ကို ခိုက်၍ ဆဲရေးခြင်း၊

၄။ ကမ္မ – အလုပ်အကိုင်ကို ခွဲ၍ ဆဲရေးခြင်း၊

၅။ သိပ္ပ – အတတ်ပညာကို ခွဲ၍ ဆဲရေးခြင်း၊

၆။ အာဗာဓ – ရောဂါအနာကို ထိခိုက်၍ ဆဲရေးခြင်း၊ (မီးယပ်ပိန် မီးယပ်ခြောက်၊ ဖိုးကြာ၊ ရှိုက်ကုန်း စသည်)

၇။ လိင် – အသွင်ကို ခွဲ၍ ဆဲရေးခြင်း၊ (ဂျပု၊ လန်ဘား၊ စွတို စသည်)

၈။ ကိလေသ – ကိလေသာတစ်ပါးပါးအမည်ကို ခွဲ၍ ဆဲရေးခြင်း၊

(တဏှာအိုး၊ ဒေါသကုမ္ဘာ၊ ဏှာခုံး စသည်)

www.burmeseclassic.com

www.burmeseclassic.com



၉။ အာပတ္တိ – အာပတ်အမည်ကို စွဲ၍ ဆဲရေးခြင်း၊

၁၀။ အက္ကောသ–နှင့်အမေနှင့်နမ၊ ခွေးမသား စသည်ဖြင့် ဆဲရေးခြင်း၊

(အယုတ်အမြတ်အားဖြင့် ၂–ပါးစီ ရှိသည်။ မဟော်သဓာ ဘုရားလောင်းစသည်ဖြင့် မတန်မရာနှိုင်းခြင်းသည်လည်း ထိပါးခြင်း တစ်မျိုးဖြစ်သည်။

၂။ အာပတ် – အာပတ် ၇–ပုံ ရှိသည်။ ရဟန်းတော်များ အတွက် ဝိနည်းပညတ်ချက်လာ အခြေခံ ဥပဒေကြီး ၇–ပုံ ရှိသည်။

ဗန်းမော်ဆရာတော်က ရှင်းလင်းမိန့်ကြားတော်မူသည်။

"သည်းခံတော်မူပါဆရာတော်ဘုရား၊ တပည့်တော်မှာ ရဟန်းဘောင်ဝင်တာမကြာသေးတဲ့အတွက် လူဝတ်ကြောင်ဘဝတုန်းကလိုပဲ ဆဲရေးမိတာပါဘုရား၊ ရဟန်းဆိုတာ သတိရတော့မှပဲ ကိုယ့်ကိုယ်ကို ကိုယ်ဆုံးမရပါတော့တယ်ဘုရား"

"ဦးပဥ္ဇင်းကြီး ခုပြောတာက ထန်းတောရွာက ဇော်ဆရာမောင်ဟိန်း ဘီလူးကြိမ်းမှားသလို ဖြစ်နေပြန်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟိန်းအကြောင်း မိန့်ကြားတော်မူပါဦး ဘုရား"

အပါးရှိ ရဟန်းအပေါင်းတို့က တောင်းပန်လျှောက်ထားကြသည်။

"ထန်းတောရွာမှာ မောင်ဟိန်းဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ရုပ်သေးဇာတ်ထောင်ပြီး အသက်မွေးဝမ်းကျောင်းပြုတယ်။ အခန်းအားလုံးကျရော သေတ္တာမှောက်ကတတ်တယ်ပေါ့ကွယ်"

ဆရာတော်ကြီးက ရုပ်သေးဇာတ်ဆရာမောင်ဟိန်းအကြောင်းကို ဟောကြားလေသည်။

မောင်ဟိန်းသည် ဇာတ်ဆရာလည်း ဖြစ်သည်။ ကျရာဇာတ်ရုပ်ကို ကပြနိုင်သူ သေတ္တာမှောက်လည်း ဖြစ်သည်။ တစ်ည အညာရွာတစ်ရွာတွင် ဇာတ်ကခိုက် ဖြစ်ပါသည်။

ထိုညက ဝိဇယဇာတ်တော်ကို ခင်းသည်။

ဇာတ်ဆရာ မောင်ဟိန်းလည်း ရင်းအလှည့်မတိုင်သေးသဖြင့် မှိန်းစက်အိပ်ပျော်သွားသည်။ သန်းခေါင်သို့ ရောက်လေပြီ။ ဘီလူးမင်းကြီး ထွက်ခန်းရောက်လေပြီ။

"ဆရာကြီး၊ ထ-ထ ဘီလူးမင်းကြီး ထွက်ခန်းရောက်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



တပည့်များက နှိုးသည်။

မောင်ဟိန်းလည်း အိပ်ရာမှထသည်။ အိပ်မှုန်စုံမွှား နှင့် သိကြားရုပ်ကို ဘီလူးရုပ် ထင်မှတ်ကာ ကိုင်ဆွဲ၍ ထွက် သည်။

"ငါဟဲ့ ယောက်ျား၊ ယက္ခဒီပအစိုးငယ်ရသည့်…"

မောင်ဟိန်းက ကြိုးဆွဲရာကနေ ဘီလူးကြိမ်းကြိမ်း နေလသည်။

"အလို-ဆွဲတာက သိကြားရုပ်၊ ကြိမ်းတာက ဘီလူး ကြိမ်းပါလား။ ဇာတ်ဆရာ ဆရာဟိန်းတော့ လွဲပြီ"

အောက်မှ ပွဲကြည့်ပရိသတ်၏ ဝေဖန်သံက ပေါ် ထွက်လာသည်။ ဤတွင်မှ ဇာတ်ဆရာက အရုပ်ကို ငုံ့ကြည့် လိုက်သည်။ သိကြားရုပ်မှန်းသိသည်။

"သယ်…ငါဟဲ့ ယောက်ျား၊ သိကြားဘီလူးအမည် ထူးနဲ့…"

အရုပ်နှင့်ကိုက်အောင် ချက်ချင်း ပြင်ရွတ်လေသည်။

"အင်း-ဦးပဥ္စင်းကြီးလဲ ရှေးလူဖြစ်စဉ်ကလို မှတ်ပြီး ဇာတ်ဆရာမောင်ဟိန်းလို ဘီလူးကြိမ်းလွဲပုံရတယ်"

ဆရာတော်၏စကားအဆုံးတွင် အားလုံးပင် ရွှင်ပြုံး စွာ ရယ်မောကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄၂။ ကွပ်တိုင်းမကောင်း

ဗန်းမော်ဆရာတော်ကား စွယ်စုံပညာရှင် ဖြစ်ပါသည်။ ဆရာတော်၏စာ၊ ဆရာတော်၏ ဟောပြောချက်များကို ဖတ်ရှုလေ့လာလျှင် ဆရာတော်သည် လူ့သဘောလူ့သဘာဝကို မည်မျှ နှံ့စပ်ကျွမ်းကျင်ကြောင်း သိနိုင်ပါသည်။

တစ်နေ့တွင် ဗန်းမော်ဆရာတော်ကြီးသည် တိုင်အုပ်၊ စာချကိုယ်တော် စသည့် ရဟန်းသံဃာတော်တို့နှင့် ဆွမ်းစားပြီးနောက် ခေတ္တနားနေစဉ် ဖြစ်ပါသည်။ အချိန်ရသဖြင့် တပည့်စာသင်သားကိုယ်တော်တို့အကြောင်း စကားစပ်လျှဉ်းဆွေးနွေးမိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကျောင်းသားက စာတော်သည်၊ ဘယ်ကျောင်းသားက အခဲဆော့သန်သည်၊ ဘယ်ဦးပဉ္စင်းက ဂီရိယကောင်းသည်၊ ဘယ်ဦးပဉ္စင်းက ဉာဏ်မကောင်း၊ နေပြည်တော်မှ ရောက်လာသော ဦးပဉ္စင်းငယ်တစ်ပါးသည် ဝီရိယနည်းသည်၊ သို့သော် ရိုးရိုးကုပ်ကုပ်နေသည်စသည်ဖြင့် စာချကိုယ်တော်တို့က အမျိုးမျိုးဝေဖန်သုံးသပ်ကြသည်။ ဆရာတော်အား လျှောက်ထားကြသည်။

နောက်တစ်နေ့တွင် ဆရာတော်ကြီးကိုယ်တိုင် စာဝါပို့ချသည်။ ရိုးရိုးကုပ်ကုပ်နေတတ်ပါသည်ဆိုသော ဦးပဉ္စင်းကိုလည်း သတိထားအကဲခတ်သည်။ ထိုအခါ အနီး ဦးပဉ္စင်းမှာ ကျောင်းတိုင်ကိုမှီ၍ အိပ်ငိုက်နေကြောင်း သတိပြုမိသည်။ သို့နှင့် ထိုဦးပဉ္စင်းကို ရှေ့သို့ ခေါ်ကာ ဆုံးမလေသည်။

"တစ်နေ့ကပဲ ငါ့ရှင်ရဲ့ဆရာက ငါ့ရှင် ရိုးရိုးကုပ်ကုပ်နေတတ်ကြောင်း ပြောတယ်။ ခု ဆရာတော်မြင်တာ တောကြက်ကုပ်ကို ကြက်ကောင်းမှတ်သလို ဖြစ်နေပါရော့လား"

ဆရာတော်နိဒါန်းပျိုးလျှင် နောက်ဆက်တွဲသာကေပုံပြင်၊ စာချီးပါလာတတ်ကြောင်း စာသင်သားများသာမက စာချကိုယ်တော်များကပါ သိရှိသည်။ ထို့ကြောင့် အားလုံးယင်း တိတ်တိတ်နေကာ နားစွင့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေးက အညာရွာတစ်ရွာမှာ တိုက်ကြက်မျိုးကောင်း ဖောက်ပြီးရောင်းစားတဲ့ လူတစ်ယောက်ရှိတယ်။ သူက ကြက်တွေကို ဖောက်၊ မတမ်းအရွယ်လောက်ရောက်တာနဲ့ ရောင်းစားလေ့ရှိတယ်။ အရွယ်ရောက်တဲ့အထိ လက်ထဲမှာ မထားဘူး"

ဆရာတော်၏ပုံပြင်ကို အားလုံးကပင် စိတ်ဝင်စားစွာ နားထောင်ကြသည်။ ဆရာတော်၏ပုံပြင်ဆိုးလျှင် မှတ်စရာ၊ နည်းယူစရာ၊ သင်ခန်းစာ၊ ဆင်ခြင်စရာ တစ်ခုခု ပါစမြဲ ဖြစ်ပေသည်မဟုတ်လော။

"တစ်ခါတော့ တိုက်ကြက်မတစ်ကောင်က ကြက်ကလေးတွေ ပေါက်လာတယ်"

ဆရာတော်က ဇာတ်လမ်းကို ဆက်သည်။

ကြက်ကလေးဆယ်ကောင် ပေါက်တယ်။ ထိုဆယ်ကောင်ထဲတွင် ထူးခြားသော ကြက်ကလေးတစ်ကောင် ပါလာသည်။ ထိုကြက်ကလေးသည် အခြားကြက်များနှင့် မရော၊ မဆော့၊ ရှိုးကုပ်စွာ နေလေသည်။ ဤထူးခြားချက်ကို ကြက်ရှင်က ကောင်းစွာ သတိထားမိသည်။

မြီးကောင်ပေါက်အရွယ်တွင် ကြက်ရှင်က ကြက်များကို ရောင်းပစ်သည်။ သို့သော် ကြက်ကုပ်ကလေးကိုမူ ချန်ထားသည်။ အထူးဂရုစိုက်၍ မွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဖင်္ကလေးအရွယ်ရောက်လာသည့်တွင် အတက်ကလေး ထွက်လာသည်။ နေပုံမှာ ယခင်အတိုင်း ကုပ်ကုပ်ကလေးပင် ဖြစ်သည်။ ကြီးလျှင် အစွမ်းပြမည့်လက္ခဏာဟု ကြွက်ရှင်က တွေးဆ ထင်မြင်သည်။

"ကျုပ်ကြက်ဖလေးက အနေကုပ်ပေမယ့် အစွမ်းပြမှာ သေချာတယ်။ အစားကလဲ ကောင်းသမျှ၊ နေပုံကလဲ-တည်တယ်၊ ကုပ်တယ်"

ကြက်ရှင်က သူ၏ကြက်ဖလေးအကြောင်း ကြုံတိုင်းကြွားလေ့ရှိသည်။ တစ်နေ့တွင်မူ သူ၏ကြက်ဖလေးကို ပွဲထုတ်ရန် စီစဉ်လေသည်။

"မင်းကြက်ကုပ်ကို ခွပ်လက်လဲ မချဘဲနဲ့ ဖြစ်ပါ့မလား၊ ဒီအတိုင်းတိုက်ရင် ရှုံးမှာပေါ့"

အပေါင်းအသင်းကြက်သမားတွေက သတိပေးသည်။

"ငါ့ကြက်ဖက ခွပ်လက်ချစရာမလိုပါဘူးကွ၊ အကျိန်းသေပေါက် နိုင်မှာပါ"

ကြက်ရှင်က သူ့ကြက်ကို သူယုံသည်။ ထို့ကြောင့် ရှိသမျှ ပုံအောပြီး လောင်းကြေးထပ်သည်။

ကြက်ပွဲစပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပွဲစကတည်းက တစ်ဖက်ကြက်က မနားတမ်း ခွပ်သည်။ ကြက်ကုပ်ကလေးကမူ ကုပ်ကုပ်ပင်။ ကြက်ရှင်ကမူ သူ့ကြက်ကို အထင်ကြီးဆဲ။ တစ်ချက်ကောင်း ခွပ်မည့်ကောင်ပေါ့ ထင်သည်။ တစ်ဖက်ကြက်က ဆက်တိုက်ခွပ်သည်။ ကြက်ကုပ်ကမူမခွပ်။ ကုပ်ကုပ်ပင်။ တစ်ချက်ကောင်း အကွက်ချောင်းသည်ဟု ကြက်ရှင်က ထင်သည်။ နောက်ဆုံး တစ်ဖက်ကြက်၏ ခွပ်ချက်ကြောင့် ကွင်းထဲတွင်ပင် ဆန့်ငင် ဆန့်ငင်နှင့် သေလေတော့သည်။


"ဒီလိုပဲ တပည့်တို့၊ တပည့်တို့ကို တကယ့်ကိုပဲ ကြက်ကောင်းဖြစ်စေချင်တယ်။ ကြက်ကုပ်လို အထင်မှားတဲ့ အဖြစ်မျိုး အဖြစ်မခံနိုင်၊ အရောက်မခံနိုင်ဘူး တပည့်တို့"

ဆရာတော်က ပုံပြင်အဆုံးတွင် စေတနာ ဆန္ဒကိုပါ မိန့်ကြားသည်။ ထို့ကြောင့် ကုပ်တိုင်းမကောင်းဟု တပည့်တို့က ရယ်မောပြောဆိုကြသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



## ၄၃။ မြောက်မှာရွှံ့ တောင်မှာတံငါ့ကွန် *

ဥပုသ်နေ့တစ်နေ့တွင် ဖြစ်သည်။

ဆရာတော်ဘုရားသည် ခေတ္တနားရင်း ကျမ်းစာတစ်အုပ်ကို ဖတ်နေခိုက် လူရွယ်နှစ်ဦး ကျောင်းပေါ်သို့ ရောက်ရှိလာသည်။ ဆရာတော်အား ရှိသေစွာ ကန်တော့သည်။

"အရှင်ဘုရား၊ တပည့်တော်တို့နှစ်ဦး အငြင်းအခုံဖြစ်လို့ပါဘုရား"

"ဘာယ်လိုများလဲကွပ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ဘုရား၊ တပည့်တော်တို့နှစ်ဦးဟာ ဗုဒ္ဓရဲ့ စကြဝဠာအကြောင်း ပြောရင်းနဲ့ မြင်းမိုရ်တောင်အကြောင်း ရောက်သွားပါတယ်"

"အဲဒီတော့..."

"သူက မြင်းမိုရ်တောင်ဆိုတာ အခေါင်းကြီးလို့ ပြောပါတယ်။ ငယ်ငယ်ကတည်းက ကြားဖူးတာလို့ ပြောပါတယ်။ တပည့်တော်က ခေါင်းပိတ်ကြီးပါလို့ ပြောပါတယ်။ ဘယ်သူမှ ကျမ်းဂန်အထောက်အထား မပြနိုင်ပါဘူး။ ဒါကြောင့် ဆရာတော်ဘုရားဆီ ရောက်လာတာပါဘုရား"

"မင်းတို့နှစ်ယောက်က မှဝံကြွယ်အကြောင်းပြောတဲ့ မြေအိုးလို ဖြစ်နေပြီ"

"ရှင်းလင်း ဟောကြားတော်မူပါဦးဘုရား"

လူငယ်ဒကာနှစ်ဦးက တောင်းပန်လျှောက်ထားသည်။ ဆရာတော်လည်း ကျမ်းစာကို အသာချရင်း မြေအိုးပုံပြင်ကို စပြောသည်။

"ရှေးက ရွာတစ်ရွာမှာ မြေအိုးနှစ်ယောက် ရှိတယ်။ နွေညတစ်ညမှာ မြေအိုးနှစ်ဦးသား အပန်းဖြေရင်း၊ စကားစမြည်ပြောရင်း အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ လဲလျောင်းနေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်နှစ်ဦးလည်း စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ရာသီဥတုက သာယာသည်။

မိုးကောင်းကင်တွင် တိမ်ကင်းစင်နေသည်။ မိုတ်တုတ်မိုတ်တုတ်ကြယ်ကလေးများ လင်းလက်လျက် ရွှန်းပသာယာနေသည်။

"အဘိုး"

"ဘာလဲ ငါ့မြေး"

"ရူဝံကြယ်ဆိုတာ ဘယ်ဟာလဲအဘိုး"

"ငါ့မြေးကလဲ အ, ရန်ကော၊ ရူဝံကြယ်တောင် မသိဘူးလား။ ဟောဟို တောင်ဘက်က လင်းလက်နေတာ ရူဝံကြယ်ပေါ့ ငါ့မြေးရဲ့"

"ကျွန်တော် ကြားဖူးတာနဲ့ လွဲနေပြီအဘိုး"

"ငါ့မြေးက ဘယ်လို ကြားဖူးထားလို့လဲ"

စင်စစ်အဘိုးဖြစ်သူမှာ ရူဝံကြယ်ကို ဂနစွာ သိသူမဟုတ်။ မသိကြောင်းကိုလည်း ဝန်မခံချင်၊ ထို့ကြောင့် ပေါ့ဆစွာ ဖြေလိုက်ခြင်း ဖြစ်သည်။ ယခု မြေးက အစွန့်တက်လာသောအခါ အခက်တွေ့စ ပြုသည်။

"မြောက်မှာ ရူဝံ၊ တောင်မှာ တံငါကွန်လို့ ကြားဖူးထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြေးက မှတ်သားဖူးသည့်ကို ရွတ်ပြသည်။

အဘိုးဖြစ်သူမှာ မှားလေပြီ။ နှုတ်ကလည်း ကျုံ့မိချေပြီ။ ပြောမိမှတော့ မထူးတော့ပြီ။

"ဩော်–အဲဒါလား။ ငါ့မြေးက သေသေချာချာ မှတ်သို့လိုပါ။ မြောက်မှာ ဓမ္မစံဆိုတာ အရင်ကတော့ ဟုတ်တယ် ငါ့မြေးရဲ့။ ခုတော့ တောင်ဘက်ကို ပြောင်းသွားပြီ။ ပြောင်းသွားတာတောင် မကြာလှသေးဘူး။ လေးငါးရက်ပဲ ရှိသေးတယ်"

အဘိုးဖြစ်သူက ခပ်တည်တည်နှင့် ပြောကော့သည်။

"တောင်ဘက်ကို ပြောင်းသွားတယ် ဟုတ်လား အဘိုး"

"ရှူး တိုးတိုး ငါ့မြေး။ သူများတွေ ကြားသွားမယ်။ ဓမ္မစံကြီးယ်တောင်ဘက်ကို ပြောင်းသွားတာ ဘယ်သူမှ မသိသေးဘူး။ အဘိုးတစ်ယောက်တည်း သိသေးတာ"

အဘိုးဖြစ်သူက ခပ်တည်တည်နှင့် ဖြီးသည်။

"ဒီလိုပဲ ဒကာတို့၊ မင်းတို့ ပြောတဲ့ မြင်းမိုရ်တောင်ဟာ အခေါင်းကြီးလား၊ အပိတ်ကြီးလားဆိုတာ ဘယ်သူမှ သေသေချာချာ မသိဘူး။ ဒါပေမယ့် တောင်ဆိုတာ အခေါင်းကြီးရယ်လို့တော့ ရှိရိုးထုံးစံမရှိဘူး ဒကာတို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်သူမှ မသိသေးတာ၊ ခုနက အဘိုး ဖြစ်သူပြောသလိုပဲ၊ သူများတွေ ကြားသွားမယ်...လို့ပဲ အဖြေ ပေးပါရစေ"

ဗန်းမော်ဆရာတော်ဘုရားကြီး၏ ပမာတင်စား ပုံပြင်စကားဂဘား ရှင်းလင်းလှပါသည်။

လူငယ်နှစ်ဦးလည်း ကြည်နူးရွှင်ပျော်သွားကြသည်။ ဆရာတော်အား ကောင်းစွာ ကန်တော့၍ ပြန်သွားကြလေ သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄၄။ တောထွက်မောင်ဘဲ

ဗန်းမော်ဆရာတော်ဘုရားကြီး စစ်ကိုင်းတောရ၌ သီတင်းသုံးတော်မူသည်။ ဆရာတော်၏ ကျောင်းတွင် အသက်ကြီးမှ ရဟန်းပြုသော ဦးပဉ္စင်းကြီးတစ်ပါး ရှိသည်။ လူအမည် မောင်ဘဲ ဖြစ်သည်။ ဦးပဉ္စင်းဦးဘဲဟုပင် ခေါ်ကြသည်။

နံနက်ဘုရားဝတ်တက်တိုင်း ဦးပဉ္စင်းဦးဘဲက ဆယ်ပါးသီလ ပေးရသည်။ ဦးဘဲသည် အက္ခရာ၊ ပုဒ်ပါဠိ ကျွန်အောင် နားမလည်ချေ။ ထို့ကြောင့်...

"တိသရဏဂမနသီလံ ပရိပုဏ္ဏံ" ဟု ရွတ်ဆိုရမည်ကို "တိသယဏ ဂမနသီလပယိပုဏ္ဏံ" ဟု ရွတ်ဆိုလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ (ယ)ငယ်နှင့် (ရ)ကြီး အသံထွက်ချင်း မတူပုံကို သတိမထားချေ။

"အက္ခရာမှန်မှ ပုဒ်မှန်တယ်။ ပုဒ်မှန်မှ အနက်မှန်တယ်။ အနက်မှန်မှ အဓိပ္ပာယ်မှန်တယ်။ အဓိပ္ပာယ်မှန်မှ အကျင့်မှန်တယ်။ အကျင့်မှန်မှ နိဗ္ဗာန်သို့ ရောက်နိုင်တယ်"

ဆရာတော်ဘုရားက ခေါ်ယူဆုံးမသည်။ ပဲ့ပြင်သင်ကြားပေးသည်။

မြတ်စွာဘုရားလက်ထက်က ကြီးမှ ရဟန်းပြုသော တောထွက်ကြီးတစ်ပါးအကြောင်းလည်း ပုံဆောင်၍ မိန့်သည်။

မြတ်စွာဘုရားလက်ထက်က တောထွက်ရဟန်းကြီးတစ်ပါးသည် မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းတောင်းသည်။

မြတ်စွာဘုရားက ဖြစ်ခြင်း ပျက်ခြင်းကို ပြတတ်သော (ဥဒယဗ္ဗယ)ကမ္မဋ္ဌာန်းကို ပေးသည်။

ထိုဦးပဉ္စင်းကြီးသည် ဟိမဝန္တာအနဝတတ်အိုင်အနီး အင်ကြင်းပင်ကြီးအရင်းတွင် ထိုင်လျက် ရေဘက်သို့ မျက်နှာမူကာ ဥဒယဗ္ဗယကမ္မဋ္ဌာန်းကို ရွတ်သည်။ ထိုစဉ် ရေခွေးကျက်စားသော ဗျိုင်းကို မြင်သည်။ ဤတွင် ထိုဦးပဉ္စင်းကြီးလည်း (ဥဒယဗက)ဟူ၍ ရွတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အကျွန်ရာမှားသည့်ကိုသိ၍ မြတ်စွာဘုရားက ခေါ်ယူဆုံးမဖူးကြောင်း မိန့်တော်မူလေသည်။

ဆရာတော်က နည်းပြဆုံးမသော်လည်း ဦးသွဲမှာ မှားလေ့သာ ရှိလေသည်။ ထို့ကြောင့် ဆရာတော်က စာချိုး ရလေတော့သည်။

"တီသရဏံ၊ သယံပို့ သကာဆို၊
နံ့ဂိုက ဟုတ်ပါမဲ။
မနက်ထ တကြော်ကြော်နှင့်၊
ကျောင်းပေါ်မှာ အခံခက်တယ်၊
တောထွက်မောင်ဘဲ"

ဇနီးမော်ဆရာတော်ကား ကေနိပင် စာချိုးအကျော် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးစကား

ဗန်းမော်ဆရာတော်ကား ထူးသည်။ ထက်သည်။ စာချီးအလွန်တော်သော ပုဂ္ဂိုလ်ထူးဖြစ်ပါသည်။

ကျစ်းဂန်နှံ့စပ် သိမြင်ကျွမ်းကျင်သည်နှင့်အမျှ စကားကို လိုရင်းကိုပြောတတ် ဟောတတ်ပါသည်။ ဤစာအုပ်ပါ ပုံပြင်သာဓကအချီးတို့ကို မြီးစမ်းကြည့်ကာမျှနှင့်ပင် ဆရာတော်ဘုရားကြီး၏ လောကုတ် လောကီနှစ်လီ သိမြင်ပုံကို ထင်ရှားစေပါသည်။

အမှန်ကိုဖော်ထုတ်၊ အဟုတ်ကို ရေးသားပြောဆိုတတ်တော်မူသော ဆရာတော်ဘုရားကြီးအား ဤစာအုပ်ငယ်ဖြင့် ပူဇော်ပါသည်။

ဤစာအုပ်ကိုဖတ်ပြီး ဇာတ်စုံဟစ်ရသော ကြည်နူးနှစ်သိမ့်မှု၊ ဘဝသင်ခန်းစာ၊ လောကအသိအမြင်ကို စိုးစဉ်းမျှရသည်ဟုဆိုလျှင်ပင် ရေးသားပူဇော်ရကျိုးနပ်ပါပြီ။

မေတ္တာမွန်ဖြင့်

**နေဘုန်းဖေ**

www.burmeseclassic.com